# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်　၂၀၂၂ ခုနှစ်၊ မေ ၂၈ ရက်၊ သောကြာနေ့　အတွဲ (၆၀)၊ အမှတ် (၂၃၇)


# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးတက်ရောက် အမှာစကားပြောကြား

## မိုးရာသီကျရောက်လာပြီဖြစ်သည့်အတွက် ကြိုတင်လေ့လာပြင်ဆင်ထားသင့်သည်များကို ကြိုတင်ပြင်ဆင်လေ့လာထားရန်လို

နေပြည်တော် မေ ၂၇

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ (၁/၂၀၂၂) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စု ဝန်ကြီးများ၊


*စာမျက်နှာ ၃ ကော်လံ ၁* ❄





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၂၂) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

- မြန်မာနိုင်ငံ၏ ရေ၊ မြေ သဘာဝအနေအထားအရ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ၁၀ နှစ်တာကာလအတွင်း ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များမှ ၂၃ ရာခိုင်နှုန်းမှာ မီးဘေးကြောင့် ဖြစ်ပွားခဲ့ပြီး ၁၁ ရာခိုင်နှုန်းမှာ ရေလွှမ်းမိုးခြင်း၊ ၁၂ ရာခိုင်နှုန်းမှာ လေပြင်းမုန်တိုင်း ကျရောက်မှုကြောင့်ဖြစ်ပြီး ၄ ရာခိုင်နှုန်းမှာ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီနှင့် မြေပြိုခြင်းများကြောင့်ဖြစ်သည်ကို တွေ့ရ

**ယုံကြည်ချက်အတွက် တောခိုရင်း လူမသိသူမသိ အသက်ပေးလိုက်ရသူ လူငယ်များ၏ အတိတ်သမိုင်း သို့မဟုတ် ပါဂျောင်ငရဲခန်း**


စာ ၆





**ကဗျာ ပန်းတွေ လန်းစေချင်**


စာ ၁၀


**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး**


စာ ၁၅၊ ၁၆

# တက်ညီလက်ညီ ဟန်ချက်ညီ

အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်းတစ်ခု အိန္ဒိယနိုင်ငံအရှေ့ပိုင်းကမ်းရိုးတန်းပြည်နယ်များသို့ ဝင်ရောက်တိုက်ခတ်သွားခဲ့ရာ ငါးဦးသေဆုံးသွားခဲ့သည်။ လူပေါင်းသန်းနှင့်ချီ၍ ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းထားခဲ့သည့်အတွက် တစ်နာရီလျှင် ကီလိုမီတာ ၁၃၀-၁၄၀ ခန့်အထိ လေတိုက်နှုန်းမြင့်မားခဲ့ပြီး မုန်တိုင်းဒီရေများ ဝင်ရောက်ခဲ့သော်လည်း အသေအပျောက်နည်းခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်။ အိန္ဒိယနိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်းဒေသတွင် ဆယ်စုနှစ်များအတွင်း အပြင်းထန်ဆုံးဟုဆိုသည့် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၁၂၀ ထက်မနည်း သေဆုံးခဲ့ရပြီး ရက်သတ္တတစ်ပတ်ကျော်ခန့်ကာလတွင် အိန္ဒိယအရှေ့ဘက်ကမ်းရိုးတန်းတွင် မုန်တိုင်းအန္တရာယ်နှင့် ကြုံကြရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ နောက်ထပ် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်လည်း စံချိန်တင်မိုးရွာသွန်းမှုများကြောင့် မြစ်ရေမျက်နှာပြင်များ စိုးရိမ်ရေမှတ်အထက်သို့ မြင့်တက်နေပြီး ရေကြီးရေလျှံမည့် သဘာဝဘေးအန္တရာယ်ကျရောက်လာနိုင်ကြောင်း ခန့်မှန်းထားသည်ကိုလည်း သတင်း၌တွေ့ရသည်။

မိမိတို့နိုင်ငံတွင်လည်း မုတ်သုံလေ စတင်ဝင်ရောက်လာခြင်းနှင့်အတူ မိုးဦးရာသီရောက်ရှိလာပြီဖြစ်ရာ မုန်တိုင်း၊ မိုးသက်လေပြင်း၊ ရေကြီးရေလျှံ၊ မိုးကြိုးလျှပ်စီး အစရှိသည့် သဘာဝဘေးအန္တရာယ်များကို သတိပြုကြရတော့မည်ဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့်အတူ မိုးလေဝသဖြစ်စဉ်များကလည်း ပို၍ပြင်းထန်၊ ပို၍အကြိမ်ရေများလာသည်တို့ကို လွန်ခဲ့သည့်နှစ်အနည်းငယ်တို့တွင် မိမိတို့ကြုံတွေ့ခဲ့ကြရပြီးဖြစ်သည်။ နှစ်စဉ်ကျရောက်တတ်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက “မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်လေ့ရှိပြီး နှစ်စဉ်သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဘီလီယံနှင့်ချီရှိကြောင်း၊ လက်ရှိရာသီဥတုအခြေအနေအရ မုန်တိုင်းနှင့်မိုးသက်လေပြင်းများ ကျရောက်လာမည့် အနေအထားများ ရှိနေကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာအလိုက် မိမိတို့ဌာနအဆောက်အဦများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် ဒေသအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားကြရန်လိုကြောင်း၊ မကြာမီ မိုးတွင်းကာလရောက်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာမြို့နယ်များအလိုက် တံတားများနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများစွာ ကျခံသုံးစွဲနေရကြောင်း၊ ထို့အတူ လူ၏ပေါ့ဆမှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက်လည်း ကြိုတင်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း” မေလ ၂၀ ရက်နေ့က ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နှစ်စဉ်မုတ်သုံရာသီတွင် ဖြစ်ပွားလေ့ရှိသည့် မုန်တိုင်း၊ မုန်တိုင်းဒီရေ၊ ရေကြီးရေလျှံမှု၊ မြေပြိုမှု၊ ရုတ်တရက်ရေကြီးမှုစသည့် သဘာဝဘေးအန္တရာယ်များမှာ ဒေသအလိုက် တွေ့ကြုံခံစားကြရသည့် အတွေ့အကြုံများရှိပြီးဖြစ်သည့်အပြင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးများကို ကြိုတင်မျှော်တွေးပြင်ဆင်မှုများ ပြုလုပ်ထားကြရန် လိုအပ်သည်။ ကြိုတင်ကာကွယ်ပြင်ဆင်မှုများ ကောင်းမွန်သည်နှင့်အမျှ သဘာဝဘေးအန္တရာယ်ကျရောက်လာချိန်တွင် ထိခိုက်ခံစားရမှုနှင့် ပျက်စီးဆုံးရှုံးမှုတို့ အနည်းဆုံးသောအခြေအနေကို ရရှိနိုင်ကြမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်ကျရောက်ပြီးချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရစမြဲဖြစ်ရာ ယင်းလုပ်ငန်းများလုပ်ဆောင်ရာတွင် သက်ဆိုင်ရာ ဌာနများ၊ တပ်မတော်နှင့်ပြည်သူတို့ တက်ညီလက်ညီ၊ ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အန္တရာယ်မှန်သမျှတို့ကို ထိခိုက်မှု အနည်းဆုံးဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း။ ॥

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသက်ဆွေ | ဦးဆောင်ညွှန်ကြားရေးမှူး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) | ဦးအောင်ကျော်စိုး | ညွှန်ကြားရေးမှူးချုပ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ တင်တင်ထွေး ဒုတိယပါမောက္ခချုပ် ရန်ကုန်စီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် ရန်ကုန်စီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ သီတာကြူ ဒုတိယပါမောက္ခချုပ် မိတ္ထီလာစီးပွားရေး တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် မုံရွာစီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |

## (၂၂) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

နေပြည်တော် မေ ၂၇

**(၂၂) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး (22nd ASEAN Sub-Committee Meeting on Information, 22nd SCI Meeting) ကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် Video Conferencing စနစ်ဖြင့်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။** (အောက်ပုံ)



အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ တာဝန်ရှိသူများ၊ အာဆီယံပြန်ကြားရေး ဆပ်ကော်မတီ (SCI) အလှည့်ကျသဘာပတိဖြစ်သည့် အိမ်ရှင်ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအတွက် အာဆီယံယဉ်ကျေးမှုရန်ပုံငွေ ဘတ်ဂျက်လျာထားခြင်း၊ ပြန်ကြားရေးကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအား ဆွေးနွေးညှိနှိုင်းခြင်း၊ စီမံကိန်းအသစ် ဆောင်ရွက်လိုသည့်နိုင်ငံများက အဆိုပြုစီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ နောက်တစ်ကြိမ် SCI Meeting အလှည့်ကျကျင်းပမည့်နိုင်ငံ ရွေးချယ်အတည်ပြုခြင်းတို့အား အဓိကထား၍ ဆွေးနွေးကြသည်။

အာဆီယံပြန်ကြားရေး ဆပ်ကော်မတီ အစည်းအဝေးအား အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေး၊ အာဆီယံစီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ကြရေးတို့အတွက် အဓိကရည်ရွယ် ကျင်းပခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ကြသည်။

ယနေ့ အစည်းအဝေးတွင် ၂၀၂၂ ခုနှစ်၌ ကျင်းပမည့် 10th ASEAN Quiz (National Level) နိုင်ငံအဆင့် ပြိုင်ပွဲနှင့် 10th ASEAN Quiz (Regional Level) ဒေသတွင်းနိုင်ငံများအဆင့်တို့ကို မြန်မာနိုင်ငံက တာဝန်ယူပြီး ဦးဆောင်ကျင်းပနိုင်ရန်အတွက် စီမံကိန်းအဆိုပြုချက်ကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

(၂၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေးကို ၂၀၂၂ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၇**

အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော် ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ပြည့်ဝစွာရရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဘီလီယံနှင့်ချီရှိ

မိမိတို့နိုင်ငံတွင်သဘာဝဘေးအန္တရာယ်များ မကြာခဏ ကျရောက်လေ့ရှိပြီး နှစ်စဉ်သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဘီလီယံနှင့်ချီရှိကြောင်း၊ လက်ရှိ ရာသီဥတုအခြေအနေအရ မုန်တိုင်းနှင့် မိုးသက်လေပြင်းများ ကျရောက်မည့် အနေအထားများ ရှိနေကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာအလိုက် မိမိတို့ဌာနအဆောက်အဦများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးနှင့် ဒေသအလိုက်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားကြရန်လိုကြောင်း၊ မကြာမီ မိုးတွင်းကာလရောက်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာမြို့နယ်များအလိုက် တံတားများနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မြို့အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ များစွာကျခံသုံးစွဲနေရကြောင်း၊ ထိုအတူ လူ၏ပေါ့ဆမှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက်လည်း ကြိုတင်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❈ *ရှေ့ဖုံးမှ*

ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း၊ ရေ၊ လေ) တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### နှစ်စဉ် ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်လျက်ရှိ

အစည်းအဝေးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၁)ဖြင့် ပြန်လည်ဖွဲ့စည်းပြီး အဖွဲ့ဝင် ၄၃ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များမှာ နှစ်စဉ်ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ယင်းမှာ ကမ္ဘာကြီးပူနွေးလာပြီး သစ်ပင်၊ သစ်တောများ အလွန်အကျွံခုတ်ယူခြင်း၊ တောများ ပြုန်းတီးလာခြင်း၊ သဘာဝသစ်ပင်၊ သစ်တောများ တောမီးလောင်ခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားတတ်သည့် ထိခိုက်မှုများ ဖြစ်ပွားလာသည်ကို တွေ့ရပါကြောင်း။

သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု အခြေအနေများကို လေ့လာကြည့်ရာတွင် Centre for Research on the Epidemiology of Disasters (CRED)၏ အစီရင်ခံစာများအရ လူဦးရေ ၁၀ ဦးအထက် သေဆုံး၊ လူဦးရေ ၁၀၀ အထက်ဘေးသင့် (သို့မဟုတ်) နိုင်ငံတော်အဆင့် သဘာဝဘေးကျရောက်သောဒေသဖြစ်ကြောင်း ကြေညာသည့်ဘေး၊ နိုင်ငံတကာ အကူအညီရယူသည့်ဘေးစသည့် သတ်မှတ်ချက် လေးခုအနက် အနည်းဆုံး တစ်ခုနှင့် ကိုက်ညီသည့် ဘေးများကို မှတ်တမ်းတင်ထားရာ ကမ္ဘာတွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၁၀ နှစ်တာ ကာလအတွင်း နှစ်စဉ်ဘေးဖြစ်ပွားမှုအကြိမ် ၃၀၀ ကျော် ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ သေဆုံးသူအနေဖြင့် ပျမ်းမျှ တစ်နှစ်လျှင် ၁၅၀၀၀ ခန့်ရှိပြီး ဘေးသင့်လူဦးရေမှာ တစ်နှစ်လျှင် ပျမ်းမျှ ၁၆၄ သန်းကျော်ခန့်ရှိနေသည်ကို မှတ်တမ်းများအရ သိရှိပါကြောင်း၊ ဆုံးရှုံးမှုအနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာဘီလီယံ ၁၇၀ ကျော်ခန့် ဆုံးရှုံးမှုရှိနေသည်ကို တွေ့ရပါကြောင်း။

မြန်မာနိုင်ငံ၏ ရေ၊ မြေ သဘာဝအနေအထားအရ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ၁၀ နှစ်တာ ကာလအတွင်း ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များမှ ၂၃ ရာခိုင်နှုန်းမှာ မီးဘေးကြောင့် ဖြစ်ပွားခဲ့ပြီး ၁၁ ရာခိုင်နှုန်းမှာ ရေလွှမ်းမိုးခြင်း၊ ၁၂ ရာခိုင်နှုန်းမှာ လေပြင်းမုန်တိုင်း ကျရောက်မှုကြောင့်ဖြစ်ပြီး ၄ ရာခိုင်နှုန်းမှာ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီနှင့် မြေပြိုခြင်းများကြောင့် ဖြစ်သည်ကို တွေ့ရကြောင်း၊ ထို့ပြင် နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ကျရောက်မှုများကို ဆန်းစစ်ရာတွင် အမျိုးအစား ၉ မျိုးရှိသည်ကို တွေ့ရကြောင်း၊ ယင်းတို့မှာ မုန်တိုင်း၊ ဒီရေလှိုင်း၊ ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ မြေငလျင်၊ ဆူနာမီ၊ မိုးခေါင်ခြင်း၊ မီးဘေးအန္တရာယ်နှင့် တောမီးအန္တရာယ်တို့ကြောင့် ဖြစ်သည်ကို တွေ့ရပါကြောင်း။

> **❑ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ကာကွယ်ရန်မှာ နိုင်ငံအဆင့်ဖြစ်သည့်အတွက် နိုင်ငံသူ/သားများ၏ လူမှုစီးပွားဘဝပျက်စီးစေမည့် သဘာဝဘေးအန္တရာယ်များကို ကျော်လွှားရန်ဆိုလျှင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်များကို လက်တွေ့အသုံးချနိုင်ရန် လိုအပ်**

### အတတ်နိုင်ဆုံး ကျော်လွှား

ယင်းနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အနေဖြင့် ဖြေရှင်းရန်မှာ အပိုင်း ၃ ပိုင်းရှိပါကြောင်း၊ ပထမပိုင်းမှာ ကြိုတင်ပြင်ဆင်ခြင်း၊ ဒုတိယပိုင်းမှာ ချက်ချင်းကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တတိယပိုင်းမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ ဖြစ်ပါကြောင်း၊ ထို့အပြင် ကာကွယ်တားဆီးခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း စသည့် အရေးကြီးသည့် အပိုင်းတို့ကိုလည်း တွဲဖက်လုပ်ကိုင်သွားရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ် အမျိုးအစားများမှာ သဘာဝကြောင့်ဖြစ်သည့် ဘေးအန္တရာယ်၊ လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်၊ မူဝါဒ၊ ဥပဒေတို့ကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်တို့ဖြစ်ပြီး ယင်းတို့ကို ရှောင်လွှဲ၍ မရပါကြောင်း၊ ၎င်းတို့ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကျော်လွှားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မုတ်သုံဝင်ရောက်လာပြီ ဖြစ်သည့်အတွက် မုန်တိုင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းမရှိနိုင်ဟု ပြော၍ မရကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ဦးစွာဖြေရှင်းရမည်မှာ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့များ ပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများက ဦးဆောင်ကာ ချက်ချင်းဖြေရှင်းဆောင်ရွက်ရန် လိုအပ်သည်များကို ချက်ချင်းဖြေရှင်းရမည်ဖြစ်ကြောင်း၊ ယင်းသို့ဖြေရှင်းနိုင်ရန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ၂၀၀၉ ခုနှစ်ထုတ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတည်မြဲအမိန့်ပါ အချက်အလက်များ၊ ဝန်ကြီးဌာနအလိုက် လုပ်ဆောင်ပေးရမည့် အစီအမံများ၊ အထောက်အထားများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဖြန့်ဝေထားပြီးဖြစ်၍ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး သတိပေးလိုပါကြောင်း။

### ပြင်ဆင်ထား

ထို့ပြင် သက်ဆိုင်ရာဒေသများရှိ ပြည်သူများမှာ သဘာဝဘေးအန္တရာယ်များကြောင့် မဆုံးရှုံးသင့်သည်များ ဆုံးရှုံးသွားနိုင်ပါကြောင်း၊ သို့ဖြစ်၍ မိုးရာသီကျရောက်လာပြီ ဖြစ်သည့်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် ကြိုတင်လေ့လာ ပြင်ဆင်ထားသင့်သည်များကို ကြိုတင်ပြင်ဆင် လေ့လာထားရန် လိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း ၂၀၁၆ ခုနှစ်ကပင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက နိုင်ငံတော်အစိုးရအား ကူညီပံ့ပိုးရန် ကူညီကယ်ဆယ်ရေး အဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ယင်းစီမံချက်အတိုင်း ဖွဲ့စည်းမှု၊ လေ့ကျင့်မှုနှင့် ကယ်ဆယ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရန် ပြင်ဆင်ထားပါကြောင်း။

မိမိတို့တွင် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ အတွေ့အကြုံများစွာ ရှိပြီးဖြစ်ကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများ အနေဖြင့် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းနှင့် ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ ရေကြီးရေလျှံမှုများ၊ မုန်တိုင်းတိုက်ခိုက်မှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် အချိန်တွင် တစ်နေရာ သို့မဟုတ် တစ်နေရာတွင် ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံကာ ထုတ်ပြန်ထားသည့် လက်စွဲစာစောင်များ၊ ၂၀၁၃ ခုနှစ် စီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၅ ခုနှစ် စီမံခန့်ခွဲမှု နည်းဥပဒေများအား အသေးစိတ်လေ့လာကာ ဘေးအန္တရာယ် ကျရောက်ပါက မည်သို့ဆောင်ရွက်ရမည်ကို တာဝန်ရှိသူများက မှတ်သားကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးဆောင်ရွက်ရာတွင် အသက်ရှင် ကျန်ရစ်သူတိုင်း ရှင်သန်ရပ်တည်နိုင်ရမည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့ နိုင်ငံတော် အစိုးရ၊ ဝန်ကြီးဌာနများနှင့် တပ်မတော်တို့ စုပေါင်းအားဖြင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ စုပေါင်းညီညာ အောင်ကြောင်းဖြာဆိုသည့်စကား အတိုင်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်တို့က သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းကော်မတီများမှ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လျှော့ချရေး၊ တုံ့ပြန်ရေး၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ တည်ဆောက်ရေးလုပ်ငန်းများအချိန်မီပြီးစီးမှု၊ ရန်ပုံငွေခွဲဝေထားရှိမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီပြင်ဆင်ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ ရရှိ၊ သုံးစွဲ၊ လက်ကျန်စာရင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကော်မတီ၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက တပ်မတော်အနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုအပိုင်းနှင့် ပြည်သူလူထုသိရှိရေးအတွက် ဆောင်ရွက်သွားသင့်သည့် အချက်များ၊ ရှာဖွေကယ်ဆယ်ရေးအတွက် လိုအပ်သည့် ပစ္စည်းများ ဖြည့်တင်းထားရှိရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အဆောက်အအုံများ

*စာမျက်နှာ ၅ သို့*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း 31th Sea Games အကြို ဂျူဒိုနှင့် မြားပစ်အားကစားနည်းများ လက်ရည်ဆန်းစစ်ပြိုင်ပွဲများ ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၇**

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နေပြည်တော်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသော ဂျူဒိုနှင့် မြားပစ် အားကစားနည်းတို့၏ အကြို ဆန်းစစ်ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီမှစ၍ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံအသီးသီး၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းတို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်အတူ နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပလျက်ရှိသော ဂျူဒိုဆန်းစစ်ပြိုင်ပွဲကျင်းပနေမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။ အဆိုပါပြိုင်ပွဲတွင် ဂျူဒိုအသင်းလိုက် Mix Team ပြိုင်ပွဲများ ကျင်းပခဲ့ကြသည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိ မြားပစ် အားကစားကွင်းတွင် ကျင်းပလျက်ရှိသည့် လက်ရည်ဆန်းစစ် မြားပစ်ပြိုင်ပွဲတွင် Compound Ranking Round နှင့် Recurve Ranking Round ပြိုင်ပွဲများ ကျင်းပနေမှုကို ကြည့်ရှုအားပေးသည်။

### ငွေသားဆုများကို ချီးမြှင့်

မွန်းလွဲပိုင်းတွင် ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့်အတူ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး **(အပေါ်ပုံ)** ပထမဆုရရှိသော Gold Camp (A) အသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် Jeng Phang နော်တောင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းက ဂျူဒိုကီဝတ်စုံများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် က ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရ အမျိုးသားနှင့် အမျိုးသမီးတို့ကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲတက်ရောက်

**နေပြည်တော် မေ ၂၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မေ ၂၆ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး (ရန်ကုန်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဆေးရုံအစည်းအဝေးခန်းမ၌ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာ ယုယုတင်က ရန်ကုန်အလုပ်သမား ဆေးရုံကြီး၏ ဝန်ထမ်းအင်အားအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုရေးအာမခံစနစ်ဖြင့် အလုပ်သမားများအား ဆေးဝါးကုသဆောင်ရွက်ပေးမှုနှင့် အလုပ်သမားဆိုင်ရာ အကျိုးခံစားခွင့်များ ခွင့်ပြုဆောင်ရွက်ပေးနေမှု၊ လူမှုဖူလုံရေးအဖွဲ့လက်အောက်ရှိ အလုပ်သမားဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းအင်အားနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အလုပ်သမားဆေးရုံကြီးအတွင်း နား၊ နှာခေါင်း၊ လည်ချောင်း ပြင်ပလူနာဌာန၌ လာရောက်ပြသသည့် ပြင်ပလူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ ဆေးဝါးကုသပေးနေမှုများကို လည်းကောင်း၊ စောင့်ကြည့်လူနာဌာနနှင့် ပြင်ပလူနာဌာနတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံတားမြို့နယ်ရှိ လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာဆိုင်ရာ ရုံးများ ဖွင့်လှစ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား နှုတ်ဆက်အားပေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရွှေပြည်သာမြို့နယ်၊ မြို့နယ်ခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက တိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်အောင်မြင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော အိမ်ထောင်စုလူဦးရေ စာရင်း ၁၅၅ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၅ ကတ်တို့ကို ကာယကံရှင် ပြည်သူများနှင့် ရပ်ကွက် ကိုယ်စားလှယ်များထံ ပေးအပ်ကြသည်။ **(ဝဲပုံ)**




အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုပ်သမားရေးရာ ဆိုင်ရာနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် ဦးစီးမှူးများနှင့် အဆိုပါဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

*စာမျက်နှာ ၃ မှ*

အမြန်ဆုံးပြီးစီးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားများ ပူးပေါင်းပါဝင်လာရေးနှင့် တိုင်းရင်းသား ဒေသများတွင် ဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်သွားရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် နယ်စပ်ဒေသများမှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းများအား စာရင်းကောက်ယူ အတည်ပြုနိုင်ရေး ဆောင်ရွက်ထားရှိမှုများ၊ အသိပညာပေးရေးနှင့် သတင်းထုတ်ပြန်ရေး လုပ်ငန်းအခြေအနေ၊ သဘာဝဘေးအန္တရာယ် အရေးပေါ်ရန်ပုံငွေအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေထားရှိမှု၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီရရှိရေးနှင့် နိုင်ငံတကာ၊ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် သစ်တောစိုက်ခင်းများ စိုက်ပျိုးထားရှိမှု အခြေအနေများ၊ လျှပ်စစ်ထုတ်ယူနေသည့် ဒေသများရှိစက်ရုံများ ပတ်ဝန်းကျင်၌ နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်အတွက် လူမှုဖူလုံရေး နစ်နာကြေးများ ထုတ်ပေးခဲ့မှုအခြေအနေများ၊ အရန်ဆန်သိုလှောင်ထားရှိမှု၊ ဆေးနှင့် ဆေးပစ္စည်းများ စုဆောင်းထားရှိမှုနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဖွဲ့စည်းထားသည့် ကော်မတီများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း၊ ရေ၊ လေ) တို့က သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လျော့ပါးရေးနှင့် တုံ့ပြန်ရေးလုပ်ငန်း၊ ကယ်ဆယ်ရေးလုပ်ငန်းများနေရာမရွေး၊ ဒေသမရွေး ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိမှုနှင့် ရန်ပုံငွေရရှိမှုအပေါ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### အကြံပြုဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးက အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၂၁) အစည်းအဝေး ဆုံးဖြတ်ချက်များအား ရှင်းလင်းတင်ပြပြီး ကော်မတီ၏ အတည်ပြုချက်ရယူသည်။

### စည်းရုံးဆောင်ရွက်

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် ယခုတင်ပြချက်များနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ကြည့်ပါက သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ကာကွယ်ရန်မှာ နိုင်ငံအဆင့်ဖြစ်သည့်အတွက် နိုင်ငံသူ/သားများ၏ လူမှုစီးပွားဘဝပျက်စီးစေမည့် သဘာဝဘေးအန္တရာယ်များကို ကျော်လွှားရန်ဆိုလျှင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်များကို လက်တွေ့ အသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုကော်မတီတွင် အဖွဲ့ဝင် ၄၃ ဦးရှိသည့်အတွက် စီမံချက်နှင့် လက်တွေ့ဆောင်ရွက်ရာတွင် ကွဲလွဲမှုမဖြစ်စေရန် သတိထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြီးပြည့်စုံသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်စေရန် စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီမံချက်အပေါ်တွင်လည်း လက်တွေ့ဆောင်ရွက်ကြရမည့် ဌာနဆိုင်ရာများ၊ စစ်ဘက်၊ နယ်ဘက်များမှ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ စီမံချက်ပါအတိုင်း ဆောင်ရွက်နိုင်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုများကို ပြည်သူများ ပါဝင်လာစေသည်အထိ စည်းရုံးဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ သို့မှသာ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာကောင်စီများ၊ တပ်မတော်နှင့် သက်ဆိုင်ရာပြည်သူတစ်ရပ်လုံးက စည်းစည်းလုံးလုံးဖြင့် တစ်ပြိုင်တည်း ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်မှာ တစ်ချိန်တည်း၊ တစ်ခါတည်း ဖြစ်မည်ဟု ပြော၍မရပါကြောင်း၊ ယင်းကို ကျော်လွှားရန် သက်ဆိုင်ရာဌာနအလိုက် ပြီးပြည့်စုံသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်စေရန် စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အဓိကကျသည့် ဝန်ကြီးဌာနများအနေဖြင့် အချက်အလက်များကို ပြီးပြည့်စုံရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နိုင်ငံဝန်ထမ်းများအတွက် အဆင့်မြင့်မွမ်းမံသင်တန်းများတွင်လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်၊ တားဆီးရေးလေ့ကျင့်ခန်းများကို လေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း၊ ဘေးအန္တရာယ် ကျရောက်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အရေးပေါ် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုတက်ရောက်လာကြသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်အလိုက် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်၊ ဟဲဟိုး၊ အောင်ပန်းမြို့များ၌ ကျောင်းအပ်နှံနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲတွင် ရွှေညောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအပ်နှံနေသည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။ **(ယာပုံ)**

### ပျိုးထောင်ပေးကြ

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားကျောင်းသူများ အန္တရာယ်ကင်းရှင်း၍ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ဆောင်ရွက်နေကြသည့် ဆရာ ဆရာမများအားလုံးကို ကျေးဇူးတင် ဂုဏ်ယူပါကြောင်း၊ ဇွန် ၁ ရက် ကျောင်းဖွင့်သည်နှင့် ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်က အားထားရသည့် ပညာတတ်လူတော်လူကောင်းများ ဖြစ်အောင် စေတနာထား ပြုစုပျိုးထောင်ပေးကြစေ လိုပါကြောင်း ပြောကြားသည်။

### မွမ်းမံပေးမည်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ အန္တရာယ်ရှိ ကျောင်းဆောင်များ ဖျက်သိမ်းရန်၊ သင်ယူမှုဝန်းကျင်ကောင်းဖြစ်စေရေး အတွက် ဟောင်းနွမ်းနေသော နံရံများ၊ စာသင်ခန်းများကို ဆေးသုတ်ရန်နှင့် ပျက်စီးနေသော အဆောက်အအုံများ၊ စာသင်ခန်းများ ပြန်လည်ပြင်ဆင် မွမ်းမံပေးမည်ဖြစ်ကြောင်း မှာကြားသည်။

### ဖြည့်ဆည်းပေးနိုင်ရေး မှာကြား

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဟဲဟိုးမြို့ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၊ အောင်ပန်းမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းအပ်နှံနေမှုများ ကြည့်ရှုအားပေးကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာရေး၊



ကျောင်းဥပမိရုပ် ကောင်းမွန်ရေး၊ ကျောင်းစာကြည့်တိုက်များတွင် ကျောင်းသား ကျောင်းသူများအတွက် လိမ္မာရေးခြားရှိ၍ ဉာဏ်ပညာဗဟုသုတများ တိုးပွားစေမည့် စာအုပ်စာစောင်များ ဖြည့်ဆည်းပေးရေး၊ ကျောင်းအတွက် လိုအပ်သော ရေစင်၊ ရေသန့်စက်နှင့် ခန်းမဆောင်၊ ဝန်ထမ်းအိမ်ရာ စသည်များ ဖြည့်ဆည်းပေးနိုင်ရေး တို့ကိုမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ယုံကြည်ချက်အတွက် တောခိုရင်း လူမသိသူမသိ အသက်ပေးလိုက်ရသူ လူငယ်များ၏ အတိတ်သမိုင်း သို့မဟုတ် ပါချောင်ငရဲခန်း

*သော်တာပပလင်း*

**ယခုရက်ပိုင်းအတွင်း လူငယ်အချို့ တော်လှန်ရေးဆိုတဲ့အကြောင်းပြချက်တွေနဲ့ တောခိုဖို့ ဆုံးဖြတ်ကြတာ၊ လက်နက်ကိုင်အဖွဲ့တွေနဲ့ ပူးပေါင်းတာတွေကို မြင်တွေ့ရပါတယ်။**

**❑ “မတရားတာတွေ၊ အနိုင်အထက် ပြုကျင့်မှုတွေ၊ လွတ်လပ်မှုမရှိတာတွေ၊ အဂတိလိုက်စားမှုတွေကို ပြုပြင်ဖို့အတွက် အိပ်မက်မက်ပြီး ယုံကြည်မှုတွေ တစ်ပုံတစ်ပင်နဲ့ ဦးတည်ချက်၊ ရည်မှန်းချက်တွေ အများကြီး ထားပြီး မြို့ပြဘဝတွေကို စွန့်လွှတ်၊ မိသားစုနဲ့ ခွဲခွာပြီး ရည်မှန်းချက်တူရာ လူငယ်တွေ စုစည်းလို့ တောရိပ်တောင်ရိပ်ကို ခိုအောင်းပြီး အနေဆင်းရဲ၊ အစားဆင်းရဲနဲ့ တော်လှန်ရေးလုပ်လိုက်ကြတာ။ ဒီရောက်တော့ ဘာတွေဖြစ်ကုန်ပြီလဲ..”လို့ စာရေးသူက သူမြင်ရတဲ့ အကျဉ်းသားတွေရဲ့ ဘဝကို မေးခွန်းထုတ်ထားပါသေးတယ်**

နိုင်ငံရေးခံယူချက် အမျိုးမျိုးရှိကြတဲ့နေရာမှာ လက်နက်ကိုင်တော်လှန်မယ်ဆိုတဲ့ အမြင်ရှိလာအောင် နောက်ကွယ်ကနေ မြှောက်ပင့်ပေးသူတွေက သိမ်းသွင်းစည်းရုံးနေကြတာတွေကလည်း အွန်လိုင်းမှာ မြင်လို့မကောင်းအောင် သောသောညံ နေတာပဲ။ လူငယ်တွေရဲ့ တက်ကြွတဲ့စိတ်ဓာတ်ကလေးတွေကို အခွင့်ကောင်းယူပြီး ရှေးဟောင်းပုံသေနည်းနဲ့ လက်နက်ကိုင်တော်လှန်ဖို့ မြှောက်ပင့်ပေးတာကို ယုံကြည်ပြီး လမ်းမှားကိုမရောက်စေဖို့အတွက် မိမိတို့ပြည်သူတွေအားလုံးက ဝိုင်းဝန်းထိန်းကျောင်းပေးဖို့ မဖြစ်မနေ လိုအပ်နေချိန်ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ ၈၈ အရေးအခင်းကနေ ပေါ်ပေါက်လာတဲ့ ဆူပူဆန္ဒပြမှုတွေကနေ နောက်ဆက်တွဲအဖြစ် တောခိုသွားကြတဲ့ လူငယ်တွေနဲ့ ပတ်သက်လို့ မှတ်တမ်းတင် စာအုပ်တစ်အုပ်သဖွယ် ဖြစ်တဲ့ **“ကျွန်တော်သိသော ခေတ်သစ် ဟင်္သာ ကိုးသောင်းပုံပြင်”** ဆိုတဲ့ စာအုပ်ထဲက ဖြစ်ရပ်အချို့ကို မျက်စိထဲ မြင်ယောင်မိပါတယ်။ ပါချောင်ဖြစ်စဉ်နဲ့ ပတ်သက်လို့ ထိုအချိန်က လားရှိုးမှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲ ပုံရိပ်များကို ပြန်မြင်ယောင်မိတယ်။

## နောင်မှတရတဲ့ နောင်တများ မဖြစ်စေချင်

တောခိုမယ်ဆိုတဲ့သူတွေ သိထားဖို့လိုတာက တရားဥပဒေစိုးမိုးရေးနဲ့ တရားဥပဒေစိုးမိုးမှု မရှိခြင်း၊ လက်နက်ကိုင်နဲ့ စည်းကမ်း၊ လက်နက်ကိုင်ထားပြီး စည်းကမ်းမရှိတဲ့ တောထဲက နိုင်ရာစားလောကမှာ ဖြစ်ပေါ်လာတတ်သော ဖြစ်စဉ်ဖြစ်ရပ်များ၊ အမိန့်နာခံတတ်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ ဖွဲ၊ လုံ့လ၊ ဝီရိယ၊ တပ်မတော်သားတွေ ပြောလေ့ရှိတဲ့ စစ်တိုက်တယ်ဆိုတာ ပန်းနဲ့ပေါက်တာ မဟုတ်ဘူးဆိုတဲ့ စကား၊ နောင်မှတရတဲ့ နောင်တများ မဖြစ်စေချင်တဲ့စေတနာ စသဖြင့် ခေါင်းထဲမှာ အစီအရီ ပေါ်လာပါတယ်။

ရှေးလူကြီးတွေက ဆိုကြပါတယ်။ “သပိတ်စုံရင် သူပုန်ထသတဲ့”။ တစ်ခေတ်တစ်ခါတုန်းက ၁၉၈၈ ခုနှစ် အရေးအခင်းကြီးကာလအတွင်းမှာ လူငယ်တွေက သပိတ်မျိုးစုံ ကျင်းပခဲ့ကြတာပေါ့။ သပိတ်စုံသွားတဲ့အခါ သူပုန်တွေထတယ်ဆိုတဲ့အတိုင်း စိတ်ဓာတ်ပြင်းထန်တဲ့ လူငယ် (အဲဒီတုန်းက ဂျန်-ဇီတွေပေါ့)တွေဟာ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲကြမယ်လို့ စိတ်ပိုင်းဖြတ်ပြီး တောခိုကြပါတယ်။

သူတို့တွေရဲ့ဖြတ်သန်းမှု တော်လှန်ရေးထဲက သွေးပျက်စရာ၊ ထိတ်လန့်ကြောက်ရွံ့စရာ မမေ့နိုင်တဲ့ အတိတ်ဆိုးတွေကို ထွက်ပြေးလွတ်မြောက်အလင်းဝင်လာတဲ့နောက်ပိုင်းမှာလည်း ပြန်ပြောဆိုတာမျိုး သိပ်မရှိကြတော့ဘူး။ သူတို့ယုံကြည်တဲ့ အရာတွေကို ပြန်ပြီးမစော်ကားလိုတော့တာလား၊ ဒါမှမဟုတ် သူတို့မှာပြန်မပြောနိုင်လောက်အောင် စိတ်ဒဏ်ရာတွေ ပြည့်နှက်နေခဲ့ကြလို့လားတော့ မသိနိုင်ပါဘူး။ ဒါပေမယ့် ဆယ်စုနှစ် နှစ်စုလောက်ကို ဖြတ်သန်းပြီးချိန်မှာတော့ ကျောင်းသားအဖွဲ့တွေထဲက လူအချို့ဖော်ထုတ်ရေးသားလာတာကို တွေ့ရသလို ကိုယ်တိုင်ရောက်သွားပြီး ကြားသိခံစားခဲ့ရတဲ့ မိသားစုဝင်တစ်ယောက်ရဲ့ ABSDF (NB) ကျောင်းသားစခန်း(ဗဟို) ပါချောင် အကြောင်းကို ရေးသားတဲ့ ယခုစာအုပ်ကို စာအုပ်စင်ကနေ သတိတရ ဒုတိယအကြိမ် ပြန်လည်ဖတ်ရှုမိခဲ့ပါတယ်။

စာရေးသူ မောင်မောင် (ရွှေကရဝိက်) ရေးသားတဲ့ အဲဒီစာအုပ်မှာပါတဲ့ အကြောင်းအရာကတော့ ယုံကြည်ချက်အပြည့်နဲ့ လက်နက်ကိုင်တော်လှန်ရေးထဲကို ဝင်ရောက်သွားကြတဲ့ အနယ်နယ်အရပ်ရပ်၊ အလွှာပေါင်းစုံက လူငယ်ကလေးတွေ မြန်မာပြည်မြောက်ပိုင်း နယ်စပ်တစ်နေရာမှာ ဘယ်လိုအဖြစ်အပျက်တွေကို ကြုံခဲ့ရတယ်၊ သူတို့သွေးတွေ၊ ချွေးတွေ၊ မျက်ရည်တွေကို အရင်းပြုပြီး သူတို့ပေးဆပ်မှုတွေရဲ့ အဆုံးသတ်ရလဒ်က ဘယ်လိုအရာတွေဖြစ်လာတယ်ဆိုတာကို ကိုယ်တိုင်ရောက်ရှိသွားခဲ့သူက ဇာတ်ကြောင်းပြန်ရေးဖွဲ့ထားတာဖြစ်ပါတယ်။

ပါချောင်ဆိုတာက ကချင်ပြည်နယ် မြောက်ပိုင်းမှာရှိတဲ့ ဒေသလေးတစ်ခုရဲ့ အမည်ဖြစ်ပါတယ်။ အေးခဲနေတဲ့ နှင်းထုတွေနဲ့ သဘာဝတောတောင်တွေအကြား သာယာလှပတဲ့ ပါချောင်မှာ အတိတ်ကာလက ကျောင်းသားတွေရဲ့ သွေးတွေစွန်းပေခဲ့ရသလို လူသားမဆန်တဲ့ သတ်ဖြတ်မှုကို လုပ်ဆောင်ခဲ့ကြသူတွေကလည်း ကျောင်းသားတွေကိုယ်တိုင်ဖြစ်နေခဲ့တာပါ။ ယုံကြည်ချက်အပြည့်၊ မျှော်လင့်ချက်အပြည့်နဲ့ ကျောင်းသားလူငယ်တွေအတွက် ပါချောင်က ပြန်ရလိုက်တာက ရက်ရက်စက်စက် သတ်ဖြတ်မှု၊ မတရားနှိပ်စက်ညှဉ်းပန်းမှုတွေပဲ ဖြစ်ပါတယ်။

### ပါချောင်ငရဲခန်းရဲ့ ဇာတ်ဝင်ခန်းတစ်ပုဒ်

**အဖွင့်နိဒါန်းမှာ စာရေးသူက “သူတို့စခန်းတည်ရှိခဲ့တဲ့ ပါချောင်မှာ ဖြစ်ပျက်ခဲ့တာတွေကို ခရေစေ့တွင်းကျ ကြားသိကြရရင် နာဇီတွေရဲ့ အော့စ်ဝစ်ဇ် အကျဉ်းစခန်းမှာ ဖြစ်ပျက်ခဲ့တာတွေထက် မလျော့တဲ့ ထိတ်လန့်တုန်လှုပ်ဖွယ်ရာတွေ ဖြစ်ခဲ့တယ်ဆိုတာ တွေ့ကြရမှာပါ။ ကမ္ဘောဒီးယားတို့၊ ဆာရာရေဗိုတို့မှာ ဖြစ်ပျက်ခဲ့တဲ့ ဆိုးရွားလှတဲ့ အနိဋ္ဌာရုံတွေလိုမျိုး အဖြစ်အပျက်တွေ မြန်မာနိုင်ငံမှာလည်း ဖြစ်ပျက်ခဲ့ဖူးတယ်ဆိုတာကို သိလာကြမှာပါ”လို့ သူ့စာအုပ်ကို မိတ်ဆက်ပေးထားပါသေးတယ်။**

တကယ်လည်း အဖြစ်အပျက်အမှန်တွေကို အထောက်အထားတွေနဲ့ ကြားသိရတဲ့အခါ လူမဆန်တဲ့ ညှဉ်းပန်းနှိပ်စက်လူသတ်ပွဲတွေ ဖြစ်ခဲ့တယ်ဆိုတာကို သိခွင့်ရတဲ့အခါ အတော်လေး ယူကျုံးမရ ဖြစ်ရပါတယ်။ ကျောင်းသားတော်လှန်ရေးရဲဘော် ကိုထွန်းအောင်ကျော်က သူ့ကိုသူလျှို အဖြစ် သတ်မှတ်ပြီး ခေါင်းဖြတ်အသတ်မခံရခင်မှာ **“ငါထောက်လှမ်းရေး မဟုတ်ဘူး .. ငါ့ရဲ့ ညံ့ဖျင်းမှုကြောင့် ခံခဲ့ရတဲ့ ရဲဘော်တွေ ငါ့ကို ခွင့်လွှတ်ပါ”** လို့ပြောခဲ့တဲ့ စကားစုဟာ ပါချောင်ငရဲခန်းရဲ့ ဇာတ်ဝင်ခန်းတစ်ပုဒ်ပဲ ဖြစ်ပါတယ်။

စာရေးသူ ကိုမောင်မောင်ဟာ တော်လှန်ရေးရဲဘော်မဟုတ်ခဲ့ပါဘူး။ ဒါပေမယ့် ညီအတွက် စိုးရိမ်ပူပန်မှုတွေနဲ့ ကျောင်းသားစခန်းကို နှစ်ကြိမ်တိုင်တိုင်ရောက်ရှိခဲ့ပြီး အဲဒီမှာ တွေ့ကြုံကြားသိရတဲ့ အကြောင်းအရာတွေကို ပုံဖော်ရေးသားထားတာ ဖြစ်ပါတယ်။ သူ့ရဲ့ညီဖြစ်သူဟာ မန္တလေးတက္ကသိုလ်ကနေ ဘွဲ့ရထားတဲ့ လူငယ်တစ်ယောက်ဖြစ်ပြီး ၁၉၉၁ နောက်ပိုင်းမှာ တောခိုခဲ့တာဖြစ်ပါတယ်။ ညီဖြစ်သူရဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အဆက်အသွယ်ရခဲ့ရာကနေ ကချင်ပြည်နယ်ဘက်ကို တောခိုသွားကြတဲ့ ကျောင်းသားအချင်းချင်း ပြဿနာတွေတက်ကြပြီး စစ်ရေးကော်မတီက ကျောင်းသားတွေက အခြားကျောင်းသားတွေကို တပ်မတော်ထောက်လှမ်းရေးလို့ စွပ်စွဲဖမ်းဆီးတာ၊ နှိပ်စက်ညှဉ်းပန်းတာတွေ လုပ်နေခဲ့တာကို သိခွင့်ရခဲ့ပါတယ်။ အထူးသဖြင့် ညီဖြစ်သူကိုလည်း ထောက်လှမ်းရေးက ဗိုလ်တစ်ဦးအဖြစ် သတ်မှတ်ကြပြီး ဖမ်းဆီးထားတယ်လို့ သိရတဲ့အတွက် ပါချောင်အထိ အရောက်သွားပြီး ဖြစ်စဉ်ကို ဖော်ထုတ်ခဲ့တဲ့သူလည်း ဖြစ်ပါတယ်။

ရောက်သွားခဲ့ပေမယ့် ညီဖြစ်သူနဲ့တွေ့ခွင့်ရဖို့နေနေသာသာ ရက်ပေါင်းအတော်ကြာ အကျယ်ချုပ်အဖြစ် သူ့ကိုထားရှိခဲ့ခြင်းကိုလည်း ခံခဲ့ရတာကို စာအုပ်မှာရေးသားထားပါတယ်။ အဲဒီရက်တွေမှာ သူသိခဲ့ရတာက ပေ ၆၀၀၀ ကျော် မြင့်တဲ့ ကျောင်းသားစခန်းရဲ့ အအေးဒဏ်အောက်မှာ တော်လှန်ရေးကျောင်းသားရဲဘော်တွေရဲ့ အခြေအနေအစအဆုံးပဲ ဖြစ်ပါတယ်။

“စခန်းမှူးတဲ့ဘက်ကနေ ဝီစီမှုတ်သံရှည်နဲ့အတူ ရိက္ခာထုတ်ဆိုတဲ့ အသံကြားပြီးရင် ကလေးတွေက ကိုယ်စီရထားတဲ့ ကိုတာထဲက ဆီလေး၊ ငါးပိလေး၊ ငါးခြောက်လေးတွေကို ခွဲခြမ်းပြီး ထောက်လှမ်းရေးရုံးက သန်းဇော်နဲ့အဖွဲ့ကို ပူဇော်ပသကြရတယ်လေ။ ထောက်လှမ်းရေးက မျက်နှာကြီးတယ် မဟုတ်လား။ ပုံမတော်ရင် ကျောင်းသား တော်လှန်ရေးသမားဘဝကနေ အချိန်မရွေး စစ်တပ်ထောက်လှမ်းရေးဘဝ ရောက်သွားနိုင်တယ်လေ။ တချို့ကတော့ ငွေကလေးရှင်လာရင် သန်းဇော်တို့အဖွဲ့ကို “ဈေးသွားရအောင်၊ ဘာစားမလဲ၊ အပြန်လက်ဖက်ရည်တိုက်မယ်၊ ဘီယာတိုက်မယ်၊ လိုက်ခဲ့ပါလား” ဆိုပြီး လာခေါ်ကြတယ်။ ဈေးကအပြန် ဝက်သားတစ်တွဲဖြစ်ဖြစ်တော့ ဆွဲလာပြီး ပေးသွားတတ်ကြတယ်။ ကျောင်းသားအုပ်စုထဲမှာ တွေ့ရတာက ၁၆ နှစ်၊ ၁၇ နှစ်သား ကလေးတွေ၊ တချို့ဆို လူနဲ့သေနတ်နဲ့တောင်မလိုက်ဘူး” ဆိုပြီး သူ့မြင်ကွင်းကို ပုံဖော်ထားပါတယ်။

### အကျဉ်းကျနေတဲ့ လူငယ်တွေ

“ကျွန်တော်နေတဲ့ တဲရဲ့အောက်ဘက်မှာ ကျွန်တော်တို့တဲကသုံးတဲ့ ထင်းစင်ရှိတယ်။ အကျဉ်းသားလေးတွေက ထမ်းထမ်းပြီး လာပို့ကြတယ်။ သူတို့ကိုမြင်ရတာ စိတ်မကောင်းစရာလေးတွေ၊ အကျဉ်းသားလေးတွေအားလုံးဟာ အာဟာရပြတ်နေလို့ ဖော့ရောင်နေတဲ့ မျက်နှာလေးတွေနဲ့ Moon Face လို ဝိုင်းဝိုင်းလေးတွေ။ တစ်ကိုယ်လုံးပိန်ကပ်နေပေမယ့် လက်ဖမိုးလေးတွေ၊ ခြေဖမိုးလေးတွေ ကျတော့ ဝိုင်းဝိုင်းဖောင်းဖောင်းလေးတွေ၊ ရောင်ပြီးတင်းနေတာပေါ့။ သူတို့က အင်အားမရှိကြပေမယ့်၊ **ကျန်းမာရေး မကောင်းကြပေမယ့် မနားရဲကြဘူးတဲ့။ နားလိုက်ရင် မြေကျင်းထောင်မှာ ရာသီဥတုအေးအေးနဲ့ လှုပ်မရ ရှားမရနဲ့ ထုံဆိုတဲ့ရောဂါဖြစ်တတ်လို့တဲ့”** ဟူ၍ ကျောင်းသားအချင်းချင်း စွပ်စွဲမှုတွေနဲ့ အကျဉ်းကျနေတဲ့ လူငယ်တွေကို မြင်ယောင်လာအောင် ရေးသားထားပါတယ်။

အကျဉ်းသားတွေကို ဒီအတိုင်းလွှတ်ထားတာ မဟုတ်ဘဲ ခြေကျင်းတွေခတ်ပြီး လမ်းလျှောက်လိုက်တိုင်း သံကြိုးချင်းခိုက်မိတဲ့အသံတွေကို ကြားရတဲ့အကြောင်း၊ သံကြိုးတွေ မြေမှာတရွတ်မဆွဲအောင် ခါးမှာ အဝတ်ကိုကြိုးလုပ်ပြီး ချည်သိုင်းထားရတဲ့အကြောင်းကို သူ့စာအုပ်မှာ မြင်တွေ့ရမှာဖြစ်သလို စာရေးသူနေတဲ့တဲကို ထင်းထမ်းဖို့အတွက် အကျဉ်းသားတွေက သူလာမယ်၊ ငါလာမယ်နဲ့ အလုအယက် လိုက်ခဲ့ချင်ကြတယ်ဆိုတာကို စာရေးသူက ပြောထားပါသေးတယ်။ အကြောင်းကသူတို့နဲ့အတူတူ အကျဉ်းကျခံရတဲ့ သူငယ်ချင်းရဲဘော်ရဲ့ မိသားစုဝင်က တောထဲအထိ လိုက်လာတယ်ဆိုတာကို အထူးအဆန်းဖြစ်တာရော၊ အိမ်လွမ်းတဲ့စိတ်ကြောင့်ရော ဖြစ်ပါတယ်။

*စာမျက်နှာ ၇ သို့*

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၂၇

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက နိုင်ငံ့လူဦးရေ အများဆုံးဖြစ်သည့် ကျေးလက်နေပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်မှသာ ဝယ်လိုအား တိုးတက်လာပြီး ကုန်ထုတ်စွမ်းအား မြင့်မားလာမှုနှင့်အတူ တိုင်းပြည်ဖွံ့ဖြိုးရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ပါးရေးအစီအမံများ၊ ရာသီဥတုနှင့် လိုက်လျောညီထွေနေထိုင်ရေး အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ သဘာဝဘေးဖြစ်ပေါ်လာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရေးနှင့် ယင်းလုပ်ငန်းများကို ဒေသအာဏာပိုင်များ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက နိုင်ငံ့ဝန်ထမ်းဥပဒေ နည်းဥပဒေများနှင့်အညီ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရန် လိုအပ်ချက်များ၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများနှင့် အသေးစားအိမ်တွင်းမှုလုပ်ငန်းများ အခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာ ၂၂ ရာခိုင်နှုန်းခန့်ကို လွှမ်းခြုံထားပြီး ကျေးလက်ပြည်သူ ရှစ်သန်းကျော်အား အကျိုးပြုလျက်ရှိရာ စီမံကိန်းလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ လူထုဗဟိုပြု ဖွံ့ဖြိုးရေး ချဉ်းကပ်မှု နည်းလမ်းဖြင့် ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးရွာပိုင် အရင်းမပျောက် မတည်ငွေများ ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ကြုံတွေ့နိုင်သည့် အခက်အခဲများကို ကြိုတင်မျှော်မှန်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပိုမိုထိတွေ့ကာ အကောင်းဆုံးနည်းလမ်းများ ရှာဖွေဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၆ မှ*

**"တစ်ယောက်က 'ငွါ့အစ်ကိုဆိုရင် ဒီလောက်အထိ လိုက်လာမှာမဟုတ်ပါဘူးကွာ' လို့ ဆိုတယ်၊ နောက်တစ်ယောက်က 'ငွါ့အဖေသာသိရင်တော့ ချက်ချင်းလိုက်လာမှာကွ' တဲ့၊ နောက်တစ်ယောက်က 'ငွါ့အဖေကတော့ ပစ်ထားလိုက်မှာပါ၊ အမေကသာ လာချင် လာမှာ'တဲ့။ စိတ်တွက်နဲ့တွက်ကြည့်ပြီး တစ်ယောက်နဲ့တစ်ယောက် ပြောနေကြတာတဲ့"** ဆိုတဲ့ စာပိုဒ်ကလေးက ကျောင်းသားလူငယ်ကလေးတွေ အိမ်နဲ့မိသားစုကို ဘယ်လောက် သတိရကြရှာမလဲဆိုတာကို တွေ့မြင်နိုင်ပါတယ်။

"ဝါးခုတ်တာလည်း ပညာပါတယ်ဗျ။ ဘယ့်နှယ်ဗျာ ရန်ကုန်တို့ မန္တလေးတို့က တက္ကသိုလ်ကျောင်းသားတွေတဲ့ဗျာ၊ တချို့ဆိုရင် ဘွဲ့ရပြီးသားတောင်ပါတယ်။ ဝါးတစ်လုံးတောင် အဆင်ပြေအောင် မခုတ်တတ်ဘူး။ နီးဖြစ်အောင် မဖြာတတ်ဘူး။ တောင်းတစ်လုံးဖြစ်အောင် မရက်တတ်ဘူး။ VCS ပြောသလို ပြောရမယ်ဆိုရင် ဒီလောက်လွယ်တဲ့ဟာတောင် မလုပ်တတ်ဘဲနဲ့ ဒီကောင်တွေက နိုင်ငံရေးလုပ်ချင်သေးတယ်။ တိုင်းပြည်ကို ဘယ်လိုများ အုပ်ချုပ်ကြမလဲတော့ မသိဘူး" တဲ့ ဆိုပြီး ထောင်မှူးက စာရေးသူကိုတောင် ပြောခဲ့ပါသတဲ့။ အတော်ကို မှတ်သားလောက်ပါတယ်။ မြို့ပေါ်က တက္ကသိုလ်ကျောင်းသားတွေဟာ ဝါးခုတ်၊ နီးဖြာတဲ့ အလုပ်နဲ့ မအပ်စပ်တဲ့သူတွေ၊ တိုင်းပြည်ကောင်းစားအောင်၊ တိုးတက်ကြီးပွားအောင် ကြံဆောင်ကြမယ့် လူတွေဆိုတာ သူတို့ မစဉ်းစားမိဘူးလားရယ်လို့ တွေးမိလာစေပါတယ်။

အဲဒီလိုလူမျိုးက ကလေးတွေအတွက် ထောင်မှူးဖြစ်နေခဲ့တော့လည်း သတ်ဖြတ်မှုတွေ ဖြစ်ခဲ့တယ်ဆိုတာ ဖြစ်နိုင်ပါရဲ့လို့ တွေးမိပါရဲ့။ **မတရားတာတွေ၊ အနိုင်အထက် ပြုကျင့်မှုတွေ၊ လွတ်လပ်မှုမရှိတာတွေ၊ အဂတိလိုက်စားမှုတွေကို ပြုပြင်ဖို့အတွက် အိပ်မက်မက်ပြီး ယုံကြည်မှုတွေ တစ်ပုံတစ်ပင်နဲ့ ဦးတည်ချက်၊ ရည်မှန်းချက်တွေ အများကြီးထားပြီး မြို့ပြဘဝတွေကို စွန့်လွှတ်၊ မိသားစုနဲ့ ခွဲခွာပြီး ရည်မှန်းချက်တူရာ လူငယ်တွေ စုစည်းလို့ တောရိပ်တောင်ရိပ်ကို ခိုအောင်းပြီး အနေဆင်းရဲ၊ အစားဆင်းရဲနဲ့ တော်လှန်ရေးလုပ်လိုက်ကြတာ။ ဒီရောက်တော့ ဘာတွေဖြစ်ကုန်ပြီလဲ..."လို့ စာရေးသူက သူမြင်ရတဲ့ အကျဉ်းသားတွေရဲ့ဘဝကို မေးခွန်းထုတ်ထားပါသေးတယ်။**

အဲဒီလိုသတ်ဖြတ်မှုတွေရဲ့အစကတော့ ၁၉၉၁ ခုနှစ်မှာ ရှစ်လေးလုံးနှစ်ပတ်လည် အထိမ်းအမှတ်ပွဲကို ဒီ ABSDF စခန်းမှာ ကျင်းပဖို့ စီစဉ်ကြခြင်းပဲ ဖြစ်ပါတယ်။ အဲဒီမှာ ညစာစားပွဲတက်မယ့် တော်လှန်ရေးအဖွဲ့အသီးသီးက ခေါင်းဆောင်တွေကို အဆိပ်ထည့်ပြီး သုတ်သင်ဖို့ နဝတအစိုးရက သူ့ရဲ့ ထောက်လှမ်းရေးတပ်တွေကို အဖွဲ့မှာ ကြိုတင်မြှုပ်နှံထားတဲ့ အစီအစဉ်ကို ကျောင်းသားတပ်မတော် ဒုတိယစစ်ရေးတာဝန်ခံဖြစ်တဲ့ VCS မျိုးဝင်း ဦးဆောင်တဲ့ ကျောင်းသားတပ်ထောက်လှမ်းရေးအဖွဲ့က ဖော်ထုတ်အရေးယူလိုက်နိုင်တာတဲ့။ တကယ်တော့ အဆိပ်က ဘယ်လိုအမျိုးအစား၊ ဘယ်သူတွေဆီမှာ အဆိပ်ရှိနေလဲဆိုတာ၊ ဘယ်သူမှ မသိခဲ့ရသလို နဝတနဲ့ ဆက်သွယ်တဲ့ ဆက်သွယ်ရေးပစ္စည်းတစ်စုံတစ်ရာကိုလည်း သိမ်းယူနိုင်တာမျိုး မရှိခဲ့ပါဘူး။ ရိုက်နှက်နှိပ်စက်ပြီး စစ်ဆေးတဲ့အတွက် အသားအနာခံ၊ အသက်အသေခံကြရသလို အချို့က ဟုတ်ပါတယ်၊ ထောက်လှမ်းရေးပါဆိုပြီး ဝန်ခံချက်ပေးကြရပါတယ်။

မြို့ပေါ်အရေးအခင်းမှာ ဆန္ဒပြတယ်ဆိုတာ **အချိန်တန်ရင် အိမ်ကိုပြန်ခွင့်ရှိပါသေးတယ်။ တောခိုမိရင်တော့ အိမ်ပြန်ရောက်၊ မရောက်ဆိုတာလည်း မသေချာတော့သလို ဦးနှောက်အသိဉာဏ်နည်းပါးတဲ့ ခေါင်းဆောင်သူနောက်ကို လိုက်မိတဲ့အခါမှာတော့ ကိုယ့်သေတွင်းကို ကိုယ်တိုင်တူးကြတော့တယ်ဆိုတာကို ဒီစာအုပ်အတွင်းမှာ မျက်ဝါးထင်ထင် တွေ့မြင်ကြရမှာဖြစ်ပါတယ်။**

**▼ ကျောင်းသားတွေကို ဒလန်တွေ၊ သူလျှိုတွေလို့ အချင်းချင်းပြန်စွပ်စွဲပြီး သေဆုံးမှုတွေ ဖြစ်လာတဲ့အခါ ဘယ်လို ခေါင်းရှောင်သလဲဆိုတာနဲ့ ပတ်သက်ရင် "ဝန်းသိုမြို့က အရှည်ကြီးဝင်းသိန်း ဆိုတဲ့သူ ထောင်ထဲမှာ ဆုံးသွားတယ်တဲ့။ သူတို့ဝိုင်းနှိပ်စက်လို့ သေရတာဖြစ်မှာပေါ့။ ဒါကို နောက်ဆုံးနှစ် ဆေးတက္ကသိုလ်အပိုင်း ၁ ကျောင်းသားကြီးတစ်ဖြစ်လဲ ဥက္ကဋ္ဌကြီးက ကိုယ်တိုင်သွားပြီး ရင်ခွဲစစ်ဆေးသတဲ့။ သေသူရဲ့မည်းနေတဲ့ အဆုတ်ကို ကြည့်ပြီး 'အဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားတာ. နောက်ကို အကျဉ်းသားတွေ လုံခြုံရေးဂရုစိုက်' ဆိုပြီး မှတ်ချက်ပေးသတဲ့" ဆိုပြီး အဆိပ်ဟာ အစာအိမ်ကို ရောက်ရမှာလား၊ အဆုတ်ကိုရောက်မှာလားဆိုတာကိုတောင် မသိရှာတဲ့ တော်လှန်ရေး ခေါင်းဆောင်ရဲ့ မှတ်ချက်ကို ဖတ်ရှုရတဲ့အခါ သူတို့တော်လှန်ရေး မအောင်မြင်ခဲ့လို့သာဆိုပြီး သက်ပြင်းရှိုက်မိပါတော့တယ်**

အချင်းချင်းပြန်စွပ်စွဲပြီး သေဆုံးမှုတွေဖြစ်

ကျောင်းသားတွေကို ဒလန်တွေ၊ သူလျှိုတွေလို့ အချင်းချင်းပြန်စွပ်စွဲပြီး သေဆုံးမှုတွေ ဖြစ်လာတဲ့အခါ ဘယ်လို ခေါင်းရှောင်သလဲဆိုတာနဲ့ ပတ်သက်ရင် "ဝန်းသိုမြို့က အရှည်ကြီးဝင်းသိန်း ဆိုတဲ့သူ ထောင်ထဲမှာ ဆုံးသွားတယ်တဲ့။ သူတို့ဝိုင်းနှိပ်စက်လို့ သေရတာဖြစ်မှာပေါ့။ ဒါကို နောက်ဆုံးနှစ် ဆေးတက္ကသိုလ်အပိုင်း ၁ ကျောင်းသားကြီးတစ်ဖြစ်လဲ ဥက္ကဋ္ဌကြီးက ကိုယ်တိုင်သွားပြီး ရင်ခွဲစစ်ဆေးသတဲ့။ သေသူရဲ့မည်းနေတဲ့ အဆုတ်ကို ကြည့်ပြီး 'အဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားတာ. နောက်ကို အကျဉ်းသားတွေ လုံခြုံရေးဂရုစိုက်' ဆိုပြီး မှတ်ချက်ပေးသတဲ့" ဆိုပြီး အဆိပ်ဟာ အစာအိမ်ကို ရောက်ရမှာလား၊ အဆုတ်ကိုရောက်မှာ လားဆိုတာကိုတောင် မသိရှာတဲ့ တော်လှန်ရေးခေါင်းဆောင်ရဲ့ မှတ်ချက်ကို ဖတ်ရှုရတဲ့အခါ သူတို့ တော်လှန်ရေး မအောင်မြင်ခဲ့လို့သာဆိုပြီး သက်ပြင်းရှိုက်မိပါတော့တယ်။ *(ဆက်လက်ဖော်ပြပါမည်)*

◆ *ကျောဖုံးမှ*

ဥရောပအခြေစိုက် ကစားသမားများဖြင့် ဖွဲ့စည်းလာသည့် ဂျပန်အသင်းသည် ယခုပွဲကို အင်အားပြည့် ပြင်ဆင်ထားပြီး ကူဘို၊ ယိုရှိဒါ၊ နာဂါတိုမို၊ အန်ဒို၊ မီနာမီနို အစရှိသူတို့ ပါဝင်လာသည်။

မြန်မာအသင်းသည် ဂျပန်အသင်းကို ပထမအကျော့ အိမ်ကွင်းပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားပြီး ဂျပန်အသင်း အနေဖြင့် ယခုပွဲ အနိုင်ရပါက နောက်တစ်ဆင့်တက်ရန် သေချာသလောက်ရှိသွားမည် ဖြစ်သည်။

ဒုတိယအဆင့် အုပ်စုလက်ကျန်ပွဲများအနက် ဂျပန်နှင့်မြန်မာအသင်းပွဲကို အစောဆုံးကျင်းပခြင်းဖြစ်ပြီး ဂျပန်အသင်းအနေဖြင့် ဇွန်လဆန်းတွင် Kirin Cup ပြိုင်ပွဲ ယှဉ်ပြိုင်ရန်ရှိသဖြင့် ယခုပွဲကို ရှေ့တိုးကျင်းပခြင်း ဖြစ်သည်။

အုပ်စု (F) တွင် ဂျပန်အသင်းက ငါးပွဲကစား ၁၅ မှတ်၊ တာဂျစ်ကစ္စတန်အသင်းက ခြောက်ပွဲကစား ၁၀ မှတ်၊ ကာဂျစ္စတန်အသင်းက ငါးပွဲကစား ခုနစ်မှတ်၊ မြန်မာအသင်းက ငါးပွဲကစား ခြောက်မှတ်၊ မွန်ဂိုလီးယားအသင်းက ငါးပွဲကစား သုံးမှတ် ရရှိထားသည်။

အုပ်စု (F) တွင် လက်ကျန်ခြောက်ပွဲကစားရန် ကျန်ရှိနေပြီး မြန်မာနှင့် ဂျပန် နှစ်သင်းစလုံး သုံးပွဲစီကစားရန် ကျန်ရှိနေကာ ထိပ်တိုက် တွေ့ဆုံမှုပြီးပါက ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်အသင်းတို့နှင့် ထပ်မံကစားရမည်ဖြစ်သည်။

ရဲရင့်လွင်

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သော

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

ကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ခရီးသွားမိဘပြည်သူများ လိုက်ပါစီးနင်းလာသည့် မန္တလေး-ရန်ကုန် အစုန်မီးရထားအား မိုင်းထောင် ဖောက်ခွဲခဲ့ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် မေ ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများ၏ ခရီးသွားလာမှုများနှင့် ကုန်စည်စီးဆင်းမှုများ လွယ်ကူချောမွေ့စေရန် လမ်းပန်းဆက်သွယ်ရေးတွင် အဓိကကျသည့် မီးရထားခရီးစဉ်များကို နေ့စဉ်တိုးချဲ့ ပြေးဆွဲပေးလျက်ရှိကာ ခရီးသွားပြည်သူလူထုအနေဖြင့်လည်း စိတ်ချမ်းမြေ့စွာ သွားလာလျက်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး လိုလားတောင့်တလျက်ရှိသော ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နိုင်ရန် လျှောက်လှမ်းလျက်ရှိသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ အချက်များကို ဆက်လက်ထိန်းသိမ်း၍ အလေးထားလိုက်နာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၂၆ ရက် ညပိုင်းတွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် အမှတ်(၂) အစုန်ရထားသည် ဖြူးမြို့နယ်၊ ညောင်ပင်သာဘူတာ၏ အရှေ့တောင်ဘက် မီတာ ၃၇၀၀ ခန့်အကွာ ရထားလမ်း ကြေးနန်း မိုင်တိုင် အမှတ်(၁၂၅/၁၄)နှင့်(၁၂၅/၁၅)ကြားသို့ ည ၉ နာရီ ခွဲခန့်၌ ရောက်ရှိစဉ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်း တစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် အကျယ် သုံးပေပတ်လည်၊ အနက် သုံးပေခန့်ရှိ မြေကျင်းဖြစ်ပေါ်ခဲ့ကာ ရထားလမ်း ဇလီဖားတုံး ငါးတုံး ပြုတ်ထွက်ပျက်စီးပြီး မိုင်းရှင်းတွဲ ကြမ်းခင်းများ ပျက်စီးခဲ့ကြောင်းနှင့် မိုင်းရှင်းတွဲ တစ်တွဲ၊ လူစီးတွဲ နှစ်တွဲ၊ စက်ခေါင်းတွဲ တစ်တွဲ၊ စက်ခေါင်းမောင်း နားနေခန်းတစ်တွဲ၊ စုစုပေါင်း ငါးတွဲ တွဲချော်ခဲ့ကြောင်း သိရှိရပြီး**(ယာပုံ)** မီးရထားဝန်ထမ်းများနှင့် ခရီးသည်များ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

နိုင်ငံတော်ကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် အများပြည်သူ လိုက်ပါစီးနင်းလျက်ရှိသည့် မီးရထားများအား အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးသောလုပ်ရပ်များကို လုပ်ဆောင်ခဲ့ရာ ၁၉၈၄ ခုနှစ်အတွင်း ကည္ဂတ်ကွင်းနှင့် တောကျွဲအင်းဘူတာကြား(မိုင်တိုင်အမှတ် ၁၂၀/၆ နှင့် ၁၂၀/၇ အကြား) တွင် မန္တလေး-ရန်ကုန် အမှတ် ၂ အစုန်ရထားအား သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ခရီးသွားပြည်သူ ၁၀ ဦးသေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အလားတူ ၁၉၉၆ ခုနှစ် မေလ ၂၁ ရက်နေ့တွင်လည်း မန္တလေး မှထွက်ခွာလာသည့် အမှတ် ၂ အစုန်ရထားအား ကည္ဂတ်ကွင်းနှင့် တောကျွဲအင်းဘူတာကြား ကွင်းချောင်းတံတားအနီးတွင် သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ခရီးသွားပြည်သူ ကိုးဦးသေဆုံးခဲ့ပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသည်။ ထိုကဲ့သို့ သောင်းကျန်းသူအဖွဲ့၏ ရထားလမ်းမိုင်းထောင်၊ မိုင်းခွဲမှုများကြောင့် ပြည်သူလူထုတို့၏ အသက်အိုးအိမ်စည်းစိမ်များစွာ ဆုံးရှုံးခဲ့ရသည့် အခြားဖြစ်စဉ်များစွာလည်း ဖြစ်ပွားခဲ့ကြောင်းနှင့် ပြည်သူလူထုမှ ၎င်းလုပ်ရပ်များအပေါ် ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ခဲ့ကြောင်း သိရှိရသည်။





အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် အများပြည်သူသွားလာအသုံးပြုနေသည့် စစ်ဘက်နှင့် မသက်ဆိုင်သော အရပ်ဘက်ပစ်မှတ်များကို ယခုကဲ့သို့ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းသည် အေးချမ်းစွာနေထိုင် လုပ်ကိုင်စားသောက်လိုသည့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို သေကျေပျက်စီးစေပြီး ကြောက်ရွံ့စိုးရိမ်ထိတ်လန့်ကာ ရပ်ရွာတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်အတွက် တမင်ရည်ရွယ်လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း တွေ့ရှိရသည်။

အဆိုပါ အပြစ်မဲ့ပြည်သူများ အကြောင်းမဲ့ သေကျေပျက်စီးစေသော လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်နှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ဆန့်ကျင်ရှုတ်ချသွားရန်နှင့် ရပ်ရွာလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ဘက်နှင့်မသက်ဆိုင်သော အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီး အောင်ပစ်မှတ်ထားတိုက်ခိုက်လာမှုများနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့်လည်း NCA စာချုပ်ပါအချက်များအား အထူးအလေးထားလိုက်နာသွားရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကြမ်းမဖက် ဆက်ဆံကာ လူ့ဘောင်သစ်ဆီ ချီတက်ပါစို့

—— မင်းသုခ ——

**မျက်မှောက်ကာလ နိုင်ငံတကာရေးရာအဖြာဖြာတွင် ပဋိပက္ခများ ဖြေလျှော့ရေးအတွက် အကြမ်းမဖက်သောဆက်ဆံရေးများ ပေါ်ထွန်းလာရန် လိုအပ်ပါသည်။ အလားတူ လက်ရှိမြန်မာ့ပြည်တွင်းရေးရာများတွင်လည်း အကြမ်းဖက်မှုများကို လျှော့ချနိုင်ရေး ဦးစားပေးဆောင်ရွက်ရမည့် ကာလဟု ပြည်သူအများစု နားလည်သဘောပေါက်နေကြပြီ ဖြစ်ပါသည်။**

- **အကြမ်းဖက်မှု လျော့နည်းပပျောက်စေရေး အတွက် လူ့ဘောင်တစ်ဝန်းလုံးတွင် တာဝန်ရှိ**
- **သက်ကြီးစကား သက်ငယ်ကြား လက်ဆင့်ကမ်း ရသည်များရှိရန် လိုအပ်သကဲ့သို့ ပညာပေးမျှဝေမှု အစီအစဉ်ကောင်းများရှိရန် လိုအပ်**

အကြမ်းဖက်၍ ဆက်ဆံခြင်းသည် မြန်မာဓလေ့ မဟုတ်ပါ။ ကူးစက်လာသော ယဉ်ကျေးမှုဖျက် ဗိုင်းရပ်စ်တစ်မျိုးသာ ဖြစ်ပါသည်။ စိတ်ဓာတ်ခိုင်မာမှု အားနည်းသူ၊ ချို့ယွင်းချက်ရှိသူအချို့ကိုသာ ယိမ်းယိုင်စေခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာ့သမိုင်း၊ မြန်မာ့ရာဇဝင်ကို ရှည်ရှည်လျားလျား ခြုံငုံသုံးသပ်လေ့လာကြပြီး မြန်မာတို့၏ စရိုက်လက္ခဏာများကို မြန်မာပညာရှင်ကြီးများက ရေးသားထားသည်ကို လေ့လာတွေ့ရှိရပါသည်။

"မြန်မာ့သမိုင်းကြောင်းတွင် မြန်မာတို့၏ အမျိုးသားရေးလက္ခဏာများ ထည်ထည်ဝါဝါနှင့် ဂုဏ်ယူဝင့်ကြွားစွာ နေရာယူခဲ့ကြသည်" ဟု ရေးသားဖော်ပြထားပါသည်။

မြန်မာ့အမျိုးသားရေးလက္ခဏာများမှာ -

၁။ သတ္တိရှိသည်။
၂။ ဖွဲနပဲကြီးသည်။
၃။ စိတ်ရှည်သည်။
၄။ သည်းခံသည်။
၅။ ခွင့်လွှတ်တတ်သည်။
၆။ စိတ်ဆိုးလျှင်ခဏသာဖြစ်သည်။
၇။ ကျေအေးလွယ်သည်။
၈။ အငြိုးကြီးသူများမဟုတ်။
၉။ အာဃာတကြီးသူများမဟုတ်။
၁၀။ လက်စားချေတတ်သူများမဟုတ်။
၁၁။ သို့သော် အညှာလွယ်သူများမဟုတ်။
၁၂။ အမျိုးကိုစောင့်ရှောက်သည်။
၁၃။ ကိုယ့်အမျိုးကို ချစ်သည်။

သာဓကပြဖွယ်ရာ များစွာရှိသည့်အနက်မှ အမျိုးသားရေးလက္ခဏာအများစုကို ပိုင်ဆိုင်ခဲ့သူအဖြစ် ထင်ရှားကျော်ကြားခဲ့သူ "မဟာဗန္ဓုလ" ဖြင့် ဂုဏ်ယူစွာ သက်သေထူ တင်ပြလိုပါသည်။ ၁၈၂၅ ခုနှစ်၊ မတ်လ၊ ၆ ရက်တွင် နယ်ချဲ့ဗြိတိသျှတို့၏ ရေကြောင်းချီတပ်သည် ညောင်တုန်းမှ ချီတက်ခဲ့ပြီး ဓနုဖြူခံတပ်ကြီး၏ အပြင်ခံတပ်ငယ် အောက်နားတွင် ကျောက်ချရပ်နားနေကြသည်။ စစ်ရေးအရ သာလွန်နေသော အင်္ဂလိပ်တို့က မဟာဗန္ဓုလအား လက်နက်ချရန် တောင်းဆိုသောအခါ မဟာဗန္ဓုလက ဤသို့ယဉ်ကျေးစွာ ငြင်းပယ်ပြန်ကြားထားခဲ့မှုမှာ အံ့ဖွယ်ဖြစ်ပါသည်။

*"သင်နှင့်ကျွန်ုပ်တို့သည် မိမိတို့ တိုင်းပြည်အတွက် စစ်တိုက်နေကြသည်။ ကျွန်ုပ်၏ မယိမ်းမယိုင် ခုခံတွန်းလှန်နေမှုကို သင်တွေ့မြင်ရပြီဖြစ်သည်။ ကျွန်ုပ်တို့ တွန်းလှန်နိုင်လျှင် သင်သည် သင်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းထားနိုင်ပေလိမ့်မည်။ မိတ်ဆွေတစ်ဦးအနေနှင့် ဓနုဖြူခံတပ်သို့ လာရောက် ကြည့်ရှုလိုပါက သင့်ကို ကျွန်ုပ်လက်ခံပြသပါမည်။ ရန်သူအဖြစ် လာလိုမှုလည်း ကမ်းသို့ တက်ပြီး တပ်ချင်းရင်ဆိုင်နိုင်ပါသည်။"*

"အဆိုပါ ပြန်ကြားချက်ကြောင့် အင်္ဂလိပ်တို့သည် ရန်သူဖြစ်သော မဟာဗန္ဓုလကို လေးစားသွားကြလေ၏" ဟူ၍ နတ်မောက်ဘုန်းကျော်၏ အင်္ဂလိပ်-မြန်မာ စစ်သမိုင်း စာ-၁၀၂ တွင် လေးစားဖွယ် တွေ့ရပါ၏။ ဂုဏ်ယူမိပါ၏။

**✤ မြန်မာဓလေ့၊ မြန်မာ့စရိုက်၊ မြန်မာစိတ်ထားသည် လေးစားဖွယ်ရာ မြန်မာ့အမျိုးသားရေး လက္ခဏာများ အဖြစ် သမိုင်းသက်သေ တည်နိုင်ခဲ့ကြပါသော်လည်း မျက်မှောက်ကာလ အကြမ်းဖက်သမားတစ်စုကြောင့် အစွန်းအထင်းတစ်ခုဖြစ်ခဲ့**

### ထင်ထင်ရှားရှား သက်သေပြခဲ့

ဤအကြောင်းအရာကို အလေးအနက်ထားတွေးဆကြည့်ပါလျှင် မဟာဗန္ဓုလ၏ သတ္တိ၊ ဖွဲ၊ စိတ်ရှည်သည်းခံတတ်မှု၊ ခွင့်လွှတ်တတ်မှု၊ ကျေအေးတတ်မှု၊ အညှာမလွယ်တတ်မှု၊ မျိုးချစ်စိတ်နှင့် အမျိုးကိုစောင့်ရှောက်တတ်မှု စသောအချက်များကို အထင်အရှားတွေ့မြင်နိုင်ပါမည်။ စစ်ပွဲကာလအတွင်းမှာပင် "မိတ်ဆွေတစ်ဦးအနေနှင့် ဓနုဖြူခံတပ်သို့ လာရောက် ကြည့်ရှုလိုသော် ..." ဟူသော စကားမှာ အငြိုးကြီးသူ၊ အာဃာတကြီးသူ၊ သေးသိမ်စွာလက်စားချေတတ်သူမျိုး မဟုတ်ကြောင်း ထင်ထင်ရှားရှား သက်သေပြခဲ့ခြင်းဖြစ်ပါသည်။

မြန်မာဓလေ့၊ မြန်မာ့စရိုက်၊ မြန်မာစိတ်ထားသည် လေးစားဖွယ်ရာ မြန်မာ့အမျိုးသားရေး လက္ခဏာများအဖြစ် သမိုင်းသက်သေတည်နိုင်ခဲ့ကြပါသော်လည်း မျက်မှောက်ကာလ အကြမ်းဖက်သမားတစ်စုကြောင့် အစွန်းအထင်းတစ်ခု ဖြစ်ခဲ့ရပါသည်။ အကြမ်းဖက်တတ်သောသူများ၏ အခြေခံစိတ်ဓာတ် ချို့ယွင်းအားနည်းချက်ကြောင့် ဖြစ်တတ်သည်ကို အများစုသိရှိကြပြီးဖြစ်ပါသည်။ ထိုကဲ့သို့ ချို့ယွင်းအားနည်းချက်ရှိသူများသည် တန်ခိုးကြီးထွား အာဏာရချိန်တွင်လည်း မောက်မာတတ်သည်။ အကြမ်းဖက်ကာ အနိုင်ယူတတ်ကြပါသည်။ အင်အားချည့်နဲ့သွားချိန်များတွင်လည်း လက်ဦးမှုယူကာ အကြမ်းဖက် တိုက်ခိုက်မှုကို ပြုတတ်ကြပါသည်။

အကြမ်းဖက်မှု လျော့နည်းပပျောက်စေရေး အတွက် လူ့ဘောင်တစ်ဝန်းလုံးတွင် တာဝန်ရှိပါသည်။ သက်ကြီးစကားသက်ငယ်ကြား လက်ဆင့်ကမ်းရသည်များရှိရန် လိုအပ်သကဲ့သို့ ပညာပေးမျှဝေမှု အစီအစဉ်ကောင်းများရှိရန် လိုအပ်ပါသည်။ အစိုးရအဖွဲ့အစည်းမျှသာမက လူမှုအဖွဲ့အစည်းတစ်ရပ်လုံးပါဝင်ကြရန် လိုအပ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းယှက်နွယ်လာသော ယဉ်ကျေးမှုများကို တံခါးပိတ်၍ မကာကွယ်နိုင်ပါ။ စိစစ်တွေးတောဆင်ခြင်လက်ခံတတ်သော "တွေးတောဆင်ခြင်တတ်သည့် ယဉ်ကျေးမှု" တစ်ရပ်ကို ထူထောင်ရန်လိုအပ်ပြီဟုလည်း ဆို၍ရမည်ထင်ပါသည်။

### ပူးပေါင်း၊ ပူးတွဲနေထိုင်တတ်ရမည်

စာရေးဆရာကြီး မာရှယ် ဘီ ရိုဆင်ဘတ် (Marshall B.Rosenberg, PhD) က Nonviolent Communication "အကြမ်းမဖက်ဆက်ဆံရေး" အကြောင်းကိုရေးသားထားသည်ကိုလေ့လာတွေ့ရှိရပါသည်။ အနှစ်ချုပ်အားဖြင့် အကြမ်းမဖက်ဆက်ဆံတတ်ဖို့အတွက် စာနာတတ်မှု (Empathy) က အစပြုရပါမည်။ ဒုတိယအချက်အနေဖြင့် အမြင်မတူသူများနှင့် ပူးပေါင်း၊ ပူးတွဲနေထိုင်တတ်ရမည် ဖြစ်ပါသည်။ Collaboration ဟု ရေးသားထားခြင်း ဖြစ်ပါသည်။

### စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားတတ်ရန်လို

ငါနှင့်မတူ ငါ့ရန်သူဟူသော ကျဉ်းမြောင်းသေးသိမ်သော စိတ်ထားကို ဖယ်ရှားရန်အတွက် ပထမအချက်ဖြစ်သော စာနာတတ်မှုက အဓိကဖြစ်သည်ဟုလည်း ပြန်လည်ရည်ညွှန်း ရှင်းလင်းလိုပါသည်။ တတိယအချက်မှာ Authenticity ဟူသော အစစ်အမှန်ကို သိရှိရန်ပင်ဖြစ်ပါသည်။ အမှန်တရားကို ပိုင်းခြားဝေဖန်နိုင်စွမ်းမှာ ပညာ၏သဘော အစစ်အမှန်ပင် ဖြစ်ပါသည်။ စတုတ္ထအချက်မှာ Freedom ဟူသည့် လွတ်လပ်မှုပင်ဖြစ်ပါသည်။ လွတ်လပ်စွာ ဝေဖန်ပိုင်းခြား ရှုမြင်တတ်ရန် လိုအပ်ပါသည်။ မှန် မှား ကောင်း ဆိုး ကြောင်းကျိုးဝေဖန်ပိုင်းခြား ဆန်းစစ်တတ်မှုကို မည်သည့် ပယောဂမျှမပါရှိဘဲ လွတ်လပ်စွာ လေ့လာဆည်းပူးတတ်ရန်၊ စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားတတ်ရန် လိုအပ်ပါသည်။

အနည်ပင် ကောင်းကောင်းမထိုင်သေးသည့် ရေကန်ကို မွှေနှောက်နေမည်ဆိုပါက **"ရေကြည်နောက်မည်၊ ကြာလည်းပျောက်ပါမည်"**။ အကြမ်းပတမ်းမပြုသင့် အကြမ်းမဖက်သင့်ပါ။

ပြည်သူအများစုသည် မည်သည့်အကြမ်းဖက်မှုကိုမျှ မနှစ်မြို့ကြပါ။ စာနာစိတ်ကို အရင်းတည်၍ အကြမ်းမဖက်ဆက်ဆံကာ လူ့ဘောင်သစ်ဆီ ချီတက်ကြပါစို့။ ။

---

▼ *ကျောဖုံးမှ*

ကစားနေသူအများစု ပါဝင်လာခြင်းမရှိဘဲ ပြည်တွင်းကလပ်များတွင် ကစားနေသူအများစုဖြင့်သာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ခြေစစ်ပွဲလက်ကျန်ပွဲများယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင် အသင်းတွင် နည်းပြချုပ် အန်တွမ်နီပေး (ဂျာမနီ)၊ ကစားသမားများအဖြစ် **ဂိုးသမား-** ကိုကိုနိုင် (ဟံသာဝတီ)၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ ပြည့်လျှံအောင် (ရတနာပုံ)၊ **နောက်တန်း-** ဒေးဗစ် ဒန်း၊ ရဲမင်းသူ (ရှမ်းယူနိုက်တက်)၊ သိန်းသန်းဝင်း (အသင်းလက်မဲ့)၊ စိုးမိုးကျော်၊ စည်သူမိုးခန့် (ရန်ကုန်)၊ ဇော်ရဲထွန်း (ရတနာပုံ)၊ ရဲရင့် အောင်(ဟံသာဝတီ)၊ **အလယ်တန်း-** လားဒင်မောရ (ဟံသာဝတီ)၊ မောင်မောင်ဝင်း၊ ငြိမ်းချမ်းအောင်၊ ရန်နိုင်ဦး၊ လွင်မိုးအောင်၊ မောင်မောင်လွင် (ရန်ကုန်)၊ တင်ဝင်းအောင် (အသင်းလက်မဲ့)၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)၊ လှိုင်းဘိုဘို၊ မြတ်ကောင်းခန့် (ရတနာပုံ)၊ **ရှေ့တန်း-** ပြည်မိုး၊ ဝင်းနိုင်ထွန်း(ရန်ကုန်)၊ သန်းထက်အောင် (ရွှေဝတီ)နှင့် ဆွမ်လမန် (ရနောင်း/မြောင်ကန်) တို့ ပါဝင်ကြသည်။

### ယှဉ်ပြိုင်ကစား

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲများအဖြစ် မေ ၂၈ ရက်တွင် ဂျပန်အသင်း၊ ဇွန် ၁၁ ရက်တွင် ကာဂျစ္စတန်အသင်း၊ ဇွန် ၁၅ ရက်တွင် တာဂျစ်ကစ္စတန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရဲရင့်လွင်

# ကဗျာပန်းတွေ လန်းစေချင်

မလေးညို (မြေနုကျွန်း)

(၁)

ကျွန်မ မှတ်မိနေပါတယ်။

ကျွန်မတို့ ငယ်ငယ်က သင်ယူခဲ့ရတဲ့ ကဗျာလေးတွေပါ။

* ဆေးတံတို တစ်ညိုလောက်
ရေ့ သောက်တော့ပေး။
မယူလိုက်က မိုက်လို့ထင်
ယူလိုက်ပြန်တော့ ကြိုက်လို့ထင်
သောက်စေချင်
ခုတင်တွင် ထောင်ခဲ့ကွဲ့
ညိုနွဲ့ရဲ့လေး။

မြန်မာလူမျိုးဆိုတာ မွေးကတည်းက ကဗျာကို ချစ်မြတ်နိုးခဲ့ကြတယ်လို့ပြောရင် လွန်မယ် မထင်ပါဘူးရှင်။ အမေ့ရင်ခွင်ထဲက အို … အေး … အို … ဆိုတဲ့ အမေ့ရဲ့ သားချော့တေးလေးနဲ့ မှေးအိပ်ခဲ့ကြရတာ မဟုတ်ပါလား။

* လူကလေးရဲ့ ငို
ခိုဖမ်းလို့ပေး။
ခိုဖြူ ခိုပြာနက်ကယ်
ဖမ်းခက်လှသေး ….. ဆိုတဲ့ကဗျာ

* ကြောင်ဘားရဲ့ မြီးတံတို …
အဆီကို စားပါလို့
အသားကိုမြို။
ကြောင်အိုရယ် ပေမှေး
ကိုက်ပါလှည့်လေး။

ဒီကဗျာလေးတွေနဲ့ အမေ့ရင်ခွင်ထဲမှာ မှေးစက်လာခဲ့ရတဲ့ ကျွန်မတို့ဟာ နောင် ကြီးပြင်းလာတော့လည်း ကဗျာလေးတွေကို ချစ်တတ်လာခဲ့ပါတော့တယ်။ အသက်အရွယ်ပေါ်မူတည်ပြီး ကြိုက်နှစ်သက်တဲ့ ကဗျာလေးတွေကတော့ ပြောင်းလဲလာခဲ့ပါတယ်။

ဆယ်ကျော်သက်အရွယ်မှာ အလှကဗျာလေးတွေ၊ အချစ်ကဗျာလေးတွေကို နှစ်သက်မြတ်နိုးမိသလို အရွယ်လေးရလာပြီး ရင့်ကျက်လာပြန်တော့လည်း အတွေးအခေါ် ရင့်ကျက်တဲ့ ကဗျာလေးတွေ







ဘဝအားမာန်ပါတဲ့ ကဗျာလေးတွေကို နှစ်သက်လာခဲ့မိပါတယ်။ ဒီထက် ဒီထက်ပိုပြီး အသက်အရွယ်ကြီးရင့်လာပြန်တော့လည်း ဓမ္မနဲ့ လွှမ်းခြုံထားတဲ့ ကဗျာလေးတွေကို ပိုပြီး ရွေးချယ်ဖတ်ရှုဖြစ်လာခဲ့ပါတယ်။

ကျွန်မက ကဗျာချစ်သူ၊ ကဗျာမြတ်နိုးသူတစ်ယောက်ဖြစ်လို့ စွဲစွဲမက်မက်ရေးဖွဲ့ ဖတ်ရှုနေပေမယ့် သိပ်ပြီး အောင်မြင်ကျော်ကြားသူတစ်ယောက်တော့ ဖြစ်မလာခဲ့ပါဘူး။ ဒါပေမယ့် ကျွန်မကဗျာနဲ့ပတ်သက်တဲ့ သတင်းတွေကို အမြဲ စူးစိုက်နားထောင်တယ်။ ကဗျာနဲ့ပတ်သက်တဲ့ ပွဲလမ်းသဘင်တွေ ဥပမာ ကဗျာရွတ်ပွဲ၊ ကဗျာစာအုပ်မိတ်ဆက်ပွဲတွေဆိုရင် အမြဲတက်ရောက်လေ့ရှိပါတယ်။

ဒီနေရာမှာ ပြောစရာရှိတာက ကျွန်မနဲ့ ကျွန်မတို့ သူငယ်ချင်းတွေဟာ ဂန္ထဝင်ကဗျာကို အခြေခံပြီး ကဗျာကိုချစ်မြတ်နိုးလာခဲ့တာ အမှန်ဆိုပေမယ့် ခေတ်ရေစီးနဲ့အတူ ပေါ်ပေါက်လာတဲ့ ခေတ်ပေါ်ကဗျာကိုလည်း မပစ်ပယ်ခဲ့ပါဘူး။ ခေတ်ပေါ်ကဗျာလေးတွေက ဂန္ထဝင်ကဗျာလို ကာရန်တွေ၊ အသံတွေက စီးစီးပိုင်ပိုင်နားထဲစွဲသွားအောင် ရွတ်လို့မရပေမယ့် သူတို့လည်း သူတို့ဟန်နဲ့ သူတို့လှနေကြတာပါပဲ။ တချို့ခေတ်ပေါ်ကဗျာလေးတွေက အသံလေးတွေ သာယာပြီး အဖြတ်အတောက်လေးတွေနဲ့ ရွတ်ပြရင်၊ ပြီးတော့ အဓိပ္ပာယ်လေးနက်မှုရှိရင် သူတို့လည်း စွဲမက်စရာကဗျာလေးတွေပါပဲ။

ဒါ့ကြောင့် ကျွန်မကတော့ ကဗျာဆိုရင် ဂန္ထဝင်ကဗျာကိုလည်း နှစ်သက်တယ်။ ခေတ်ပေါ်ကဗျာကိုလည်း နှစ်သက်တယ်။ မူလရင်းမြစ် မြန်မာ့အမွေအနှစ်ဖြစ်တဲ့ ဂန္ထဝင်ကဗျာကို ပစ်ပယ်လို့မရသလို ခေတ်ရေစီးကြောင်းအရ ပေါ်ပေါက်လာတဲ့ ခေတ်ပေါ်ကဗျာလေးတွေကိုလည်း ကျွန်မတို့ နှစ်သက်ရမှာပဲ မဟုတ်ပါလား။

(၂)

ကျွန်မ မှတ်မိနေပါသေးတယ်။

လွန်ခဲ့တဲ့ ၄ နှစ်ခန့်က ဖြစ်ပါတယ်။ စာပေကဗျာကို ချစ်မြတ်နိုးတဲ့ ကျွန်မတို့ သူငယ်ချင်းတစ်စု အင်မတန်ကြီးကျယ်ခမ်းနားတဲ့ စာပေညီလာခံပွဲသဘင်ကြီးတစ်ခုကို တက်ရောက်ခဲ့ရပါတယ်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်နေ့များလို့ မှတ်မိနေပါတယ်။ မြန်မာတစ်နိုင်ငံလုံးက စာရေးဆရာ၊ ကဗျာဆရာတွေ တက်ရောက်ကြပြီး လေးရက်တိုင်တိုင် ကျင်းပခဲ့ပါတယ်။ Panel Talk လို့ခေါ်တဲ့ စာပေစကားဝိုင်းတွေလည်း နေရာတွေခွဲပြီး ကျင်းပခဲ့ကြပါတယ်။ ကျွန်မလည်း ဆောင်းပါးလေး၊ ကဗျာလေး အနည်းအကျဉ်း ရေးပြီး သတ်မှတ်ထားတဲ့ ပုဒ်ရေပြည့်လို့ စာရေးဆရာ အသင်းဝင်တစ်ယောက်အဖြစ် အသိအမှတ်ပြုခံခဲ့ရပြီးဖြစ်တာကတစ်ကြောင်း၊ ကျွန်မထက် အများကြီး အောင်မြင်မှုရနေတဲ့ စာပေနယ်က သူငယ်ချင်းမိတ်ဆွေများရဲ့ အားပေးလက်တွဲ ခေါ်ယူမှုကြောင့်တစ်ကြောင်း စာပေညီလာခံကြီးကို တစ်ရက်မှမပျက်ဘဲ တက်ရောက်ခဲ့ပါတယ်။

ကျွန်မချစ်ခင်လေးစားတဲ့ စာရေးဆရာ၊ ကဗျာဆရာတွေကို အမည်နဲ့လူကိုတွဲဖက်ပြီး ရှုမြင်ခဲ့ရတဲ့အတွက် ကျွန်မရင်ထဲမှာခံစားရတဲ့ ဝမ်းသာပီတိကတော့ ဘာနဲ့မှနှိုင်းယှဉ်လို့ မရပါဘူး။ ဆရာကြီး၊ ဆရာမကြီးတွေနဲ့တွဲပြီး ဓာတ်ပုံတွေရိုက်လိုက်၊ ညီလာခံက ကျွေးမွေးတဲ့ နံနက်စာ၊ နေ့လယ်စာတွေ စားလိုက်နဲ့ ကျွန်မတို့အားလုံး ပျော်မဆုံး မော်မဆုံးပါပဲ။



မြို့ခံကဗျာဆရာနှစ်ဦး မြို့တွင်းလှည့်လည်ဆန္ဒထုတ်ဖော်စဉ်။
ဓာတ်ပုံ - ကိုကိုသဲမောင်

မြဝတီမြို့တွင် မြို့ခံကဗျာဆရာနှစ်ဦး
အမျိုးသားစာပေ(ကဗျာ)ဆု ဆုနှစ်ဆုပေးရေး ဆန္ဒထုတ်ဖော်

**မြဝတီ၊ ဇွန် ၉–** ကရင်ပြည်နယ် မြဝတီမြို့တွင် အမျိုးသားစာပေ(ကဗျာ)ဆုပေးရာတွင် ခေတ်ပေါ်ကဗျာနှင့် မြန်မာ့အစဉ်အလာကဗျာ နှစ်မျိုးနှစ်ဆုပေးရန် ဒေသခံကဗျာဆရာနှစ်ဦးက မြဝတီမြို့တွင်း၌ ငြိမ်းချမ်းစွာ စိတန်းလှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

…ရှုပြီး အမျိုးသားစာပေ(ကဗျာ)ဆုကို တစ်ဆုတည်းပေးဖို့ လူ ၆၀ ခန့်နဲ့ ထပ်မံမဲခွဲဆုံးဖြတ်ခဲ့တာကြောင့် ကျွန်တော်တို့ ဒေသခံ ကဗျာဆရာနှစ်ဦးက ကျေနပ်မှုမရှိတဲ့အတွက် အခုလို ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်တာဖြစ်ပါတယ်"ဟု မြဝတီမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသက်ဦး(ကဗျာဆရာ၊ စာရေးဆရာ သက်ဦးနိုင်-မြဝတီ)က ပြောသည်။

KKTM(MWE

**❐ တစ်နိုင်ငံလုံးက စာရေးဆရာ၊ ကဗျာဆရာများအားလုံး အတိုင်းမသိပျော်ရွှင်ကြရပါတယ်။ အနှစ်ကိုလည်း မပစ်ပယ်၊ အသစ်ကိုလည်း ချစ်စဖွယ်ကို အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတာဟာ ဘယ်လောက်များ တရားမျှတလိုက်ပါသလဲ။ ကျွန်မ နှုတ်ဖျားမှာ ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင်ဆိုတဲ့ သီချင်းလေးကို တဖွဖွ ရေရွတ်နေမိ**

စာရေးဆရာ၊ ဆရာမကြီးတွေ အုပ်စုလေးတွေခွဲပြီး ဆွေးနွေးကြတဲ့ စာပေစကားဝိုင်းလေးတွေကတော့ ကျွန်မတို့အတွက် အင်မတန်မှ စာပေဗဟုသုတတွေ ရရှိစေခဲ့ပါတယ်။

ကျွန်မအနှစ်သက်ဆုံးကတော့ မြန်မာကဗျာနဲ့ပတ်သက်တဲ့ စာပေစကားဝိုင်းပါပဲ။ ကျွန်မက အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်း ထူးချွန်အောင်မြင်လှတဲ့ ကဗျာဆရာမတစ်ယောက် ဖြစ်မလာခဲ့ပေမယ့် ကဗျာကိုတော့ ချစ်တယ်လေ။ ဆောင်းပါးလေးတွေ၊ ဝတ္ထုလေးတွေ ကြိုကြားကြိုကြား ရေးသားနေပေမယ့် ကဗျာက ကျွန်မရဲ့ ပထမအချစ်လို့ ပြောမယ်ဆိုရင် ပြောလို့ရပါတယ်။

အဲဒီနေ့က ကဗျာနဲ့ပတ်သက်တဲ့စကားဝိုင်းမှာ ဆွေးနွေးကြတဲ့ ဆရာကြီး၊ ဆရာမကြီးတွေက ကျွန်မတို့ အလွန်နှစ်သက်လေးစားရတဲ့ ဆရာကြီး၊ ဆရာမကြီးတွေပါ။ ဆရာ မောင်ခင်မင် (ဓနုဖြူ)၊ ဆရာမစမ်းစမ်းနွဲ့(သာယာဝတီ)၊ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာမြင်းမူမောင်နိုင်မိုးနဲ့ ဆရာမြေလတ်မောင်မြင့်သူတို့ ဖြစ်ပါတယ်။ အဓိကဆွေးနွေးတာကတော့ အမျိုးသားယဉ်ကျေးမှု၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

အမျိုးသားကဗျာ၊ အမျိုးသားစာဆိုတဲ့ ခေါင်းစဉ်ကို အခြေခံပြီး အမျိုးသားစာပေဆုချီးမြှင့်တဲ့အခါမှာ ကဗျာဆုကို နှစ်ဆုခွဲပေးရေးပဲ ဖြစ်ပါတယ်။

ဂန္ထဝင်ကဗျာနဲ့ ခေတ်ပေါ်ကဗျာကို တစ်ဆုစီ ခွဲပြီး နှစ်စဉ် ကဗျာဆုကို နှစ်ဆုပေးဖို့ အဆိုတင်သွင်းကြတဲ့ စာပေစကားဝိုင်းပါ။ ဟုတ်တယ်လေ။ ဂန္ထဝင်ကဗျာနဲ့ ခေတ်ပေါ်ကဗျာက ပုံသဏ္ဌာန်ချင်း တူမှ မတူဘဲကို။ ရိုးရာအမွေအနှစ် မူလဂန္ထဝင်ကဗျာကို ချီးမြှောက်သလို လမ်းရိုးဟောင်းတွင် ဆင့်ကာထွင် ဆိုတဲ့အတိုင်း ခေတ်ရေစီးနှင့်အတူ ပေါ်ပေါက်လာတဲ့ ခေတ်ပေါ်ကဗျာကိုလည်း ချီးမြှောက်အားပေးရမယ် ဆိုတာ အင်မတန်မှ တရားမျှတပါတယ်။

အဲဒီစကားဝိုင်းမှာ ဆရာကြီး၊ ဆရာမကြီးတွေက ချက်နဲ့လက်နဲ့ တက်ကြွရွှင်လန်းစွာ ဆွေးနွေးသွားကြတာ တကယ်ကို မမေ့နိုင်စရာပါပဲ။ Panel Talk ဆိုတဲ့ စာပေစကားဝိုင်းကို တက်ရောက်လာကြတဲ့ ပရိသတ်အားလုံးကလည်း ကဗျာဆုနှစ်ဆုပေးမှာကို တစ်ခဲနက် ထောက်ခံကြတယ်။ ဒါက အခန်းလေး တစ်ခန်းထဲမှာ ကျင်းပပြုလုပ်တဲ့ စကားဝိုင်းလေးပဲ ရှိသေးတယ်နော်။ နောက်တစ်နေ့မှာ တစ်နိုင်ငံလုံးက တက်ရောက်လာတဲ့ စာရေးဆရာ၊ ကဗျာဆရာ အားလုံးရဲ့ဆန္ဒကို ခံယူရဦးမှာ။ ဒီမိုကရေစီခေတ်ကာလမှာ အများဆန္ဒကိုလိုက်လျောရမှာ ဆောင်ရွက်ပေးရမှာက ဒီမိုကရေစီရဲ့ကျင့်စဉ်ပဲ မဟုတ်ပါလားရှင်။

(၃)

ကျွန်မ မှတ်မိနေပါတယ်။

စာပေညီလာခံရဲ့နောက်ဆုံးနေ့မှာ အမျိုးသားစာပေဆု (ကဗျာဆု) နဲ့ပတ်သက်ပြီး တစ်နိုင်ငံလုံးက တက်ရောက်လာတဲ့ စာရေးဆရာ၊ ကဗျာဆရာများရဲ့ ဆန္ဒခံယူပွဲကို မဲစနစ်နဲ့ ကျင်းပပါတယ်။

အမျိုးသားစာပေဆု ကဗျာဆု တစ်ဆုပေးမလား၊ နှစ်ဆုပေးမလား၊ ဆန္ဒခံယူပွဲ အခမ်းအနားစပါပြီ။

အဲဒီဆန္ဒခံယူပွဲကို အခမ်းအနားမှူးနှစ်ဦးက တစ်လှည့်စီ ရှင်းပြကြပါတယ်။ သူတို့ရဲ့ မေးမြန်းချက်ကို သဘောတူရင် အစိမ်းရောင်ကတ်ပြားလေးကို ထောင်ပြပါ။ သဘောမတူဘူးဆိုရင် အနီရောင်ကတ်ပြားလေးထောင်ပြပါလို့ ပရိသတ်ကို ကြိုတင်အသိပေးပါတယ်။

**မေး။ ။ အမျိုးသားစာပေဆုကဗျာဆုကို ဆု တစ်မျိုးတည်းပေးတာကို သဘောတူကြပါသလား ခင်ဗျား။**

**အားလုံးဖြေ။** ။ သဘောမတူပါဘူး ခင်ဗျား။ (အနီရောင်တွေလွှမ်းသွားသည်။ အစိမ်းရောင်က မဖြစ်စလောက်။)

**မေး။ ။ အမျိုးသားစာပေဆု(ကဗျာဆု) ကိုဂန္ထဝင်ကဗျာဆုနဲ့ ခေတ်ပေါ် ကဗျာဆုဟူ၍ နှစ်မျိုးခွဲခြားပေးမည်ဆိုလျှင် သဘောတူကြပါသလား ခင်ဗျား။**

**ဖြေ။** ။ သဘောတူပါတယ် ခင်ဗျား။ (အစိမ်းရောင်တွေ လွှမ်းသွားလေသည်။ အနီရောင်က မဖြစ်စလောက်။)

အခမ်းအနားမှူးက အကြိမ်ကြိမ်အထပ်ထပ် မေးပါတယ်။ တစ်နိုင်ငံလုံးမှ တက်ရောက်လာကြသော စာရေးဆရာ၊ ကဗျာဆရာများက အထပ်ထပ် အကြိမ်ကြိမ် ဖြေကြားကြပါတယ်။ နောက်ဆုံးတော့ ညီလာခံ၏ အဖြေက ရှင်းလင်းစွာ ပေါ်ထွက်လာခဲ့ပါပြီ။

"အမျိုးသားစာပေဆု (ကဗျာဆု)ကို နှစ်မျိုးနှစ်စားခွဲခြား၍ ဆုချီးမြှင့်ပေးသင့်သည်။ ထိုနှစ်မျိုးမှာ ဂန္ထဝင်ကဗျာဆုနှင့် ခေတ်ပေါ်ကဗျာဆုဟူ၍ပင် ဖြစ်ပေသည်" ဟူ၍ပါပဲရှင်။ အဲဒီနေ့က ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့။

(၄)

ကျွန်မ မှတ်မိနေပါတယ်။

တစ်နိုင်ငံလုံးက စာရေးဆရာ၊ ကဗျာဆရာများ အားလုံးအတိုင်းမသိ ပျော်ရွှင်ကြရပါတယ်။ အနှစ်ကိုလည်း မပစ်ပယ်၊ အသစ်ကိုလည်း ချစ်စဖွယ်ကို အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတာဟာ ဘယ်လောက်များ တရားမျှတလိုက်ပါသလဲ။ ကျွန်မ နှုတ်ဖျားမှာ ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင်ဆိုတဲ့ သီချင်းလေးကို တဖွဖွ ရေရွတ်နေမိပါတယ်။

မြန်မာကဗျာကို ချစ်မြတ်နိုးတဲ့ ကျွန်မတို့အတွက်တော့ အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားလို့ ပြောရမှာဖြစ်ပါတယ်။

နှစ်ကာလရှည်ကြာစွာ အငြင်းပွားနေကြတဲ့ မတူညီသော သဘောထားများကို နီးစပ်တူညီအောင် ဆောင်ရွက်ပေးခဲ့တဲ့ စာပေညီလာခံကြီးကိုလည်း ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး။ "**ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ**" ဆိုတဲ့ မြန်မာစကားပုံတစ်ခုရှိခဲ့သလို "**ပန်းလည်းလှစေ ပျားလည်းဝစေ**" ဆိုတဲ့ တိုင်းရင်းသားစကားပုံတစ်ခု ရှိတယ်ဆိုတဲ့ အကြောင်း စာရေးဆရာကြီးတစ်ဦး ရေးသားခဲ့တာကို ကျွန်မသတိရမိရင်း ပီတိတွေအထပ်ထပ် ရင်ထဲမှာ တလှပ်လှပ်ဖြစ်လို့ နေပါတော့တယ်။

(၅)

ကျွန်မ မှတ်မိနေပါတယ်။

စာပေညီလာခံကြီးပြီးတဲ့နောက်ပိုင်း အမျိုးသားစာပေဆုတွေ ကြေညာတဲ့သတင်းတွေပေါ့။

စာပေသတင်းတွေကို အမြဲတမ်းနားစိုက်ထောင်ခဲ့တဲ့ ကျွန်မတို့တစ်တွေရဲ့ ရင်ထဲမှာ မျှော်လင့်ချက်တွေ အပြည့်နဲ့ပါရှင်။ အမျိုးသားစာပေဆု (ကဗျာဆု)ကို ဆုနှစ်မျိုးကြေညာတော့မယ်ပေါ့။ ဒါပေမယ့်လည်း ၂၀၁၆/၂၀၁၇/၂၀၁၈/၂၀၁၉ နှစ်များအတွက် အမျိုးသားစာပေဆုများကို ကြေညာသွားတာက ဆုတစ်မျိုးတည်းပါပဲရှင်။ အဲဒီတစ်မျိုးတည်းကလည်း ခေတ်ပေါ်ကဗျာကိုသာ ဆုချီးမြှင့်ခဲ့ပါတော့တယ်။ ဂန္ထဝင်ကဗျာဆု သို့မဟုတ် အစဉ်အလာမြန်မာကဗျာဆုကိုတော့ အရိပ်အယောင်တောင် မမြင်ရပါဘူးရှင်။

ဩော် ... ဘယ်လိုများဖြစ်ရတာပါလိမ့်။ ကဗျာဆု တစ်ဆုပေးရေး၊ နှစ်ဆုပေးရေးကို အခြေခံပြီး ဒီညီလာခံကြီး ပေါ်ပေါက်လာခဲ့တာပါလို့ ညီလာခံကို ဦးဆောင်ကျင်းပသူအချို့ရဲ့ စကားသံကို ကျွန်မ တစ်ဆင့်စကား ကြားသိခဲ့ရပါတယ်။ ညီလာခံကလည်း ဆုနှစ်ဆုပေးရေးကို အများရဲ့ရှေ့မှောက်မှာ ထင်ရှားစွာ ဆုံးဖြတ်ပေးခဲ့ပါတယ်။

သို့ပေမဲ့ မဖြစ်လာခဲ့ဘူးလေ။

ဘာကြောင့်ပါလဲ၊ ဘယ်အတွက်လဲ၊ ဘယ်သူက တားဆီးခဲ့လို့ပါလဲ။ ကျွန်မ မစဉ်းစားချင်ပေမယ့် စဉ်းစားစရာတွေ အများကြီးရှိခဲ့ပါတယ်။ မြို့နယ်တစ်မြို့နယ်က မကျေနပ်သူတွေ ဆန္ဒထုတ်ဖော်လာကြပါတယ်။ စာပေဟူသည့် ဘဝအလင်းရောင်မီးရှူးတန်ဆောင်လို့ လက်ခံယုံကြည်သူတိုင်း စာပေလောကသားတို့၏ စာပေအပေါ်ထားရှိတဲ့ မှန်ကန်သော စေတနာဆန္ဒကို လိုက်လျောဖြည့်စွမ်းပေးရမှာပါ။

အခုတော့လည်း အချိန်ကာလတွေ၊ အခြေအနေတွေ ပြောင်းလဲလာခဲ့ပါပြီ။ ဘယ်အရာမှ တည်တံ့နေတာ မရှိတဲ့အတွက် မမြဲတာဟာ မြဲတဲ့တရားပဲ ဖြစ်တယ်ဆိုတာတော့ ကျွန်မတို့ လက်ခံယုံကြည်ရမှာပါ။

အဲဒီတော့ ...ကျွန်မတို့သည် အမျိုးသားစာပေဆု ကဗျာဆုတွင် တစ်မျိုးတည်းသာပေးရမည်၊ တစ်ဆုတည်းသာပေးရမည်ဆိုတဲ့ အယူအဆ၊ ဆုံးဖြတ်သတ်မှတ်ချက်ဟာ အမြဲထာဝရဆုပ်ကိုင်ထားရမယ့် တရားသေဝါဒမဟုတ်ဘူးလို့ ယုံကြည်မိပါတယ်။ ဒါကြောင့် ပန်းလည်းလှဖို့ ပျားလည်းဝဖို့၊ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာဖြစ်စေဖို့ ပြုပြင်သင့်တာတွေကို ပြုပြင်သင့်ပါပြီလို့ သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို တင်ပြလိုပါတယ်။

ဟုတ်ကဲ့။

ကျွန်မ တကယ်ကို မှတ်မိနေတဲ့ ဂန္ထဝင်ကဗျာ၊ ခေတ်ပေါ်ကဗျာလေးတွေ အားလုံး လန်းဆန်းစိုပြည် အလှဆင်နိုင်ကြပါစေရှင်။



ကဗျာဆုနှစ်ဆုပေးရေးအတွက် ပြုလုပ်သည့် စာပေစကားဝိုင်းသို့ တက်ရောက်နားထောင်ကြသူများကို တွေ့ရစဉ်။



ကဗျာဆုနှစ်ဆုပေးရေး စာပေစကားဝိုင်းအပြီး ဆွေးနွေးဟောပြောသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ဂိမှာန်နွေရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၂၇**

ဂိမှာန်နွေရာသီတေးသီချင်းများဖျော်ဖြေပွဲ၏ ပွဲစဉ်(၅)ကို မေ ၂၈ ရက် ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၊ မြန်မာ့အသံဆိုင်းဝိုင်းကြီးအဖွဲ့၊ သံစုံတီးဝိုင်းအဖွဲ့တို့နှင့်အတူ နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် ကိုခင်မောင်သန်း၊ တက္ကသိုလ်ကိုကိုဇော်၊ ရဲထိုက်၊ ကျော်စိုးဦး၊ မေနွယ်စိုး၊ ရွှေရည်ဝင်း၊ ရွှေယမင်းဦးနှင့် ရဲရင့်ဝေလွင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်ခဲ့မှုကို မေ ၃၀ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတစ်ဝန်း ကျောင်းအပ်နှံရေးအခမ်းအနားများ ကျင်းပ၊ ကျောင်းအပ်နှံမှုများ ဆက်လက်ဆောင်ရွက်

ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၁ ခုနှစ် မေ ၂၄ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ပြီး ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်း ကျောင်းအပ်နှံရေး အခမ်းအနားများ ကျင်းပပြီး ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုများ ဆက်လက်ဆောင်ရွက်ကြသည့် မြင်ကွင်းများကို စုစည်းဖော်ပြအပ်ပါသည်။



မြဝတီမြို့နယ်၌ ကျောင်းအပ်နှံကြသူများကို တွေ့ရစဉ်။ ထိန်းလင်းအောင်(ပြန်/ဆက်)



မတ္တရာမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံကြစဉ်။ စိုးကျော်သူထွေး(မတ္တရာ)



ကျောက်ပန်းတောင်းမြို့နယ်၌ ကျောင်းသားတစ်ဦးအား ကျောင်းသုံးစာအုပ်များ ပေးအပ်စဉ်။ နေအောင်(ပြန်/ဆက်)



ရွှေသောင်ယံမြို့၌ ကျောင်းသူများ ကျောင်းအပ်နှံကြစဉ်။ ရွှေသောင်ယံ(ပြန်/ဆက်)



ရေဦးမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံကြစဉ်။ သန်းထိုက်(ရေဦး)



မင်းလှမြို့နယ်၌ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



ဇီးကုန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ တင့်ဆွေ(ပြန်/ဆက်)



ဗန်းမော်မြို့နယ်၌ တာဝန်ရှိသူတစ်ဦးက ကျောင်းသားတစ်ဦးအား စာရေးကိရိယာများ ပေးအပ်စဉ်။ ဂဖဇ



လောက်ကိုင်မြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေး အခမ်းအနား ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)



ကျောက်ကျေသီးမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေး အခမ်းအနား ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

# အမေရိကန်၊ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဟိုဆေးတွင် သေနတ် ပစ်ခတ်မှုဖြစ်ပွားရာ ကိုးဦးသေဆုံး



အခင်းဖြစ်ပွားရာနေရာတွင် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

ကယ်လီဖိုးနီးယား မေ ၂၇

**အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဟိုဆေးမြို့လယ်မြောက်ပိုင်းရှိ ဗေလီသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ခြံထဲတွင် မေ ၂၆ ရက်နံနက်ပိုင်းက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ သံသယရှိသူအပါအဝင် လူကိုးဦးသေဆုံးခဲ့ပြီး တစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားလိုက်သည်။**

အဆိုပါ သေနတ်ပစ်ခတ်မှုကြောင့် လူရှစ်ဦး အခင်းဖြစ်ပွားရာနေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ပြီး တစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ အခြေအနေ အသေးစိတ်ကို မသိရသေးကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောသည်။ ထို့အပြင် အခင်းဖြစ်ပွားရာနေရာတွင် သေနတ်ပစ်ခတ်သူဟု သံသယရှိသူတစ်ဦးလည်း သေဆုံးခဲ့ကြောင်း သိရသည်။

ရဲအရာရှိများက သေနတ်သမားမှာ ဆန်မျူရယ် ကက်ဆီဒီဖြစ်ပြီး အသက် ၅၇ နှစ်ရှိကာ အိမ်ရာ ရွေ့ပြောင်းထိန်းသိမ်းရေး အလုပ်သမားတစ်ဦး ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

သေနတ်ပစ်ခတ်ခံရသူအချို့မှာ ၎င်းနှင့်အဆင့်တူအလုပ်သမားများဖြစ်ကြောင်း သိရသည်။ စုံစမ်းစစ်ဆေးရေးဌာနက စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း ပြည်တွင်းသတင်းမီဒီယာများတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

## ရွှေ့ဆိုင်းထားသော အေဆမ်အစည်းအဝေးကို ကမ္ဘောဒီးယား ပြန်လည်ကျင်းပမည်

**ဖနောင်ပင် မေ ၂၇**

(၁၃)ကြိမ်မြောက် အေဆမ် (အေဆမ် ၁၃) အစည်းအဝေးကို လက်ခံကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံသည် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ယင်းအစည်းအဝေးကို ရွှေ့ဆိုင်းခဲ့ရာ ယခုအခါ နိုဝင်ဘာ ၂၅- ၂၆ ရက်တွင် ပြန်လည်ကျင်းပရန် စီစဉ်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အဆင့်မြင့် အရာရှိတစ်ဦးက ပြောကြားလိုက်သည်။

အေဆမ် ၁၃ အစည်းအဝေးကို နိုဝင်ဘာ ၂၅- ၂၆ ရက်တွင် ပြန်လည်ကျင်းပရန် ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က သဘောတူခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီး လွှိုင်ဒေးဗစ်က ပြောသည်။

မူလက ကမ္ဘောဒီးယား မြို့တော် ဖနောင်ပင်တွင် လွန်ခဲ့သောနှစ် နိုဝင်ဘာ ၁၆- ၁၇ တွင် ကျင်းပရန် လျာထားခဲ့သော်လည်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် မကျင်းပနိုင်ခဲ့ပေ။

အဆိုပါ အစည်းအဝေးကို ယခင်က ၂၀၂၁ ခုနှစ် နှစ်လယ်အထိ ရွှေ့ဆိုင်းခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဆက်လက် မြင့်တက်လာသောကြောင့် ၂၀၂၁ ခုနှစ် နောက်ဆုံးလေးလပတ်အထိ ရွှေ့ဆိုင်းခဲ့ခြင်း ဖြစ်သည်။

အာရှ-ဥရောပအစည်းအဝေးကို ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မိတ်ဖက် ၅၃ နိုင်ငံပါဝင်ခဲ့ကာ အာရှ ၂၁ နိုင်ငံ၊ ဥရောပ ၃၀ နိုင်ငံ၊ အာဆီယံအတွင်းရေးမှူးရုံးနှင့် ဥရောပသမဂ္ဂတို့ ပါဝင်သည်။ **ဆင်ဟွာ**




၂၀၁၈ခုနှစ်က ကျင်းပခဲ့သည့် အေဆမ်အစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။

## ဆီးရီးယားအကျပ်အတည်းဖြေရှင်းရန် နိုင်ငံရေးနည်းလမ်းတိုးမြှင့်လုပ်ဆောင်ရန် တရုတ်သံတမန်တိုက်တွန်း

**ဂျီနီဗာ မေ ၂၇**

ဆီးရီးယားအကျပ်အတည်းဖြေရှင်းရန် ၊ နိုင်ငံရေးနည်းလမ်းကို တိုးမြှင့်လုပ်ဆောင်ရန်၊ လုံခြုံရေးအခြေအနေတိုးမြှင့်ရန်၊ စီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခန်းကဏ္ဍများတွင် ဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို ဖြေရှင်းရန် တရုတ်သံတမန်တစ်ဦးက မေ ၂၆ ရက်က တိုက်တွန်းပြောကြားလိုက်သည်။

ဆယ်စုနှစ်ချီကြာ ဖြစ်ပွားနေသော ဆီးရီးယားပဋိပက္ခသည် လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုများကို သောကပွေစေသည်။ ကုလသမဂ္ဂ၊ လုံခြုံရေးကောင်စီတို့သည် ဆီးရီးယားပြည်သူများ ခံစားနေရသော ဒုက္ခဝေဒနာများကို သက်သာစေရန် ဆီးရီးယားအကျပ်အတည်းကို စောစောစီးစီး အဆုံးသတ်ရန် အားထုတ်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ တရုတ်အမြဲတမ်း ကိုယ်စားလှယ် ဇောင်ဂျွန်က ပြောသည်။ ဆီးရီးယားနိုင်ငံရှိ ပါတီများအားလုံးကို ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဂီယာပီတာဆန်နှင့် ဆက်သွယ်ဆောင်ရွက်ရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကော်မတီ၏ လုပ်ငန်းစဉ်များကို ထိန်းသိမ်းရန် ၎င်းကတိုက်တွန်းထားသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေကော်မတီသည် လွတ်လပ်စွာဖြင့် ပြည်ပနှောင့်ယှက်မှု ကင်းစွာ အလုပ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်ဆိုရာတွင် ဆီးရီးယားတို့ကိုယ်တိုင် ဦးဆောင်ပြီး ၎င်းတို့ကိုယ်တိုင် ပါဝင်သွားရန်ပင်ဖြစ်ကြောင်းနှင့် ဆီးရီးယားရှိ အခြေအနေများ တိုးတက်ရန် စွမ်းစွမ်းတမံ လုပ်ဆောင်သင့်ကြောင်း ၎င်းက ဆက်လက် တိုက်တွန်းပြောကြားထားသည်။

**ဆင်ဟွာ**

## တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲဝင် ဂျပန်ကိုယ်စားလှယ်အဖွဲ့ ဇွန် ၁ ရက်တွင် ကာကွယ်ဆေးထိုးခံရမည်

**တိုကျို မေ ၂၇**

တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲအတွက် ရွေးချယ်ထားသော ဂျပန်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁ ရက်မှစကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခံရတော့မည်ဖြစ်ကြောင်း ဂျပန်အိုလံပစ် ကော်မတီက ကြေညာလိုက်သည်။ ဂျပန်ကိုယ်စားလှယ်အဖွဲ့တွင် အားကစားသမား၊ နည်းပြ၊ အရာရှိများအပါအဝင် စုစုပေါင်း ၁၆၀၀ ခန့်ပါဝင်ပြီး ၎င်းတို့ကို တိုကျို အမျိုးသားလေ့ကျင့်ရေး စင်တာတွင် လာမည့်သီတင်းပတ် အင်္ဂါနေ့မှစကာ ကာကွယ်ဆေးထိုးနှံပေးတော့မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီနှင့် သဘောတူညီမှုရရှိခဲ့ပြီးနောက် အမေရိကန်ဆေးဝါးကုမ္ပဏီဖိုက်ဇာက ၎င်း၏ ကာကွယ်ဆေးများကို တိုကျိုသို့ လာမည့် အားကစားသမားများနှင့် အရာရှိများကို ထောက်ပံ့ပေးရန် သဘောတူခဲ့သည်။ အဆိုပါ ကာကွယ်ဆေးများမှာ ဂျပန်နိုင်ငံသို့ ရောက်နှင့်နေပြီဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# တရုတ်ဆီနိုဖမ်း ဒုတိယအသုတ်ကာကွယ်ဆေး သီရိလင်္ကာအစိုးရ လက်ခံရရှိ

**ကိုလံဘို မေ ၂၇**

သီရိလင်္ကာအစိုးရသည် နိုင်ငံအတွင်းရှိ ပြည်သူများကို ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးပေးရန် ကြိုးစားဆောင်ရွက်နေစဉ် တရုတ်အစိုးရမှ လှူဒါန်းသော ကိုဗစ်-၁၉ ကာကွယ်ဆေး နောက်ထပ် အသုတ်တစ်သုတ်ကို လက်ခံရရှိခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ပေကျင်းက ပေးပို့လိုက်သော ကာကွယ်ဆေးများသည် ဘန်ဒါရာနစ် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မေ ၂၅ ရက်ညက ရောက်ရှိလာခဲ့ရာ သီရိလင်္ကာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချီကျန်ဟောင်က လက်ခံရယူခဲ့ပြီး သီရိလင်္ကာ ကျန်းမာရေးဝန်ကြီး ပါဗီတရာဝမ်နီယာရာချီထံ လွှဲပြောင်းပေးခဲ့သည်။

ယခုအကြိမ်ရောက်ရှိလာသော ကာကွယ်ဆေးများသည် တရုတ်နိုင်ငံမှ ဒုတိယအသုတ် ထပ်မံရောက်ရှိလာခြင်းဖြစ်သည်။ မတ်လတွင် တရုတ်နိုင်ငံက ဆီနိုဖမ်းကိုဗစ်- ၁၉ ကာကွယ်ဆေးကို သီရိလင်္ကာအစိုးရသို့ လှူဒါန်းခဲ့သေးသည်။

တရုတ်အစိုးရ၏ ယခုလိုလှူဒါန်းမှုအတွက် ကျေးဇူးတင်ကြောင်း သီရိလင်္ကာကျန်းမာရေးဝန်ကြီးက ပြောသည်။ **ဆင်ဟွာ**

ဘန်ဒါရာနစ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည့် တရုတ် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။



# ကလေးအရွယ်ကတည်းကပင် လက်ထပ်ပေးခြင်းခံနေရသည့် ယီမင်မိန်းကလေးငယ်များ

**နှင်းမိုးအိမ်**

**ယီမင်နိုင်ငံ ဆာနားမြို့တွင် ကြီးပြင်းခဲ့သည့် အယ်အနူ ရှရီယန် ဆိုသော မိန်းကလေးသည် ငယ်ဘဝမှတ်ဉာဏ်များကို ပြန်ပြောပြနေသည်။ ရှရီယန်သည် ငယ်စဉ်ဘဝက မိခင်နှင့်အစ်မဖြစ်သူတို့နှင့်အတူ ငြိမ်းချမ်းစွာ နေထိုင်ခဲ့ရသည်။ သို့သော်လည်း ၎င်းအသက် ၁၂ နှစ်အရွယ်ရောက်လာသည့်အခါတွင်မူ အရာအားလုံးမှာ ပြောင်းလဲသွားခဲ့ရသည်။**



ဆေးရုံတက်ကုသမှုခံယူနေရသည့် အယ်အနူ ရှရီယန်ကို တွေ့ရစဉ်။

### ဖိအားပေး လက်ထပ်ပေးခြင်းခံရ

၎င်းထက်အသက်ကြီးသူ အသက် ၂၀ အရွယ် အမျိုးသားနှင့် ဖိအားပေးလက်ထပ်ပေးခြင်း ခံခဲ့ရသည်။ ထို့နောက် ခုနစ်နှစ်ကြာပြီးသည့်နောက်တွင် ၎င်းကို ဆေးရုံပေါ်၌ ပြန်တွေ့ခဲ့ရသည်။ ခင်ပွန်းဖြစ်သူက နှိပ်စက်ထားသည့်ဒဏ်ရာများဖြင့် ဆေးရုံတက်နေရခြင်းဖြစ်သည်။ အယ်အနူ ရှရီယန်၏မိခင်ဖြစ်သူမှာ နေမကောင်းဖြစ်နေသည့်အတွက် သမီးဖြစ်သူကို လက်ထပ်ပေးခြင်းဖြင့်သာလျှင် သမီးအတွက် လုံခြုံသည့်အနာဂတ်ကို ရရှိလိမ့်မည်ဟု ယုံကြည်ခဲ့သည်။ ဖခင်နှင့် ပတ်သက်သည့် မှတ်ဉာဏ်မှာမူ ၎င်းတွင်မရှိပေ။ ထို့နောက် ရှရီယန်ကို ချမ်းသာသည့် အစ်ကိုဝမ်းကွဲဖြစ်သူ၏ ဒုတိယဇနီးအဖြစ် လက်ထပ်ပေးခဲ့သည်။

### သတိလစ်မေ့မြောသည်အထိ အရိုက်ခံရ

ထို့နောက် မကြာမီ မိခင်ဖြစ်သူမှာ သေဆုံးသွားခဲ့သည်။ မိခင်ဖြစ်သူ သေဆုံးသွားပြီးနောက် ရှရီယန်အတွက် ခင်ပွန်းသည်မှတစ်ပါး အားကိုးရာမရှိတော့ပေ။ ယင်းနောက် မကြာခဏဆိုသလို ရိုက်နှက်ခြင်းခံရပြီး သတိလစ်မေ့မြောသွားသည်အထိ အရိုက်ခံရသည့်နေ့များလည်း ရှိသည်။ သူငယ်ချင်းမင်္ဂလာဆောင်သို့သွားသည့်အခါတွင်လည်း အရိုက်ခံထားရသည့် ဒဏ်ရာများမပေါ်အောင် ဖုံးကွယ်ထားရသည်ဟု ရှရီယန်က ပြောသည်။ ၎င်းသည် နေအိမ်၌မည်သို့ နေထိုင်ရသည်ကို ဘယ်သူမှ မသိစေလိုဟု ၎င်းက ဆက်ပြောသည်။ အကယ်၍ နေအိမ်၌ အဖြစ်မှန်များကိုသာ တခြားသူများသိသွားပါက အခြေအနေများ ပို၍ ဆိုးလာနိုင်သည်ဟု ၎င်းက ပြောသည်။

### အစ်မဖြစ်သူထံထွက်ပြေး

လက်ထပ်ပြီး နှစ်နှစ်အကြာတွင် ရှရီယန်မှာ အစ်မဖြစ်သူထံ ထွက်ပြေးခဲ့သည်။ အစ်မဖြစ်သူက ရှရီယန်၏ ဒဏ်ရာများကို မြင်တွေ့သွားသည့်အခါ အိမ်ထဲသို့ ဆွဲခေါ်သွားခဲ့သည်။ သို့သော်လည်း ယင်းအခြေအနေမှာ ခဏသာဖြစ်ပြီး တစ်နေ့တွင် ခင်ပွန်းဖြစ်သူလက်ထဲ ပြန်ရောက်သွားမည်ကို စိုးရိမ်ထိတ်လန့်နေခဲ့ရသည်။ သူစိုးရိမ်ထိတ်လန့်နေခဲ့ရသည့်နေ့မှာ ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ကျရောက်လာခဲ့သည်။ ခင်ပွန်းဖြစ်သူ အဗ္ဗဒူလာမှာ ၎င်းပုန်းအောင်းနေသည့်နေရာကို ရှာတွေ့သွားခဲ့ပြီး အတင်းအကျပ်ပြန်လာခေါ်ခဲ့သည်။

### အက်စစ်ဖြင့်ပက်

ပြန်လိုက်ရန် ငြင်းဆန်သည့်အတွက် ၎င်း၏မျက်နှာကို အရည်တစ်မျိုးဖြင့်ပက်ဖျန်းလိုက်သည်။ ယင်းနောက် မျက်နှာနှင့် ခန္ဓာကိုယ်တွင် မခံမရပ်နိုင်အောင်နာကျင်ပြီးနောက် သတိလစ်မေ့မြောသွားခဲ့သည်။ ထို့နောက် ၎င်းကိုဆေးရုံပေါ်ခေါ်သွားခဲ့ပြီး ခွဲစိတ်ကုသမှုခံယူစေခဲ့သည်။ ဆာလဖျူရစ်အရည်ထိထားခြင်း ဖြစ်သည်ဟု ဆရာဝန်က သံသယရှိသည်။ ထို့ကြောင့် ခွဲစိတ်မှုအဆင့်ဆင့်ပြုလုပ်ခဲ့သော်လည်း ၎င်း၏မျက်နှာမှာ ဆိုးရွားသည့်အမာရွတ်များကျန်ရစ်ခဲ့ပြီး ဘယ်ဘက်မျက်လုံးဖွင့်ရန်ပင် အတော်ကြိုးစားယူရသည့် အခြေအနေသို့ ရောက်ခဲ့ရသည်။

### ကြောက်ရွံ့မှုများကြီးစိုး

၎င်းမှာ ရုပ်ပိုင်းဆိုင်ရာ အရသာ ထိခိုက်နာကျင်ခံစားခဲ့ရသည်မဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာအရပါ ကြောက်ရွံ့မှုကြီးစိုးနေပြီဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာခံစားချက်မှ ဝေဒနာ ဆက်လက်ခံစားရမည်ကို စိုးရိမ်နေရသည်။ ဘယ်သူနှင့်ပဲ တွေ့တွေ့ ကြောက်ရွံ့နေပြီး ကောင်းကောင်းလည်း မအိပ်တော့ပေ။ ငို၍သာနေတော့သည်။ အက်စစ်ဖြင့်မျက်နှာကို အပက်ခံရပြီးနောက် အရေပြားအစားထိုးမှုကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ရသည်။ အသက် ၁၈ နှစ်အောက် မိန်းကလေးများ အတင်းအကျပ် လက်ထပ်ပေးခံနေရခြင်းမှာ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ယူနီဆက်ဖ်က ပြောသည်။

### မထူးဆန်းသည့်ကိစ္စ

သို့သော်လည်း မိန်းကလေးများ အသက်ငယ်ငယ်နှင့် လက်ထပ်ပေးခံရခြင်းမှာ ယီမင်နိုင်ငံတွင် မထူးဆန်းသည့်ကိစ္စ ဖြစ်သည်။ မိန်းကလေးများ အသက် ၁၀ နှစ်ရောက်လျှင် ပေးစားခံရပြီး ဖခင်များက သတို့သားလောင်းကို ရွေးချယ်ကြသည်။ ယင်းအခြေအနေမှာ ၂၀၁၅ ခုနှစ် ပြည်တွင်းစစ် စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ဆိုးရွားလာခဲ့သည်။ ပြည်တွင်းစစ်ကြောင့် မိသားစုများကို ဆင်းရဲတွင်း ပိုမိုနက်စေခဲ့သည်။ မိဘအများစုမှာ လက်ထပ်ကြေးအတွက် ၎င်းတို့၏ သမီးငယ်များဖြင့် ကမ်းလှမ်းကြသည်။

### အတင်းအကျပ်ပေးစားခံရသည့် ကလေးပေါင်း လေးသန်းကျော်ရှိ

ပြီးခဲ့သည့်နှစ်အတွင်း ယီမင်နိုင်ငံ၌ အတင်းအကျပ်ပေးစားခံရသည့် ကလေးငယ်ပေါင်း လေးသန်းကျော်ရှိသည်ဟု ယူနီဆက်ဖ်၏ ခန့်မှန်းချက်အရ သိရသည်။ ယင်းသို့ အတင်းအကျပ်ပေးစားခံရခြင်းကြောင့် အမျိုးသမီးများအပေါ် အိမ်တွင်းအနိုင်ကျင့်မှုများ ပိုမိုများပြားလာခဲ့သည်။ ခင်ပွန်းဖြစ်သူ၏ အကြမ်းဖက်ခံရမှုကြောင့် ဖုန်းဆက်တိုင်တန်းကြသူ တစ်နေ့လျှင် ၆၀ အထိ ရှိသည်ဟု ဆာနားမြို့ အခြေစိုက် ယီမင်အမျိုးသမီးသမဂ္ဂက ပြောသည်။ တိုင်တန်းမှုများထဲမှ အများစုမှာ ကလေးသူငယ်အရွယ်ဖြင့် လက်ထပ်ပေးခံရသူများ ဖြစ်သည်။ ယီမင်နိုင်ငံတွင် ကလေးသူငယ်အရွယ်ဖြင့် လက်ထပ်ပေးနေသည့် အလေ့အထကို အပြည်ပြည်ဆိုင်ရာမှ ဖိအားပေးကြရန်အတွက်လည်း ယီမင်အမျိုးသားသမဂ္ဂမှ ကြီးကြပ်ရေးမှူးဖြစ်သူ ဖာဇီယာယန်းက ပြောသည်။

### အကူအညီပေးရန်လိုအပ်

အမျိုးသမီးများ၏အခွင့်အရေးအတွက် ယီမင်နိုင်ငံတွင် အဆိုပါ အလေ့အထ ပျောက်ကွယ်သွားစေရေး အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းက အကူအညီပေးရန် လိုအပ်လျက်ရှိသည်ဟု ၎င်းက ပြောသည်။ အယ်အနူ ရှရီယန်မှာ ယခုအချိန်အထိ ဆေးရုံတွင် နေနေရဆဲဖြစ်သည်။ ၎င်း၏ ဘဝကို အဆင်ပြေပြေ ပြန်စနိုင် မစနိုင် တပ်အပ်မပြောနိုင်သေးပေ။ ရဲများကမူ ၎င်း၏ခင်ပွန်းဖြစ်သူ အဗ္ဗဒူလာကို ဖေဖော်ဝါရီလအတွင်း လူသတ်ရန် ကြိုးပမ်းမှုဖြင့် ဖမ်းဆီးခဲ့သည်။ ယင်းသို့ ဖမ်းဆီးခဲ့သော်လည်း ယခုအချိန်ထိတိုင်အောင် အယ်အနူ ရှရီယန်ကို ကွာရှင်းခွင့် မပေးသေးပေ။

### အမျိုးသမီးများမှာ ကျေးကျွန်များမဟုတ်

အယ်အနူ ရှရီယန်က သူအခုလိုခံစားနေရသလိုမျိုး အခြားသော အမျိုးသမီးများလည်း ခံစားနေရကြောင်း၊ အမျိုးသမီးများမှာ ကျေးကျွန်များ မဟုတ်ကြောင်းလည်း ပြောသည်။ အသက်ဘယ်လောက်ပင်ငယ်ငယ် ကိုယ်ပိုင်အတွေးအခေါ်နှင့်ရှိကြောင်း ၎င်းက ဆက်ပြောသည်။ ၎င်းကဲ့သို့ ခံစားနေရသည့် အမျိုးသမီးများစွာရှိကြောင်း တစ်ကမ္ဘာလုံးက လူများကိုသိစေချင်သည်ဟု ၎င်းက ဆက်ပြောခဲ့သည်။

### ဆင်းရဲတွင်းပိုမိုနက်စေခဲ့

ယီမင်နိုင်ငံတွင် ပြည်တွင်းစစ်ကြောင့် ဆင်းရဲတွင်း ပိုမိုနက်စေခဲ့ပြီး အခြေအနေများကိုလည်း ပိုမိုဆိုးရွားစေခဲ့သည်။ ယီမင်ပြည်သူပေါင်း ၂၄ သန်းဝန်းကျင်မှာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများပေါ်တွင် မှီခိုနေရသည်။ ကလေးငယ်များကို လက်ထပ်ပေးခြင်းမှ အကာအကွယ်ပေးရန် ပညာပေးအစီအစဉ်များကိုလည်း ရွှေ့ဆိုင်းထားရသည်။ ယီမင်နိုင်ငံဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ကုလသမဂ္ဂရုံး၏ ၂၀၁၇ ခုနှစ် ပြောကြားချက်အရ ယီမင်အမျိုးသမီး ၅၂ ရာခိုင်နှုန်းမှာ အသက် ၁၈ နှစ် မတိုင်မီကတည်းက လက်ထပ်ပေးခြင်းခံရသည်ဟု သိရသည်။

ဆင်ဟွာ

**❊ မိန်းကလေးများ အသက်ငယ်ငယ်နှင့် လက်ထပ်ပေးခံရခြင်းမှာ ယီမင်နိုင်ငံတွင် မထူးဆန်းသည့်ကိစ္စဖြစ်သည်။ မိန်းကလေးများ အသက် ၁၀ နှစ်ရောက်လျှင် ပေးစားခံရပြီး ဖခင်များက သတို့သားလောင်းကို ရွေးချယ်ကြသည်။ ယင်းအခြေအနေမှာ ၂၀၁၅ ခုနှစ် ပြည်တွင်းစစ် စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ဆိုးရွားလာခဲ့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ မေလ ၂၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ချင်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၅ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၆၃၁၉၉ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၇၇၈၃၁ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၈၅၁၆ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၉၄၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ၂၀၀၉၈ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | ဟားခါးမြို့နယ် | ၉၅ | ၃၉၂၀၄ | ၃၃၀၉၇ | ၂၉၆၇ | ၂၆၂ | ၃၇၁၂ |
| ၂ | ဖလမ်းမြို့နယ် | ၁၆၉ | ၃၉၂၇၃ | ၃၀၂၃၆ | ၁၄၈၂ | ၅၀၆ | ၅၀၂၆ |
| ၃ | မင်းတပ်မြို့နယ် | ၁၁၆ | ၃၀၇၀၆ | ၂၃၀၄၂ | ၈၈၈ | ၄၂၀ | ၄၀၁၄ |
| ၄ | မတူပီမြို့နယ် | ၁၅၀ | ၃၈၀၁၉ | ၃၅၅၅၉ | ၆၄၆ | ၆၇၅ | ၆၀၇၄ |
| ၅ | ပလက်ဝမြို့နယ် | ၁၉ | ၁၅၉၉၇ | ၅၅၈၉၇ | ၂၅၃၃ | ၈၁ | ၁၂၇၂ |
| | စုစုပေါင်း | ၅၄၉ | ၁၆၃၁၉၉ | ၁၇၇၈၃၁ | ၈၅၁၆ | ၁၉၄၄ | ၂၀၀၉၈ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၅ မြို့နယ်တွင် မဲရုံပေါင်း ၅၄၉ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၇၉၁၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၂၃၂၂၅ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၄၄၆၈၅ ၊ မြေပြင်လက်ကျန် ၁၃၄၆၁၆ ဖြစ်ကြောင်း တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၁၂၅၁ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၁၈၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဟားခါးမြို့နယ် | ၉၅ | ၄၈၁၄၉ | ၃၀၄၄၀ | ၁၇၇၀၉ | ၁၆၂၈၉ | ၁၇၁၀ | ၂၉၀ |
| ၂ | ဖလမ်းမြို့နယ် | ၁၆၉ | ၅၂၀၇၆ | ၂၇၇၄၉ | ၂၄၃၂၇ | ၂၃၇၁၆ | ၇၅၀ | ၁၃၉ |
| ၃ | မင်းတပ်မြို့နယ် | ၁၁၆ | ၃၉၄၆၅ | ၂၃၈၄၄ | ၁၅၆၂၁ | ၁၄၂၇၃ | ၁၄၄၈ | ၁၀၀ |
| ၄ | မတူပီမြို့နယ် | ၁၅၀ | ၅၀၀၂၀ | ၃၁၀၀၈ | ၁၉၀၁၂ | ၁၂၃၇၄ | ၇၁၃၈ | ၅၀၀ |
| ၅ | ပလက်ဝမြို့နယ် | ၁၉ | ၇၈၂၀၀ | ၁၀၁၈၄ | ၆၈၀၁၆ | ၆၇၉၆၄ | ၂၀၅ | ၁၅၃ |
| | စုစုပေါင်း | ၅၄၉ | ၂၆၇၉၁၀ | ၁၂၃၂၂၅ | ၁၄၄၆၈၅ | ၁၃၄၆၁၆ | ၁၁၂၅၁ | ၁၁၈၂ |

၆။ ချင်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၅ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ၆(က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၄၆၃၂ ဦး လျော့နည်းနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများမှာ ၈၅၁၆ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **“အခန်း(၆) မဲစာရင်းပြုစုခြင်း ”ပါ ပုဒ်မ ၁၅ (ဂ) တွင် “ မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ”**ဟု ပြဋ္ဌာန်းထားသော်လည်း ချင်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၅ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၉၄၄ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၂၀၀၉၈ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ ဟားခါးမြို့နယ်အတွင်း မဲရုံအလိုက် မဲလက်မှတ် ထုတ်ပေး၊ သုံးစွဲ၊ လက်ကျန် အရေအတွက်များ ဖွင့်ဖောက်စစ်ဆေးရာတွင် မာလ်ဆောမ်ကျေးရွာအုပ်စု မဲရုံအမှတ်(၂) နှင့် လုံရန်းအုပ်စု မဲရုံအမှတ်(၂) တို့တွင် ပြည်သူ့လွှတ်တော်အတွက် မဲပေးအသုံးပြုထားသော မဲလက်မှတ်များကိုသာ တွေ့ရှိရပြီး လက်ခံဖြတ်ပိုင်းများ၊ လက်ကျန်ဆန္ဒမဲလက်မှတ်များနှင့် မဲစာရင်းပုံစံ(၁) စာအုပ်များ ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၉။ ဖလမ်းမြို့နယ်အတွင်း မဲရုံအလိုက် မဲလက်မှတ် ထုတ်ပေး၊ သုံးစွဲ၊ လက်ကျန် အရေအတွက်များ ဖွင့်ဖောက်စစ်ဆေးရာတွင် လိုဆာအိုကျေးရွာအုပ်စု မဲရုံအမှတ်(၁)မှ ပြည်သူ့လွှတ်တော်အတွက် မဲပေးအသုံးပြုထားသော လက်ခံဖြတ်ပိုင်းများ၊ လက်ကျန်ဆန္ဒမဲလက်မှတ်များနှင့် မဲစာရင်းပုံစံ(၁)စာအုပ်များ ပါဝင်သော မဲရုံအိတ် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀။ ဖလမ်းမြို့နယ်အတွင်း ကြိုတင်မဲပေးရာတွင် အသုံးပြုထားသည့် မဲလက်မှတ်ဖြတ်ပိုင်း ၆၆ စောင်တွင် လက်ခံဖြတ်ပိုင်း၌ မဲဆန္ဒရှင်အမည်တစ်ခုတည်းသာပါဝင်ပြီး မဲဆန္ဒရှင်လက်မှတ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအုပ်စုအမည်များ ဖြည့်သွင်းရေးသားထားခြင်းမရှိကြောင်း တွေ့ရှိရသည်။

၁၁။ မတူပီမြို့နယ်အတွင်း မဲရုံအလိုက် မဲလက်မှတ် ထုတ်ပေး၊ သုံးစွဲ၊ လက်ကျန်အရေအတွက်များ ဖွင့်ဖောက်စစ်ဆေးရာတွင် ခြိန်းပြန်းကျေးရွာအုပ်စု၊ ခြိန်းပြန်း(ခ)ကျေးရွာ ပါဝင်သော မဲရုံအမှတ် (၂) နှင့် ရှာရှစ်ကျေးရွာအုပ်စု၊ တီးနီးယားကျေးရွာ မဲရုံအမှတ်(၃) တို့မှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်တို့အတွက် သုံးစွဲ လက်ခံဖြတ်ပိုင်းများ၊ လက်ကျန်ဆန္ဒမဲ လက်မှတ်များနှင့် မဲစာရင်းပုံစံ (၁)စာအုပ်များ ပါဝင်သိမ်းဆည်းထားသော မဲရုံအိတ် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၂။ မဲရုံအိတ်ပျောက်ဆုံးမှုနှင့်စပ်လျဉ်း၍ မတူပီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ၁၄-၄-၂၀၂၁ ရက်နေ့ ၁၆:၀၀ အချိန်ခန့်တွင် ခြိန်းပြန်းကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးထံသို့ ဆက်သွယ်မေးမြန်းခဲ့ရာ ယင်း၏နေအိမ်တွင် သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် ပြန်လည်လာရောက်အပ်နှံရန် အကြောင်းကြားခဲ့ရပါသည်။ ခြိန်းပြန်းကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက အဆိုပါ သုံးစွဲ၊ လက်ကျန်စာအုပ်များ ထည့်သွင်းထားသော ကြွပ်ကြွပ်အိတ်အား ၁၅-၄-၂၀၂၁ ရက်နေ့ ၁၀:၀၀ အချိန်ခန့်တွင် လာရောက်အပ်နှံခဲ့သဖြင့် စိစစ်နိုင်ခဲ့သော်လည်း ရှာရှစ်ကျေးရွာအုပ်စု၊ တီးနီးယားကျေးရွာ မဲရုံအမှတ်(၃)မှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်တို့အတွက် ဆန္ဒမဲလက်မှတ် သုံးစွဲ၊ လက်ကျန်စာအုပ်များ၊ မဲစာရင်းပုံစံ(၁) တို့ ပါဝင်သိမ်းဆည်းထားသော မဲရုံအိတ်အား ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၃။ ပလက်ဝမြို့နယ်တွင် အသုံးပြုသော ကြိုတင်မဲများကို မြို့မရပ်ကွက် မဲရုံ ၅ ရုံတွင် တစ်ပေါင်းတည်း တွေ့ရှိရပြီး စနစ်တကျဖြန့်ဝေသော မှတ်တမ်းမတွေ့ရှိရပါ။ မဲရုံအိတ်များတွင် ပုံစံ (၁၆-၁) “အသုံးမပြုဘဲကျန်ရှိနေသောဆန္ဒမဲလက်မှတ်များစာရင်း”များ လုံးဝထည့်သွင်းထားခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ မဲစာရင်းပုံစံ(၁)များကို စာအုပ်ပုံစံချုပ်မထားကြောင်း တွေ့ရှိရပြီး မဲရုံတွင်ကပ်ရမည့် မဲစာရင်းများကိုလည်း ကပ်ထားခြင်းမပြုဘဲ မဲရုံအိတ်တွင်သာ ထည့်ပေးထားကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၄။ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၁၂၅၅၆၅ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက် မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၁၂၃၂၂၅ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၂၀၅၄ စောင် လျော့နည်းအသုံးပြုထားခြင်း၊

*စာမျက်နှာ ၁၆ သို့*

❖ မဲရုံအိတ်ပျောက်ဆုံးမှုနှင့်စပ်လျဉ်း၍ မတူပီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ၁၄-၄-၂၀၂၁ ရက်နေ့ ၁၆:၀၀ အချိန်ခန့်တွင် ခြန်းပြန်းကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးထံသို့ ဆက်သွယ်မေးမြန်းခဲ့ရာ ယင်း၏နေအိမ်တွင် သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် ပြန်လည်လာရောက်အပ်နှံရန် အကြောင်းကြားခဲ့ရပါသည်။ ခြန်းပြန်းကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက အဆိုပါ သုံးစွဲ၊ လက်ကျန်စာအုပ်များ ထည့်သွင်းထားသော ကြွပ်ကြွပ်အိတ်အား ၁၅-၄-၂၀၂၁ ရက်နေ့ ၁၀:၀၀ အချိန်ခန့်တွင် လာရောက်အပ်နှံခဲ့သဖြင့် စိစစ်နိုင်ခဲ့သော်လည်း ရှာရှစ်ကျေးရွာအုပ်စု၊ တီးနီးယားကျေးရွာ မဲရုံအမှတ်(၃)မှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်တို့အတွက် ဆန္ဒမဲလက်မှတ် သုံးစွဲ၊ လက်ကျန်စာအုပ်များ၊ မဲစာရင်းပုံစံ(၁) တို့ ပါဝင်သိမ်းဆည်းထားသော မဲရုံအိတ်အား ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း စိစစ်တွေ့ရှိရ



ဟားခါးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



မင်းတပ်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၅ မှ*

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၁၁၂၅၁ စောင် ပျောက်ဆုံးနေခြင်း၊

( ဂ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၁၁၈၂ စောင် တွေ့ရှိရခြင်း၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း/ လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံခြင်း၊

( င ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

( စ ) ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အချို့အနေဖြင့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

(ဆ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင် သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

( ဇ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

( ဈ ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၅။ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၉၆ ဦး တွေ့ရှိ

## (၂၇-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၆-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၇၈၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၁၆,၄၆၆) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၄၁၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၂၆၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၇-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၄၆၃) ခု | (၁၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၃) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၇၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၈၈) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၀) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၆၃) ခု | (၇၁) ဦး |
| စုစုပေါင်း | (၁,၇၈၈) ခု | (၉၆) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




### ၂၇-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၉၇၁၂၀၇ | ၂၇၆၆၂၂၆၈ | ၆၀၆၁၇၉ |
| ၂။ | အိန္ဒိယ | ၂၇၄၀၃၂၄၆ | ၂၄၆၆၃၇၈၁ | ၃၁၅၆၃၆ |
| ၃။ | ဘရာဇီး | ၁၆၂၇၅၄၄၀ | ၁၄၇၃၃၉၈၇ | ၄၅၄၆၂၃ |
| ၄။ | ပြင်သစ် | ၅၆၂၁၆၉၆ | ၅၂၆၆၄၅၉ | ၁၀၉၀၂၃ |
| ၅။ | တူရကီ | ၅၂၁၂၁၂၃ | ၅၀၅၇၇၁၃ | ၄၆၇၈၇ |
| ၆။ | ရုရှား | ၅၀၃၅၂၀၇ | ၄၆၅၁၈၄၉ | ၁၂၀၀၀၂ |
| ၇။ | ဗြိတိန် | ၄၄၇၀၂၉၇ | ၄၃၀၈၁၁၇ | ၁၂၇၇၄၈ |
| ၈။ | အီတလီ | ၄၂၀၁၈၂၇ | ၃၈၁၆၁၇၆ | ၁၂၅၆၂၂ |
| ၉။ | ဂျာမနီ | ၃၆၆၈၉၁၅ | ၃၄၃၈၈၀၀ | ၈၈၅၄၂ |
| ၁၀။ | စပိန် | ၃၆၅၇၈၈၆ | ၃၄၀၈၆၆၈ | ၇၉၈၅၅ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၇ - ၅ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၉၇၄၉၉ | ၁၆၄၉၁၈၇ | ၄၉၉၀၇ |
| ဖိလစ်ပိုင် | ၁၂၀၀၄၃၀ | ၁၁၃၁၉၄၂ | ၂၀၃၇၉ |
| မလေးရှား | ၅၄၁၂၂၄ | ၄၆၉၃၂၅ | ၂၄၉၁ |
| မြန်မာ | ၁၄၃၄၁၄ | ၁၃၂၂၆၉ | ၃၂၁၆ |
| ထိုင်း | ၁၄၁၂၁၇ | ၉၃၈၂၈ | ၉၂၀ |
| စင်ကာပူ | ၆၁၉၄၀ | ၆၁၃၆၀ | ၃၂ |
| ကမ္ဘောဒီးယား | ၂၇၆၃၈ | ၂၀၃၉၈ | ၁၉၄ |
| ဗီယက်နမ် | ၆၃၁၄ | ၂၈၅၃ | ၄၆ |
| လာအို | ၁၈၉၅ | ၁၂၈၁ | ၂ |
| ဘရူနိုင်း | ၂၄၀ | ၂၂၈ | ၃ |

*၁ကျောဖုံးမှ*

များစွာနစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

**ကျောင်းများဖွင့်လှစ်နိုင်ရေးပြင်ဆင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပညာသင်ခွင့် နောက်တစ်နှစ် ထပ်မံမဆုံးရှုံးစေရေးအတွက် COVID- 19 ရောဂါအား အထိုက်အလျောက် ထိန်းသိမ်းထားနိုင်သည့်ကာလတွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စည်းကမ်းချက်များနှင့်အညီ ဇွန် ၁ ရက်မှစ၍ နိုင်ငံနှင့်အဝန်း ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်ကာလတွင် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံနိုင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကျောင်းများဖွင့်လှစ်နိုင်ရေး ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ မိုးလုံလေလုံဖြင့် ကောင်းမွန်စွာ ကျောင်းတက်နိုင်ရေး ပြင်ဆင်ခြင်း၊ သင်ရိုးစာအုပ်နှင့် သင်ထောက်ကူပစ္စည်းများ၊ COVID-19 ကာကွယ်ရေးဆိုင်ရာ Mask၊ Face Shield များ အခမဲ့ပေးဝေနိုင်ရေးနှင့် လက်ဆေးရန်နေရာတို့မှစ၍ ပြင်ဆင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ထိုသို့စီမံဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ပျက်စီးစေလိုသည့် နိုင်ငံရေးအစွန်း



အကြမ်းဖက်သူများဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ဖလမ်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းကို တွေ့ရစဉ်။

ရောက် ဆူပူအကြမ်းဖက်လိုသော အုပ်စုများက ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများကို CDM လုပ်ဆောင်စေခြင်း၊ မလုပ်ဆောင်သူများကို အသက် အန္တရာယ်ဖြစ်စေသည်အထိ ခြိမ်းခြောက်ခြင်းများ ပြုလုပ်လာပြီး အပြစ်ကင်းစင်သည့် နုနယ်သော ကျောင်းသားကျောင်းသူများကို ကျောင်းမတက်ရေး ခြိမ်းခြောက်အကျပ်ကိုင်မှုများ ပြုလုပ်လာခဲ့သည်။ ထို့အပြင် မေလ ၁ ရက်နေ့မှ ၂၆ ရက်နေ့အထိ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၈ ကြိမ်၊ ဗုံးခွဲခြင်းနှင့် ဗုံးခွဲရန်ကြိုးစားမှု ၁၁၅ ကြိမ်၊ ကျောင်းမတက်ရန် ဆန့်ကျင်စာကပ်ခြင်း၊ မှုတ်ဆေးများ အသုံးပြု၍ ဆန့်ကျင်/ ခြိမ်းခြောက် စာသားများ ရေးဆွဲခြင်းများစသည့် ယဉ်ကျေးသော မည်သည့်လူမှုအသိုင်းအဝိုင်းကမျှ လက်မခံနိုင်သည့် အောက်တန်းကျသော လုပ်ရပ်များကို လုပ်ဆောင်လာခဲ့သည်။

**ကန့်ကွက်ရှုတ်ချ ရှုံ့ချမှုများ ဖြစ်ပေါ်လျက်ရှိနေ**

နိုင်ငံတကာတွင်ပင် ယခုကဲ့သို့ အဖျက်အမှောင့် လုပ်ရပ်များကို လက်ခံအားပေးခြင်းမရှိဘဲ ကန့်ကွက် ရှုတ်ချ တားဆီးနေသည့်အချိန်တွင် အနာဂတ် လူငယ်ထု၏ ပညာရေးမျှော်မှန်းချက်များ ပျက်ပြားစေရန် အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းအဆင့်သို့ ရောက်ရှိလုပ်ဆောင်လာနေကြသည့်အတွက် ကျောင်းသားလူငယ်၊ မိဘပြည်သူလူထုအများစုအနေဖြင့် ထိုသို့လုပ်ဆောင်နေမှုများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသည့် အဖွဲ့အစည်းများကို ကန့်ကွက်ရှုတ်ချ ရှုံ့ချမှုများ ဖြစ်ပေါ်လျက်ရှိနေကြကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိစဉ် အကြမ်းဖက်ဆူပူသောင်းကျန်းသည့်အဖွဲ့များ၏ လုပ်ဆောင်ချက်များသည် မည်သို့မျှ လက်ခံ ခွင့်လွှတ်ပေး၍ ရနိုင်မည် မဟုတ်သဖြင့် ကျောင်းများပြန်လည်ဖွင့်လှစ်မှုကို နှောင့်ယှက် လုပ်ဆောင်နေမှုများအား ပြည်သူလူထုနှင့် ပူးပေါင်းမှုဖြင့် ထိရောက် ပြင်းထန်စွာ ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။ **သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

*✻ကျောဖုံးမှ*

ဦးဆောင်ဂိုးကို ဗီလာရီးရဲအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၂၉ မိနစ်တွင် ပါရီဂျို၏ ဖန်တီးပေးမှုမှတစ်ဆင့် မိုရီနိုက သွင်းယူပေးနိုင်ခဲ့သည်။ မန်ယူအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် တွန်မီနေး၏ ဖန်တီးပေးမှုမှတစ်ဆင့် ကာဗာနီက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန်ပြည့်သည်အထိ ထပ်မံ ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် အချိန်ပို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပိုတွင်လည်း နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပယ်နယ်တီအဆုံးအဖြတ် ၁၁ လုံးအထိ ခံယူခဲ့ရသည်။ ပယ်နယ်တီတွင် ဗီလာရီးရဲအသင်းမှ ကစားသမားအားလုံး ဂိုးဝင်ခဲ့ပြီး မန်ယူအသင်းမှ ဂိုးသမား ဒီဂီယာ ဂိုးမဝင်ခဲ့သောကြောင့် မန်ယူအသင်းအနေဖြင့် ဆုဖလားနှင့် ဝေးကွာခဲ့ရခြင်း ဖြစ်သည်။ ယနေ့ပွဲစဉ်တွင် မန်ယူအသင်းမှ တိုက်စစ်ကစားသမား ရက်ဖို့ဒ် ပုံမှန်ခြေစွမ်း ပျောက်ဆုံးနေပြီး ရရှိသည့် အပိုင်အခွင့်အရေးများကိုလည်း အဆုံးမသတ်နိုင်ခဲ့သည်ကို တွေ့ရသည်။

မန်ယူအသင်းသည် ယနေ့ပွဲစဉ်တွင် ပယ်နယ်တီဖြင့် ဗီလာရီးရဲအသင်းကို အရေးနိမ့်ခဲ့သောကြောင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်သည့် ပြိုင်ပွဲစုံ ခုနစ်ပွဲတွင် ရှုံးပွဲခြောက်ပွဲအထိ ရှိလာခဲ့သည်။ ဗီလာရီးရဲအသင်းသည် ယခုနှစ်ရာသီ ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ဂိုး ၁၀၀ ပြည့်မြောက်သည့် ၁၃ သင်းမြောက်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဗီလာရီးရဲအသင်းမှ ဂိုးပေါက်တည့်မတ်မှုတစ်ကြိမ်နှင့် မန်ယူအသင်းမှ ဂိုးပေါက်တည့်မတ်မှုနှစ်ကြိမ် စုစုပေါင်း ဂိုးပေါက်တည့်မတ်မှု သုံးကြိမ်သာရှိခဲ့သောကြောင့် ၂၀၁၁ ခုနှစ် ပေါ်တိုအသင်းနှင့် ဘရာဂါအသင်းတို့နောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်သည်။

ဗီလာရီးရဲအသင်းမှ မိုရီနိုသည် ၂၀၁၀-၁၁ ခုနှစ် ရော့စီနောက်ပိုင်း တစ်ရာသီအတွင်း ဂိုး ၃၀ နှင့် အထက်သွင်းယူနိုင်သည့် ပထမဆုံး ဗီလာရီးရဲကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ **အောင်ဇော်**

# မကွေးမြို့နယ် ကြာကန်ကျေးရွာအနီးရှိ သောက်သုံးရေကန်တူးဖော်ပြီးစီး

**မကွေး မေ ၂၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကြာကန်ကျေးရွာအနီး သောက်သုံး ရေကန်ကြီးအား ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ်တိုင်းဒေသကြီးအစိုးရ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၄၇ဒသမ ၅ သန်းဖြင့် ပြန်လည်တူးဖော်ခဲ့ရာ မေ ၂၅ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ သောက်ရေကန်ကြီးအား ပြန်လည်တူးဖော်ဆောင်ရွက်ရာတွင် တမံအရှည် ပေ ၆၀၀၊ အကျယ် ၁၈ပေရှိ တမံပေါင်းအားဖြည့်ခြင်း၊ အရှည် ပေ ၁၁၀၀၊ အကျယ်၁၂ ပေ ဘယ်/ညာ နုန်းကာတာပေါင် ဖို့ခြင်း ၊ အရှည်ပေ ၅၀၀၊ အကျယ် ငါးပေ ရေခေါ် မြောင်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။



ပြန်လည်တူးဖော်ပြီးစီးသွားသည့် သောက်ရေကန်ကို တွေ့ရစဉ်။

ယခင်က အဆိုပါသောက်သုံးရေကန်ကြီးသည် ကြာကန်၊ ကြူချောင်း၊ ကြူသစ်၊ လေးအိမ်ညောင်ပင်သာ၊ ကန်နှစ်ဆင့်စသည့် ကျေးရွာများမှ မှီခိုရသော သောက်သုံး ရေကန်ကြီးလည်းဖြစ်ကြောင်း တဲတိုက်နေ ဦးပြုံးထံမှ သိရသည်။

အဆိုပါ သောက်ရေကန်ကြီး ပြန်လည်ပြုပြင် တူးဖော်ဆည်ဖို့ပေးသည့်အတွက် ကန်ပတ်လည်ရှိ တဲတိုက်များမှ စုစုပေါင်း အိမ်ထောင်စု ၅၀၀ကျော်၊ လူဦးရေ၂၀၀၀ ကျော်နှင့် ကျွဲ နွားတိရစ္ဆာန် ၂၀၀၀ ကျော်တို့အတွက် လိုအပ်သော သောက်ရေရရှိတော့မည်ဖြစ်၍ ကျေးဇူးတင်ရှိကြောင်း ကြာကန်ကျေးရွာနေ ဦးညီပေါ်က ပြောသည်။

**ဝင်းမောင်(မကွေး)**

# ထားဝယ်မြို့ရှိ ရွှေဝယ်သီရိပညာ့ဗိမာန်စာကြည့်တိုက်သို့ အလှူငွေများလှူဒါန်း

**နေပြည်တော် မေ ၂၇**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့၌ အများပြည်သူ အသိဉာဏ်ပညာ ဗဟုသုတ တိုးပွားနိုင်ရန်နှင့် စာအုပ်စာပေများ အဆင့်မြင့်စွာ လေ့လာကြည့်ရှုနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားရှိသည့် ရွှေဝယ်သီရိပညာ့ဗိမာန် စာကြည့်တိုက်၌ ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် စာအုပ်စာပေများ ပေးအပ်ပွဲနှင့် လိုအပ်သည့် စာအုပ်စာပေများ ဝယ်ယူအသုံးပြုနိုင်ရန် အလှူရှင်များက လှူဒါန်းသည့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါစာကြည့်တိုက်၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ ကောင်စီအဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအေးကြွယ်နှင့် တာဝန်ရှိသူများ၊ ရွှေဝယ်သီရိပညာ့ဗိမာန်စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးမင်းသူရိန်နှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က စာအုပ်စာပေများလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းစစ်ဌာနချုပ်နှင့် အလှူရှင်များက လှူဒါန်းသည့် စာအုပ်စာပေများနှင့် အလှူငွေများကို လှူဒါန်းကြရာ တာဝန်ရှိသူတစ်ဦးကလက်ခံယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက် လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြစ်ကြီးနားမြို့ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**နေပြည်တော် မေ ၂၇**

ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မြစ်ကြီးနားမြို့ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဧရာဝတီမြစ်အတွင်းရှိ ရေပေါ်စားသောက်ဆိုင်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးဌာနမှူး ဦးဝင်းမြင့်စော၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်း၊ ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူးများ၊ ဝိုင်းမော်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးအောင်နိုင်ဦးနှင့် ဌာန ဆိုင်ရာဝန်ထမ်းများက ဝိုင်းမော်ငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီး ကောင်ရေ တစ်သိန်းကို မျိုးစိုက်ထည့်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ပြဇာတ်စာပေ၊ ဒုတိယဆုရရှိသည့် စာရေးဆရာ ကြာညိုချစ်ဝေ(ရွှေသုတ်မြေ)၏ "မခြွေရက် ကြွေရက်ကယ်မျော" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မျက်မှောက်ကာလ၌ ခေတ်စားလျက်ရှိသော လူကုန်ကူးမှု တိုက်ဖျက်ရေး ပညာပေးမှုအကြောင်းများကို ခေတ်အမြင်၊ ခေတ်အတွေးများဖြင့် သဘာဝကျကျ ရေးသားထားသည်။ ကျောင်းနေစဉ် သူငယ်ချင်းများနှင့် ငယ်ဘဝတွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် ဖြစ်ရပ်များ၊ သူငယ်ချင်းများက ဥပဒေဘက်တော်သားများ ဖြစ်နေသည့်အပြင် ချစ်ရသူက တရားခံဘဝနှင့် ပြန်လည်ဆုံစည်းခဲ့ရသည့်အခါ ချစ်သူတရားသူကြီး၏ မချိတင်ကဲ ဖြစ်ရပ်များကို ဇာတ်ကောင်စရိုက် အပြန်အလှန်ပြောဆိုမှုများဖြင့် ရသမြောက်စွာ ပြဇာတ်တစ်ပုဒ်အဖြစ် ဖန်တီးထားသောကြောင့် လက်မလွှတ်သင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၆၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇ - ၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မချမ်းဘော့မြို့နယ်၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**မချမ်းဘော့ မေ ၂၇**

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က မချမ်းဘော့မြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝေယံမင်းသွင်နှင့် မြို့နယ်ပညာရေးမှူးကိုယ်စား မချမ်းဘော့မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဂျီယောနသန်တို့က အမှာစကား ပြောကြားသည်။

မချမ်းဘော့မြို့နယ်အတွင်း အထက်တန်းကျောင်း တစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်း၊ မူလတန်းကျောင်း ၂၈ ကျောင်းတို့တွင် ယမန်နေ့အထိ ကျောင်းသား ကျောင်းသူ ပေါင်း ၃၀၀ ကျော် လက်ခံဆောင်ရွက်ထားပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်

(ပြန်/ဆက်)






**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၆၈၂၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၁၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉.၅၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၁၃၀၀ | ၁၁၆၉၀၀၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၅၃၈ | ၁၈၅၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၁၅ | ၂၁၈၅၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၄ | ၆၅၉၀၀ |
| EFR | ၃၀၀၀ | ၃၀၀၀ | ၄၅ | ၁၃၅၀၀၀ |

ညီညီ - စုစည်းသည်

# ကျောင်းသူ ကျောင်းသားအားလုံး စာသင်ခန်းအတွင်းရောက်ရှိစေလို

မောင်သောင်းဝင်း (တမန်ဟောင်း)

နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအားလုံးသည် မေ ၂၄ ရက်မှစ၍ ပြန်လည်သက်ဝင်လှုပ်ရှားလာပြီဖြစ်သည်။ ကျောင်းသားမိဘများသည် နီးစပ်ရာကျောင်းများသို့ သွားရောက်ကာ ရင်သွေးငယ်များကို ကျောင်းအပ်နှံနေကြပြီဖြစ်သည်။ ဆရာ ဆရာမများမှာလည်း ကျောင်းသားလက်ခံရင်းအလုပ်ရှုပ်နေကြသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းများပိတ်ထားရသည်မှာ တစ်နှစ်ကျော်နေပြီဖြစ်သည်။ ယခုဆိုလျှင်ကလေးများသည် ကျောင်းပြန်တက်ရန် ရင်ခုန်နေကြပြီဖြစ်သည်။ ဇွန်လ ၁ ရက်တွင် အစိမ်း၊ အဖြူဝတ်စုံလေးများကို ပြန်လည်မြင်ရတော့မည်ဖြစ်သည်။ အခက်အခဲပေါင်းစုံကြားတွင် ကျောင်းများ ပြန်ဖွင့်နိုင်သဖြင့် ကျောင်းသားမိဘများ ဝမ်းမြောက်လျက်ရှိကြသည်။

### ကျောင်းအပ်နှံရေးသီတင်းပတ်

ပညာရေးဝန်ကြီးဌာနသည် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းသူ ကျောင်းသားများအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက် မေလ ၂၄ ရက်မှ ၃၁ ရက်အထိကာလကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ကျောင်းသား မိဘအားလုံး မိမိသား၊ သမီးများ ကျောင်းအပ်နှံရေးအတွက် အလုပ်ရှုပ်လျက်ရှိကြသည်။ ပညာရေးဝန်ထမ်းများသည်လည်း မွမ်းမံသင်တန်းများတက်ရောက်ခြင်း၊ ကျောင်းလက်ခံရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း စသည့်တာဝန်များဖြင့် ပင်ပန်းလျက်ရှိကြသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ၍ အခြေခံပညာကျောင်းများတွင် အခမဲ့ပညာရေးစနစ် သတ်မှတ်ခဲ့သဖြင့် ကျောင်းအပ်နှံစရိတ်အထိုက်အလျောက် သက်သာလာသောကြောင့် ကျောင်းသားမိဘများသည် စိတ်ချမ်းသာလျက်ရှိကြသည်။ ထို့အပြင် ယခုနှစ်တွင် မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိသည့်အပြင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ပါးစပ်နှင့်နှာခေါင်းစည်း၊ မျက်နှာအကာတို့ကို နိုင်ငံတော်မှအခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

### ဆရာဆိုသည်မှာ

နိုင်ငံတော်မှ မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် အမြော်အမြင်ကြီးစွာဖြင့် အကောင်အထည်ဖော်လျက်ရှိသော်လည်း တချို့သော ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများသည် မတရားအသင်း CRPH ၊ NUG၊ ပြည်ပ လက်ဝေခံများ၏ မဟုတ်မမှန်ဝါဒဖြန့်သွေးထိုးလှုံ့ဆော်မှုကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်သွားကြသည်။ သို့သော်တချို့သော ဆရာ ဆရာမများသည် အမြင်မှန်ရရှိပြီး လုပ်ငန်းတာဝန်များကို ပုံမှန်အတိုင်း ပြန်လည်ထမ်းဆောင်နေကြပြီဖြစ်သည်။ အမှန်တော့မျိုးဆက်သစ်ရင်သွေးငယ်များကို တတ်သိလိမ္မာအောင် ပညာသင်ကြားပေးရသည့် အလုပ်သည် ကုသိုလ်လည်းရပြီး ဝမ်းလည်းဝပါသည်။ ထို့ကြောင့် သင်ကြားရေးတာဝန်ယူရသည့် အလုပ်သည် များစွာဂုဏ်ယူဖွယ်ရာ ကောင်းလှပါသည်။ စာရေးသူသည် ငယ်စဉ်က ကျောင်းဆရာတစ်ဦး ဖြစ်ချင်ခဲ့သည်။ မည်သို့ပင်ဆိုစေ ဆရာဆိုသည်မှာ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များပင် မဟုတ်ပါလား။

### အဖျက်အမှောင့်လုပ်သူများ

သို့သော် မတရားအသင်း CRPH နှင့် NUG တို့၏ ဝါဒမှိုင်းမိနေသူများ၊ ပြည်ပလက်ဝေခံများ၊ အမေကျော် ဒွေးတော်လွမ်းသူများသည် ကျောင်းများ ပြန်လည်ဖွင့်လှစ်မည့်အစိုးရ၏ အစီအမံများကို ကန့်လန့်တိုက်လာကြသည်။ စာသင်ကျောင်းများအား မီးရှို့ခြင်း၊ ဖုံးခွဲတိုက်ခိုက်ခြင်း၊ မွမ်းမံသင်တန်းတက်နေသည့် ဆရာ ဆရာမများကို ခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ ကျောင်းဖွင့်ရန် ပြင်ဆင်နေသည့် ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများကို နှောင့်ယှက်ဟန့်တားခြင်း၊ လူမှုအသိုက်အဝန်းမှ ကြဉ်ဖယ်ခြင်း၊ မဟုတ်မမှန် ပြောဆိုဝေဖန်တိုက်ခိုက်ခြင်း၊ ကျောင်းသားမိဘများကိုလည်း ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ လုပ်ဆောင်လာလျက်ရှိသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် ရင်သွေးငယ်များ၏ အနာဂတ်ကို ဖျက်ဆီးနေခြင်းပင်ဖြစ်သည်။ အမှန်တော့ အဖျက်အမှောင့်လုပ်သူများသည် စိတ်ခံစားချက်ကို ဦးစားပေးလာကြသည်။ အမှား၊ အမှန်ကိုခွဲခြားနိုင်စွမ်း အားနည်းလာကြပြီဖြစ်သည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။

### နားမယောင်သင့်

စင်စစ်အားဖြင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းသည် တစ်နှစ်ကျော်လောက် ပညာရေးနှင့် အလှမ်းကွာဝေးခဲ့သောသားငယ်၊ သမီးငယ်များအတွက် မဟာအခွင့်အရေးကြီးပင်ဖြစ်သည်။ စာသင်ခန်းများ ပြန်လည်ဖွင့်လှစ်ပြီး စာဖတ်စာအံသံများ ကြားရခြင်းသည် မိဘတိုင်းအတွက် မင်္ဂလာရှိသော နေ့ရက်များပင်ဖြစ်သည်။ သို့သော် တချို့သော မိဘများသည် အဖျက်အမှောင့်သမားများ၏ မဟုတ်မမှန် သွေးထိုးလှုံ့ဆော်ဝါဒဖြန့်နေမှုများကို နားယောင်ကာ ကလေးငယ်များကို ကျောင်းအပ်ဖို့ရန် ချီတုံချတုံဖြစ်နေကြသည်။ ကလေးကို ကျောင်းသို့လွှတ်လျှင် ဘေးကင်းလုံခြုံမှု မရှိဟုဆိုကြသည်။ မှားယွင်းသော ယူဆချက်ပင်ဖြစ်သည်။ အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အခြေခံပညာကျောင်းများတွင် လုံခြုံရေးအာမခံချက်ရှိအောင် ဆောင်ရွက်ပေးမည်မှာ အသေအချာပင်ဖြစ်သည်။

### စည်းရုံးဆောင်ရွက်သင့်

ထို့အပြင် တချို့သော မိဘများသည် အကြောင်းအမျိုးမျိုးကြောင့် ကလေးငယ်များကို ကျောင်းထားလိုခြင်း မရှိကြပေ။ အထူးသဖြင့် အောက်ခြေလူတန်းစားမိသားစုများတွင် ကျောင်းနေအရွယ်ကလေးများကို အချိန်မီ ကျောင်းအပ်နှံနိုင်ခြင်းမရှိကြချေ။ အချို့သော မိဘများသည် လတ်တလောကြုံတွေ့နေရသည့် မိသားစု စား၊ ဝတ်၊ နေရေး အခက်အခဲအရ ရင်သွေးငယ်များကို ကျောင်းအပ်နှံလေ့မရှိဘဲ အလုပ် လုပ်ခိုင်းလေ့ရှိကြသည်။ ကျောင်းနေအရွယ် ကလေးတစ်ဦးသည် မိသားစု၏ ငွေကြေးအခက်အခဲကို ပြေလည်အောင် ဖြေရှင်းနိုင်လောက်သည်အထိ ငွေကြေးရှာဖွေနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ထိုမိသားစုများကို တွေ့ဆုံဆွေးနွေး၍ ကလေးငယ်များအား ကျောင်းအပ်နှံရေးအတွက် ပညာပေး စည်းရုံးသိမ်းသွင်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။

ထို့အပြင် ကျောင်းသားလူငယ်များ ထိရောက်အောင်မြင်စွာ စာပေလေ့လာသင်ယူနိုင်ရန်အတွက် ပတ်ဝန်းကျင်အခြေအနေကောင်းများလည်း ဖန်တီးပေးရန် လိုအပ်ပေသည်။ စာသင်ကျောင်းများ၊ သင်ထောက်ကူပစ္စည်းများအပြင် အထောက်အကူပြု ကျောင်းစာကြည့်တိုက်များလည်း ဖန်တီးပေးရန် လိုအပ်ပေသည်။ အထူးသဖြင့် စာသင်ကျောင်းများသည် တိတ်ဆိတ်ငြိမ်သက်မှုရှိသည့်နေရာများတွင်သာ ရှိသင့်ပါသည်။ ထိုသို့ တိတ်ဆိတ်ငြိမ်သက်သည့် နေရာမျိုး၌ ကျောင်းသားလူငယ်များ အနှောင့်အယှက်ကင်းစွာ ပညာသင်ကြားနိုင်သဖြင့် ထူးချွန်ထက်မြက်သည့် လူငယ်များပေါ်ထွန်းရေးတွင် များစွာ အထောက်အကူပြုပေသည်။

### ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို

အမှန်တော့ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ကျောင်းသူ ကျောင်းသားအားလုံး စာသင်ခန်းအတွင်း ရောက်ရှိရေးအတွက် ဆရာ၊ မိဘ၊ ဒေသဆိုင်ရာ အာဏာပိုင်များအပြင် တာဝန်သိ ပြည်သူလူထုကြီးကလည်း တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားသင့်ပါသည်။ အထူးသဖြင့် ကျောင်းသားမိဘများအနေဖြင့် အဖျက်အမှောင့်လုပ်နေသူများ၏ လျှို့ဝှက်အကြံအစည်နှင့် လှုပ်ရှားမှုများကို လုံခြုံရေးတပ်ဖွဲ့များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများသို့ အချိန်မီ အသိပေးသွားသင့်ပါသည်။ ကလေးငယ်များ စိတ်အေးချမ်းသာ ပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေးအတွက် မိဘများ၏ ပူးပေါင်းဆောင်ရွက်မှုများစွာ အထူးလိုအပ်ပါသည်။ မိဘများအနေဖြင့် ကလေးများ၏ ပညာရေး၊ ကျန်းမာရေးနှင့်လုံခြုံရေးဆိုင်ရာ အချက်အလက်များအား ကျောင်းအုပ်ကြီးများကို အပြုသဘောဆောင်စွာဖြင့် အကြံပြုသွားသင့်ပေသည်။ အထူးသဖြင့် ဆရာ၊ မိဘ၊ ကျောင်းသားပူးပေါင်းဆောင်ရွက်မှု အားကောင်းနေမည်ဆိုလျှင် အဖျက်အမှောင့်သမားများ၏ ယုတ်ညံ့သော အကြံအစည်များကို လွယ်ကူစွာ ကျော်ဖြတ်သွားနိုင်မည်ဖြစ်သည်။

### ကျောင်းသူ ကျောင်းသား အားလုံး စာသင်ခန်းအတွင်း ရောက်ရှိစေလို

ဆိုရလျှင် မျက်မှောက်ကာလသည် ပညာခေတ်ဖြစ်လာသောကြောင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရလျက်ရှိပါသည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျောင်းများအားလုံး ပိတ်ထားရသည်မှာ တစ်နှစ်ကျော်နေပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည်

- ❖ ယခုနှစ်တွင် မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိသည့်အပြင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ပါးစပ်နှင့်နှာခေါင်းစည်း၊ မျက်နှာအကာတို့ကို နိုင်ငံတော်မှ အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်
- ❖ စာသင်ခန်းများ ပြန်လည်ဖွင့်လှစ်ပြီး စာဖတ်စာအံသံများကြားရခြင်းသည် မိဘတိုင်းအတွက် မင်္ဂလာရှိသော နေ့ရက်များပင်ဖြစ်

*စာမျက်နှာ ၂၁ သို့*



# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ လူမှုရေးတာဝန်သိမှု CSR လုပ်ငန်းများ လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်




**မကွေး မေ ၂၇**
မကွေးတိုင်းဒေသကြီးအတွင်း အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်းစီမံကိန်းမှ ပိုက်လိုင်းတစ်လျှောက် ဆောင်ရွက်သည့် လူမှုရေးတာဝန်သိမှု CSR လုပ်ငန်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို မေ ၂၆ ရက်က တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက မြန်မာ-တရုတ် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းမှ CNPC အပါအဝင် SEAOP, SEAGP ကုမ္ပဏီတို့က ပူးပေါင်းကာ ပိုက်လိုင်း ဖြတ်သန်းရာဒေသများရှိ ဒေသခံပြည်သူ များ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကာ ဒေသတွင်းရှိ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ၊ ပညာရေးဆိုင်ရာ လိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်ခံဒေသများ တိုးတက်ကောင်းမွန်စေရန်အတွက် ယခုအချိန်အထိ လူမှုစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းပေါင်း ၁၅၆ ခုကို ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ မြန်မာ - တရုတ် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းအနေဖြင့် စစ်မှန်သော သဘာဝပတ်ဝန်းကျင်ကာကွယ်ခြင်း၊ ဘေးအန္တရာယ်ကင်းခြင်း၊ အရည်အသွေးကောင်းမွန်ခြင်း၊ ခင်မင်ရင်းနှီးမှုရှိခြင်း အစရှိသည့် နိုင်ငံတကာ ထိပ်တန်းတည်ဆောက်ရေးလုပ်ငန်းအဖြစ် ရပ်တည်ကာ ရှယ်ယာရှင်များအား ကောင်းကျိုးတုံ့ပြန်စေပြီး မြန်မာပြည်သူလူထုရဲ့ အကျိုးစီးပွားကိုလည်း ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အရှေ့တောင်အာရှ ရေနံစိမ်း ပိုက်လိုင်းစီမံကိန်းတာဝန်ရှိသူများက မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး အတွင်း ပိုက်လိုင်းတစ်လျှောက် ဆောင်ရွက်သည့် လူမှုရေးတာဝန်သိမှု CSR လုပ်ငန်းများကို တိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဦးစီးဌာန မှူးများထံ လွှဲပြောင်းပေးအပ်ကြသည်။

မြန်မာ - တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းမှာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကြီးတစ်ခုနှင့် ရေနံပိုက်လိုင်းကြီးတစ်ခု စုစုပေါင်း ပိုက်လိုင်းနှစ်လိုင်းကို သွယ်တန်းထားပြီး မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရမ်းဗြဲကျွန်းမှ စတင်၍လည်းကောင်း၊ ရေနံစိမ်းပိုက်လိုင်းသည် မဒေးကျွန်းမှ စတင်၍လည်းကောင်း ပိုက်လိုင်းနှစ်ကြောင်းကို အပြိုင် သွယ်တန်းတည်ဆောက်ထားကာ ပိုက်လိုင်းများသည် မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ကို ဖြတ်သန်းပြီး တရုတ်နိုင်ငံ ရွှေလီမြို့မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ သွယ်တန်းထားရှိပြီး ရေနံစိမ်းပိုက်လိုင်းသည် စုစုပေါင်း ၇၁၁ ကီလိုမီတာရှည်လျား၍ သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှာမူ စုစုပေါင်း ၇၉၃ ကီလိုမီတာ ရှည်လျားကြောင်း သိရသည်။

မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် စတင်လည်ပတ်နိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီလတွင် စတင်ကာ ကျောက်ဖြူ၊ ရေနံချောင်း၊ တောင်သာနှင့် မန္တလေးမြို့တို့တွင် သဘာဝဓာတ်ငွေ့ကို အောင်မြင်စွာဖြင့် Offloading ခွဲတမ်းထုတ်ယူနိုင်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဧပြီ ၁၀ ရက်တွင် တရုတ်နိုင်ငံ ဘေဂျင်းမြို့၌ မြန်မာ-တရုတ် နှစ်နိုင်ငံအကြီးအကဲများ၏ ရှေ့မှောက်တွင် မြန်မာ-တရုတ် ရေနံသယ်ယူပို့ဆောင်ရေးစာချုပ်ကို ချုပ်ဆိုခဲ့ပြီး မြန်မာ-တရုတ် ရေနံပိုက်လိုင်းစီမံကိန်းကို စတင်လည်ပတ်ကြောင်း၊ မေ ၁၉ ရက်တွင် ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့် နမ့်ခမ်းစခန်းသို့ ရောက်ရှိအောင် ပို့လွှတ်နိုင်သဖြင့် မြန်မာ-တရုတ် ရေနံပိုက်လိုင်းသည် အောင်မြင်စွာ လည်ပတ်နိုင်ပြီဖြစ်ကြောင်း စီမံကိန်းတာဝန်ရှိသူထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရမ်းဗြဲမြို့နယ်၌ ရမ္မာဝတီရိုးရာလှို (လှေ)ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရမ်းဗြဲ မေ ၂၇**
ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ ရမ္မာဝတီရိုးရာလှို (လှေ) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၇ ရက်က ရမ္မာဝတီရိုးရာလှို (လှေ) ပြိုင်ပွဲကို ရမ်းဗြဲမြို့လယ်မှ ဖြတ်သန်း စီးဆင်းနေသော တန်းချောင်းလှို (လှေ) ပြိုင်ရာ နေရာတွင် ကျင်းပရာ ပြိုင်ပွဲဝင်လှေအသင်းပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ကျင်းပရာတွင် ပြိုင်ပွဲဝင် လှေအသင်းများက တာလွှတ်ရာ နေရာမှ ပြိုင်ပွဲကျင်းပရေးဗဟိုကော်မတီမဏ္ဍပ်ရှေ့သို့ လှော်ခတ်နေရာယူကြကာ လှေပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးဘလှက အမှာစကား ပြောကြားသည်။ ယင်းနောက် လှေပြိုင်ပွဲ ကျင်းပရေး ကော်မတီအဖွဲ့ဝင် ဦးထွန်းနိုင်က လှေပြိုင်ပွဲကျင်းပရခြင်း၏ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရခိုင်ရိုးရာ မင်္ဂလာ စည်တော်အဖွဲ့မှ စည်တော်များ တီးခတ်ပေးပြီး ရမ္မာဝတီရိုးရာ လှေပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို လှေပြိုင်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်နိုင်စိုးနှင့် လှေပြိုင်ပွဲ ကျင်းပရေး ကော်မတီအဖွဲ့ဝင် ဦးအောင်မင်းဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး လှေပြိုင်ပွဲကို ဆက်လက်ကျင်းပကြရာ ယနေ့တွင် ဒုတိယ(တန်း)အဆင့်မှ လှေများ ဖြစ်ကြသည့် ပြိုင်ပွဲဝင်လှေအသင်း ၁၁ သင်းတို့ ယှဉ်ပြိုင်လျက်ရှိပြီး ညနေပိုင်းနှင့် ညပိုင်းတို့တွင်လည်း ရခိုင်ရိုးရာကျင်းပွဲ၊ ဇာတ်သဘင်တို့ဖြင့် ဆက်လက်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။



**အောင်နိုင်**
**(ပြန်/ဆက်)**

# တောင်သူဝင်ငွေတိုးတက်စေရေးအတွက် အကွက်ကျယ်သီးနှံပုံစံစနစ် ပြောင်းလဲစိုက်ပျိုးမည်

**မန္တလေး မေ ၂၇**
မန္တလေးတိုင်းဒေသကြီးအတွင်း၌ ယခုဘဏ္ဍာနှစ်အတွင်း တောင်သူဝင်ငွေတိုးတက်ရေးအတွက် ခေတ်မီစက်မှုလယ်ယာစနစ်သုံး အကွက်ကျယ်သီးနှံပုံစံစနစ်ပြောင်းလဲစိုက်ပျိုးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် လာမည့်ဇွန်လမှစ၍ မြို့နယ်သုံးမြို့နယ်တွင် မိုးသီးနှံကို အခြေပြု၍ စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်းကာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးနိုင်ရန်အတွက် ဧက ၇၀ တွင် အကွက်ကျယ်သီးနှံပုံစံစနစ် ပြောင်းလဲစိုက်ပျိုးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးတိုးမင်းက ပြောသည်။

"မိုးသီးနှံကိုအခြေပြုပြီးတော့ ဧက ၇၀ အဆင့်မြင့်လယ်ယာဖော်ထုတ်ပြီး အထောက်အကူပြုသီးနှံပုံစံပြောင်းလဲစိုက်ပျိုးတာကို စက်မှုလယ်ယာဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်မယ်။ ခေတ်မီစက်မှုလယ်ယာစနစ်သုံး အကွက်ကျယ်သီးနှံပုံစံ ပြောင်းလဲစိုက်ပျိုးရေးအတွက် စံပြကွက်တွေ၊ စမ်းသပ်ကွက်တွေနဲ့ water Saving Technology အရ ရေချွေတာသုံးစွဲမှုနည်းလမ်းတွေနဲ့ ပြုလုပ်ဆောင်ရွက်မှာပါ။ မိုးစပါးကို အခြေပြုပြီး ဆောင်းသီးနှံနဲ့ နွေသီးနှံတွေကိုလည်း ဆက်လက်ဆောင်ရွက်မှာပါ" ဟု ၎င်းက ပြောသည်။

အဆိုပါစနစ်ဖြင့် စိုက်ပျိုးမည့် မြို့နယ်များမှာ ကျောက်ဆည်မြို့နယ်၊ မတ္တရာမြို့နယ်နှင့် တောင်သာမြို့နယ်များဖြစ်ပြီး ကျောက်ဆည်မြို့နယ်တွင် မိုးစပါး၊ မြေပဲနှင့် နွေနှမ်းတို့ကို ၂၅ ဧကတွင် လည်းကောင်း ပြောင်းလဲစိုက်ပျိုးမည်ဖြစ်ပြီး မတ္တရာမြို့နယ်တွင် မိုးစပါး၊ မြေပဲနှင့်နွေစပါးတို့ကို ၂၅ ဧကတွင်လည်းကောင်း ပြောင်းလဲစိုက်ပျိုးမည့်အပြင် တောင်သာမြို့နယ်တွင်လည်း မိုးဦးနှမ်း၊ နွေနှမ်း၊ ကြက်သွန်နီတို့ကို ဧက ၂၀ တွင်လည်းကောင်း ပြောင်းလဲစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

*စာမျက်နှာ ၂၀ မှ*
တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရန် အပူတပြင်း စီမံဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာနိုင်ရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်အားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူအားလုံး စာသင်ခန်းအတွင်း ရောက်ရှိနိုင်ရေးလုပ်ငန်းများကို စီမံချက်ချ၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘ၊ ပြည်သူများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တို့အကြား တက်ညီလက်ညီကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

စင်စစ်အားဖြင့် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ် လူငယ်များ၏ ပညာတတ်မြောက်မှု အဆင့်အတန်းပေါ်တွင် များစွာ တည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဘက်စုံထူးချွန်သောမျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူ ပပျောက်ရေးလုပ်ငန်းစဉ်ကို အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရအပြင် မိဘ၊ ဆရာ၊ ဒေသခံ ပြည်သူများသည် အဖျက်အမှောင့်သမားများ၊ ပြည်ပလက်ဝေခံများ၊ မတရားအသင်း CRPH နှင့် NUG တို့၏ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်နေမှုများ၊ လှုံ့ဆော်နေမှုများကို နားမယောင်နေဘဲ ပကတိအခြေအနေမှန်ကို ရှုမြင်လျက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားသင့်ပါသည်။ မည်သို့ပင်ဆိုစေ ကျောင်းသား ကျောင်းသူအားလုံး စာသင်ခန်းအတွင်း ရောက်ရှိနေမှသာလျှင် ထိုကလေးများ၏ အနာဂတ်သည် ပိုမိုတောက်ပြောင်လာမည်ဖြစ်ပေသည်။ ။

# ဒေသခံတောင်သူလယ်သမားတို့အားထားရာ ရွှေညောင်တုန်း လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်း

## သတင်းဆောင်းပါး- သီသီမင်း၊ ဓာတ်ပုံ- ကိုနေ

**ကဆုန်လ၏ ပူပြင်းသော နေရောင်အောက်တွင် ၁၀ ဧက ခန့် ကျယ်ဝန်းသော လယ်ယာမြေကွက်အတွင်း မြက်ပင်၊ ကျူပင်၊ ကိုင်းပင်များအား ခေတ်မီစက်ယန္တရားကြီးများဖြင့် ပေါင်းသတ်ရှင်းလင်းခြင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများဖြင့် သက်ဝင်လှုပ်ရှား၍နေသည်။**

အဆိုပါ မြင်ကွင်းသည် နိုင်ငံ၏စပါးကျီ တိုင်းဒေသအတွင်းရှိ မိုးစပါးအများဆုံး စိုက်ပျိုးရာ ညောင်တုန်းမြို့နယ်နေ တောင်သူ ဦးကျော်ထူးပိုင် လယ်ယာလုပ်ငန်းခွင်အတွင်း မိုးစပါးအချိန်မီ စိုက်ပျိုးရန် မြေပြုပြင်နေခြင်းပင် ဖြစ်သည်။



ရွှေညောင်တုန်း လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းပိုင် လယ်ယာသုံး စက်ယန္တရားများ။

"ဒီဒေသက မိုးစပါးအဓိကစိုက်တယ်။ မိုးစပါးပြီးရင် ပဲကြဲမယ်၊ ပဲစိုက်ပြီးတာနဲ့ အခုလိုအချိန် ၅ လပိုင်း၊ ၆ လပိုင်းလောက်ဆို စပါးစိုက်ဖို့ပြန်စတာပဲ။ အခုလည်း မိုးစပါးစိုက်ဖို့ ပေါင်းကြမ်းတွေသတ်၊ မြေပြုပြင်နေတာပါ"ဟု နတ်ပေးကျေးရွာအုပ်စု ဇရပ်ကွင်းကျေးရွာနေ စပါးစိုက်တောင်သူ ဦးကျော်ထူးက ပြောသည်။

ခေတ်ကာလအခြေအနေအရ လယ်ယာလုပ်သားရှားပါးချိန်၊ ကျွဲ၊ နွားများအခက်အခဲရှိချိန်တွင် လယ်ဧကရာချီပိုင်ဆိုင်သည့် လယ်စိုက်တောင်သူများက လယ်ယာလုပ်ငန်းခွင်သုံး ကိုယ်ပိုင်စက်ယန္တရားကြီးများဖြင့် လုပ်ကိုင်နိုင်ကြသော်လည်း လုပ်ကွက်ငယ် တောင်သူများအနေဖြင့် သိန်းရာချီတန် စက်ယန္တရားကြီးများ ဝယ်ယူအသုံးပြုရန်မှာ လွယ်ကူလှသည် မဟုတ်ပေ။

သို့ဖြစ်ရာ လုပ်ကွက်ငယ် တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင် အချိန်မီပြီးစီးရေး ပုဂ္ဂလိကပိုင်စက်များ၊ စက်မှုလယ်ယာနှင့် သမဝါယမအသင်းများမှ စက်များကို ငှားရမ်းအသုံးပြုကြရသည်။

"စက်က အပိုင်မဟုတ်ဘူး၊ ငှားသုံးတာ။ စက်တွေမရှိတုန်းက ကျွဲတွေ၊ နွားတွေနဲ့ လုပ်ခဲ့ရတုန်းကဆို အချိန်အများကြီးပေးရတယ်။ ငွေကြေးကုန်ကျမှုက သိပ်တော့မကွာပါဘူး။ အရင်တုန်းကဆိုရင် နေ့စားတွေခေါ်ရတာနဲ့ဆို ဘာမှမထူးပါဘူး။ ငွေကုန်တာချင်း အတူတူ ဒါက ပိုမြန်သွားတာပေါ့ "ဟု တောင်သူကြီး ဦးကျော်ထူးက ဆိုသည်။

**တောင်သူများအားထားရာ အသင်းတစ်ခု**

စက်မှုလယ်ယာစနစ် ကူးပြောင်းရာတွင် စက်ကိရိယာအတွက် တောင်သူလယ်သမားများ အခက်အခဲမရှိစေရေး ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ၂၀၁၆ ခုနှစ်တွင် ရွှေညောင်တုန်း လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းကို စိတ်ဆန္ဒတူ သမအသင်းသားများစုပေါင်းကာ ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ လက်ရှိအချိန်တွင် ညောင်တုန်းမြို့နယ်အတွင်း တောင်သူများအားထားရာ အသင်းတစ်ခုအဖြစ် ရပ်တည်နေပြီ ဖြစ်သည်။

"တောင်သူတွေအနေနဲ့ လယ်ယာလုပ်သားရှားပါးတဲ့အချိန်မှာ စက်ကိရိယာအတွက် အခက်အခဲမရှိဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပြီးတော့ ဒီအသင်းကို ထူထောင်လိုက်တာပါ။ အသင်းသားတစ်ဦးကို တစ်သောင်း၊ အသင်းသား ၅၀ ၊ မတည်ငွေ ငါးသိန်းနဲ့စပြီး ဆောင်ရွက်ခဲ့တာပါ။ လယ်စိုက်တဲ့သူတွေက ဒီအသင်းပေါ်က စက်တွေကိုအားကိုးတာများတယ်။ ဒါက ဒီအသင်းရဲ့အောင်မြင်မှုပေါ့" ဟု ညောင်တုန်းမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းထွန်းအေးက ပြောသည်။

### ညောင်တုန်းမြို့နယ်နှင့် အနီးဝန်းကျင်ရှိ တောင်သူများအနေဖြင့် ရွှေညောင်တုန်း လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုအသင်းမှ စက်ယန္တရားကြီးများကို ငှားရမ်းကာ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်လာမှုများကြောင့် အသင်းအနေဖြင့် တစ်နှစ်လျှင် ဝင်ငွေ ကျပ်သိန်း ၁၀၀ နီးပါး ရရှိလာပြီဖြစ်

အဆိုပါအသင်းအနေဖြင့် သမဝါယမဦးစီးဌာနမှ အရစ်ကျစနစ်ဖြင့် ဝယ်ယူထားသည့် အသင်းပိုင် ရိတ်ခြွေစက်နှစ်စီး၊ ထွန်စက်သုံးစီး ၊ Levelar နှစ်စီး၊ အသင်းသားပိုင် ထွန်စက်လေးစီးဖြင့် ရိတ်သိမ်း၊ ခြွေလှေ့၊ မြေပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး ညောင်တုန်းမြို့နယ်အတွင်းနှင့် နီးစပ်ရာမြို့နယ်များကိုပါ လယ်ဧကလုပ်ကွက်ငယ် တောင်သူများ၊ သမအသင်းသားများ၊ အသင်းသားမဟုတ်သူများအား လယ်ယာမြေများ ထွန်ယက်၊ ရိတ်သိမ်းခြင်း၊ စက်ကိရိယာများ ငှားရမ်းခြင်းတို့ကို သင့်တင့်သောနှုန်းထားများဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

"ပုဂ္ဂလိကစက်ပိုင်တွေက ဧကကြီးတဲ့သူတွေ၊ ဧကများတဲ့သူတွေကို ဦးစားပေးလုပ်တာပေါ့။ သမအသင်းကျတော့ အဲဒီလိုမဟုတ်ဘူး။ ကိုယ့်ဘက်က ကြိုပြီး ချိတ်ထားလို့ရှိရင် ကိုယ်သတ်မှတ်ထားတဲ့ရက်ကိုရအောင် သူတို့က ဆောင်ရွက်ပေးတယ်။ အဲဒီလိုဆိုတော့ အဆင်ပြေတယ်" ဟု မိုးဟုတ်ကျေးရွာနေ လယ် သုံးဧကပိုင်ဆိုင်သူ တောင်သူ ဦးအောင်နိုင်ဦးက ပြောသည်။

**စက်ယန္တရားကြီးများ အသုံးပြုလာ**

လက်မှုလယ်ယာစနစ်ဖြင့် စိုက်ပျိုးခဲ့စဉ်က တစ်ဧက စပါးတင်း ၆၀၊ ၇၀ ခန့် ထွက်ရှိခဲ့သည့် လယ်မြေများသည် ခေတ်မီစက်ကိရိယာများ ပြောင်းလဲအသုံးပြုလာသည့်အချိန်တွင် တင်း ၁၀၀ ခန့် စပါးအထွက်တိုးလာသည့်အတွက် လယ်လုပ်သူ တောင်သူများအားလုံးနီးပါး စက်ယန္တရားကြီးများ အသုံးပြုလာကြသည်ကို တွေ့မြင် ကြားသိနေရသည်။

ညောင်တုန်းမြို့နယ်နှင့် အနီးဝန်းကျင်ရှိ တောင်သူများအနေဖြင့် ရွှေညောင်တုန်း လယ်ယာအထောက်အကူပြုဝန်ဆောင်မှုအသင်းမှ စက်ယန္တရားကြီးများကို ငှားရမ်းကာ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်လာမှုများကြောင့် အသင်းအနေဖြင့် တစ်နှစ်လျှင် ဝင်ငွေ ကျပ်သိန်း ၁၀၀ နီးပါး ရရှိလာပြီဖြစ်သည်။

"စက်တွေကို ဒီက လယ်သမားတွေ အားလုံးလိုလို ငှားတော့ အသင်းကအောင်မြင်တယ်လို့ ဆိုရမယ်။ ဒီစက်တွေကို ငွေချေးပြီး အရစ်ကျစနစ်နဲ့ ဝယ်ပြီး ၂၀၁၆ ကစပြီးတော့ လုပ်ငန်းလုပ်ခဲ့တာ အခုဆို စက်တစ်စီးပိုင်သွားပြီ။ ကျန်တဲ့စက်တွေလည်း ဒီလုပ်ငန်းတွေ ဆောင်ရွက်နေရင်းနဲ့ရတဲ့ ဝင်ငွေကနေ အပြေအကျေပေးဆပ်သွားမှာပါ"ဟု လယ်ယာဝန်ဆောင် သမဝါယမအသင်းဥက္ကဋ္ဌ ဦးအောင်တင်သန်းက ပြောသည်။

စက်များအသုံးပြုခအနေဖြင့် ကောက်ခံမှုနှုန်းထားနှင့် ပတ်သက်၍ ၎င်းက "ရိတ်ခြွေကျတော့ ဆီဈေးပေါ်မှာလိုက်ပြီး လေးသောင်း၊ လေးသောင်းခွဲလောက်ယူတယ်။ ဆီဈေး အတက်အကျပေါ်လိုက်ပြီးတော့ ပြောင်းလဲတယ်။ နောက်တစ်ချက်က ထွန်စက်တွေကျတော့ ၁၈၀၀၀ နှုန်း၊ ၁၈ သွားထွန်တွေကို ၁၂၀၀၀ နှုန်းနဲ့ယူပြီး ထွန်ယက်ပေးပါတယ်" ဟု ပြောသည်။

ရွှေညောင်တုန်း သမအသင်းသည် တောင်သူများ လယ်ယာလုပ်ငန်း အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးကို ရှေးရှုဆောင်ရွက်သည့် အသင်းဖြစ်ရာ ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းချိန်တွင် ငွေကြေးအခက်အခဲရှိနေသည့် တောင်သူများအား အကြွေးစနစ်ဖြင့် လိုအပ်သည့်စက်ယန္တရားကြီးများ ငှားရမ်းနိုင်ရန် စီစဉ်ပေးထားသည်။

"ပိုက်ဆံလွယ်ရင် လက်ငင်းရှင်းပေးကြတယ်။ မလွယ်လို့ရှိရင်လည်း သမက ဆိုင်းငံ့ပေးထားတော့ စိတ်တော့မဆင်းရဲရဘူး။ မိုးဘဏ်တွေ ဘာတွေ ထုတ်တဲ့အချိန်နဲ့ သီးနှံပေါ်တဲ့ အချိန်ကျရင် ပြန်ရှင်းပေးလိုက်တယ်။ အခုက ကိုဗစ်နဲ့ ဘာနဲ့ဆိုတော့ နည်းနည်းတော့ အဆင်မပြေတာတွေရှိတယ်" ဟု တောင်သူကြီး ဦးအောင်နိုင်ဦးက ပြောသည်။

တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန၏ လုပ်ငန်းစဉ် ရဲပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဈေးကွက်၊ နည်းပညာနှင့် ငွေကြေး အရင်းအနှီးများရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

**ကွန်ပျူတာသင်တန်းများကိုပါ ဖွင့်လှစ်သင်ကြား**

ထို့ပြင် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်း၊ လယ်ယာမြေပြုပြင်ခြင်း၊ စက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ရောင်းချခြင်းတို့ကို သက်သာသောအတိုးနှုန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး သမဝါယမသင်တန်းကျောင်း(ပုသိမ်)၌ သင်တန်းများ ဖွင့်လှစ်၍ အစိုးရအသိအမှတ်ပြုလက်မှတ်ရ စာရင်းရေး၊ စာရင်းကိုင်နှင့် ကွန်ပျူတာသင်တန်းများကိုပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**ငွေကျပ် ၅၀ ဘီလီယံကျော်**

"တောင်သူတွေအတွက် ဧရာဝတီတိုင်းဒေသကြီးမှာ ကျွန်တော်တို့ ငွေကျပ် ၅၀ ဘီလီယံကျော် ချေးထားပါတယ်။ ၂၃ ဘီလီယံက တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank ကနေပြီးတော့ ချေးငွေ၊ ကျန်တဲ့ ၂၇ ဘီလီယံက အသင်းသားတွေက စုထားတဲ့ ငွေတွေကနေ ပြန်ချေးထားတာပါ။ စက်ကိရိယာက တောင်ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီကနေ စက်အကြီးတွေ ၃၇၇ စီး တန်ဖိုး ၉ ဒသမ ၇ ဘီလီယံကျော် ရောင်းချထားပါတယ်။ အခြားသော လယ်ယာသုံး၊ လုပ်ငန်းသုံး၊ အထွေထွေသုံးစက်ကိရိယာပစ္စည်းမျိုးစုံကိုလည်း အရစ်ကျစနစ်နဲ့ ရောင်းချထားတာ ၁၁ ဘီလီယံကျော်လောက် ရောင်းချထားပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဦးငွေးမြင့်အောင်က ပြောသည်။

ကိုဗစ်ကာလအတွင်း တိုင်းဒေသကြီးအတွင်းရှိ လယ်သမားများ အဆင်ပြေစေရေး စပါးတင်း တစ်သိန်းငါးသောင်းကျော်အား တိုင်းဒေသကြီး သမဝါယမမှ ကူညီဝယ်ယူပေးခဲ့သည့်အပြင် ထိုကာလအတွင်း Exim Bank ချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် အရင်း၏ ၁၆ ပုံ ၁ပုံခန့်၊ အတိုးကိုသာ ကောက်ခံခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

*စာမျက်နှာ ၂၃ သို့*

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် အဖျက်အမှောင့် လုပ်ရပ်များဆောင်ရွက်ရန် ပြုလုပ်ထားရှိသည့် ဖောက်ခွဲရေးပစ္စည်းများကို လက်ဝယ်ထားရှိသူများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၂၇**
မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများ၏ လက်နက်၊ ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဆက်လက်ဖော်ထုတ် သိမ်းဆည်းရမိလျက်ရှိသည်။

ထိုသို့ဖော်ထုတ်ဖမ်းဆီးရာတွင် မေ ၂၆ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တံခွန်တိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ငါန်းဇွန်မြို့နယ် ပေါက်စိန်းကျေးရွာနေ ရွှေကို (၂၇နှစ်) (ဘ) ဦးဖိုးတုတ်မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ အကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း။

**ပြည်ကြီးတံခွန်မြို့နယ်**

အလားတူ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် လမ်း ၆၀ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ ကျော်စွာလွင်(ခ) ဇာနည် (၃၈နှစ်) (ဘ) ဦးမြင့်မောင်၏ နေအိမ်၌ သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်အတွင်းမှ လက်လုပ်မိုင်း ငါးလုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ထို့အတူ ည ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊ (၁၀)တောင်၊ (၁၂) ရပ်ကွက်၊ ရတနာလမ်း၊ တက်လမ်းအိမ်ရာ၊ တိုက်အမှတ် (၆)၊ အခန်းအမှတ်(၄၀၂)ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအခန်းအတွင်း လူနေထိုင်ခြင်းမရှိဘဲ အခန်းအတွင်းမှ လက်လုပ်ဗုံး မျိုးစုံ ၂၁၂ လုံး၊ Keypad ဖုန်းတွင် တပ်ဆင်ပြီး အစပျိုးစနစ် ငါးစုံ၊ လက်လုပ်ရှော့တိုက်ဒုံး ခုနစ်လုံး၊ Remote ပါဒုံးရဟတ်ယာဉ်တစ်စုံ၊ အကြမ်းဖက် တိုက်ခိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

**စဉ့်ကူးမြို့နယ်**

အလားတူ ယနေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျောက်ခတ်ကျေးရွာ၏ မြောက်ဘက် မီတာ ၇၀၀ ခန့်အကွာ တောင်ကုန်းအနီး တစ်ဝိုက်အား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ရှင်းလင်းရာ ကျောက်ခတ်ကျေးရွာနေ မိုးခိုင် (၃၅နှစ်) (ဘ)ဦးမြသိန်းကို လက်လုပ်သေနတ်နှစ်လက်၊ တူမီးသေနတ်တစ်လက်၊ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါနေရာကို ဆက်လက်ရှင်းလင်းခဲ့ရာ ပတ်လည်အင်းကျေးရွာနေ ဦးလှဝင်း(၅၉နှစ်) (ဘ) ဦးကြည်သောင်းနှင့် တစ်ရွာတည်းနေ ကျော်ကြီး(ခ)ကျော်သူနိုင်(၃၅နှစ်) (ဘ) ဦးထွန်းလွင်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း။



စဉ့်ကူးမြို့နယ်၌ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် အမျိုးသားသုံးဦးကို တွေ့ရစဉ်။

**အင်းစိန်မြို့နယ်**

ထို့အတူ မွန်းလွဲ ၁ နာရီခွဲတွင် အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက်နေ ဝေယံရှိုင်း(၃၀နှစ်) (ဘ) ဦးစိန်မောင်ပါ ကိုးဦးကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ၎င်းတို့ နေအိမ်အသီးသီး၌ သွားရောက်ဖမ်းဆီးခဲ့ရာ ဝေယံရှိုင်း၏ နေအိမ်၌ လက်ပစ်ဗုံးတစ်လုံးဖြင့် လည်းကောင်း၊ ထင်အောင်ကျော်၏နေအိမ်၌ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ ဆန့်ကျင်ရေး စာရွက်စာတမ်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း။

အဆိုပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများကို တွေ့ရစဉ်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၈၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၈၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် သတင်းအရ လွန်းပြေ(၄၆နှစ်)နှင့် အားဟာ(၄၈နှစ်)တို့ ဆိုင်ကယ်ဖြင့် သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၆၀၀ ကို စတင် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ပေါ်ပေါက်ချက်အရ ညနေ ၅ နာရီတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဂျောပကျေးရွာနေ ရောဟန် (၂၄နှစ်)၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၂၀၀၊ စိတ်ကြွဆေးအကြေမှုန့် ၂၅၀ ဂရမ်၊ ဘိန်းစိမ်း ၄၀၀ ဂရမ်ကို လည်းကောင်း၊ ကွင်းဆက်အရ ဂျောပကျေးရွာနေ အားမူ(၃၃နှစ်) နှင့် မမီဂျူး (၃၆နှစ်)တို့၏ နေအိမ်များမှ စိတ်ကြွရူးသွပ် ဆေးပြား ၂၂၄၂၀၀ အား လည်းကောင်း ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၁၈၄၄ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၈၀၀၀၊ စိတ်ကြွဆေးအကြေမှုန့် ၂၅၀ ဂရမ်၊ ဘိန်းစိမ်း ၄၀၀ ဂရမ် သိမ်းဆည်းရမိခဲ့ရာ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်ထားပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက် စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၂ မှ*

"မနှစ်ကဆို ကိုဗစ်ဖြစ်တော့ စပါးဈေးကကျတယ်လေ။ စပါးဈေးကွက်က ပျောက်သလိုတောင်ဖြစ်သွားတယ်။ ဈေးကွက်မှာ ဝယ်တဲ့သူမရှိဘူး။ ကျွန်တော်တို့ သမက သိန်း ၈၆၀၀ ဖိုးလောက် ဝယ်လိုက်တယ်။ အဲဒီတော့မှ ပြန်ပြီး အဝယ်လိုက်လိုက်တာ။ ဈေးကွက်မှာအသက်ဝင်သွားတဲ့ အနေအထားမျိုးပေါ့။ ငါးဈေးကွက်အတွက်လည်း ဒီလိုပဲ လုပ်ပေးခဲ့တယ်"ဟု ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဦးဌေးမြင့်အောင်က ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနအနေဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ ဈေးကွက်၊ ငွေကြေး၊ ခေတ်မီစက်ကိရိယာပစ္စည်းများကို တတ်နိုင်သမျှ ကူညီပံ့ပိုးပေးလျက်ရှိသော်လည်း လက်ရှိအချိန်တွင် တောင်သူများစိုက်သမျှ သီးနှံ၊ လယ်ယာထွက်ကုန်များ ရောင်းချရန် လိုအပ်ချက်တစ်ခုက ရှိနေပြန်သည်။

"ကျွန်တော်တို့ဘက်က အဓိက လိုအပ်တာက ဈေးကွက်ပါပဲ။ စိုက်သမျှသီးနှံတွေ ဈေးကောင်းရရင် အရှုံးမရှိဘဲ အကျိုးအမြတ်ရှိမှာပါ။ ဒါကို သမဝါယမအချင်းချင်းလည်း ချိတ်ဆက်နေသလို အစိုးရပိုင်းဘက်ကနေပြီးတော့လည်း ဒီလိုအပ်ချက်ကို ကူညီဆောင်ရွက်ပေးမယ်ဆိုရင်တော့ ကျွန်တော်တို့ လယ်သမားတွေရဲ့ လူနေမှုစနစ်တွေ၊ စီးပွားရေး တွေ မြင့်မားလာမယ်လို့ယုံကြည်ပါတယ်"ဟု ညောင်တုန်းမြို့နယ်ဆားမလောက်ကျေးရွာမှ သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးသန်းထွန်းအေးက ပြောသည်။

ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးတွင် အထောက်အကူပြုစေရန်နှင့် တိုင်းပြည်၏ စီးပွားရေးကို သမဝါယမလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အမှန်တကယ်အထောက်အကူပြုဆောင်ရွက်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်တွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှု သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ယခုအခါအသင်းပေါင်း ၆၈၀၀ ကျော် ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သည်။

ထိုအထဲတွင် ညောင်တုန်းမြို့နယ်၌ အသင်းသားပေါင်း တစ်သောင်း ရှစ်ထောင်ကျော်ဖြင့် အခြေခံသမဝါယမအသင်းမှစ၍ အသင်းအဆင့်ဆင့်ဖြင့် သမဝါယမအသင်း ၂၀၅ သင်း ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်း သမဝါယမဦးစီးဌာန၏လုပ်ငန်းများဆောင်ရွက်မှု အောင်မြင်သည်ဟုဆိုရမည်ပင်။


ရွှေညောင်တုန်း သမဝါယမအသင်းပိုင် ထွန်စက်များဖြင့် ထွန်ယက်ပေးနေမှုကို တွေ့ရစဉ်။

"သမဝါယမဆိုတာ ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်တယ်။ လူတိုင်းစိတ်ဝင်စားဖို့ ခက်ခဲတယ်။ ပြောမယ်ဆို တော်တော်စိတ်နှစ်ပြီးလုပ်နိုင်မှ အောင်မြင်မှုကိုရရှိတာ။ ညောင်တုန်းမြို့နယ်က အောင်မြင်တဲ့အထဲပါပါတယ်။ သမလုပ်ငန်းကိုလည်း စိတ်ဝင်စားကြတယ်"ဟု ညောင်တုန်းမြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်ခင်မာအေးက ပြောသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းသည်ဆိုရာတွင် လယ်ယာသုံး ခေတ်မီစက်ကိရိယာများ တောင်သူများလက်ဝယ် လွယ်လင့်တကူ ရယူအသုံးပြုနိုင်ရေးအတွက် သမဝါယမကဏ္ဍမှပူးပေါင်းပါဝင်မှုသည် လွန်စွာမှ အရေးပါလှသည်ဖြစ်ရာ-

"အစိုးရအနေနဲ့ ရွှေညောင်တုန်းလို သမအသင်းတွေ များများထူထောင်ပေးမယ်။ အသင်းတွေမှာလည်း စက်တွေများများရှိမယ်ဆိုရင်တော့ ငှားရမ်းသုံးတဲ့ တောင်သူတွေအတွက် ပိုပြီးအကျိုးရှိမယ်ထင်ပါတယ်''ဟု ညောင်တုန်းမြို့နယ် ဒေသခံလယ်သမားတစ်ဦးဖြစ်သူ ကိုအောင်နိုင်ဦးက ပြောပြသည်။ ။

# မြန်မာဥပဒေ သတင်းအချက်အလက်စနစ် သုံးနှစ်တာခရီး

## မြန်မာဥပဒေသတင်းအချက်အလက်ဌာနခွဲ ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ပြည်သူလူထုအတွက် အကောင်းဆုံးဥပဒေဝန်ဆောင်မှုများကို တတ်စွမ်းသမျှ ဆောင်ကြဉ်းပေးရန် အစဉ်ကြိုးပမ်းဆောင်ရွက်နေသော ဌာနဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ခြင်း၊ ဥပဒေအသိပညာပေးခြင်းနှင့် ဥပဒေသတင်းအချက်အလက် အခမဲ့ဝန်ဆောင်မှုပေးခြင်းတို့ဖြင့် ပြည်သူများ၏ ယုံကြည်ကိုးစားသော စံပြအဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန် မျှော်မှန်းပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၂၀-၂၀၂၄ ခုနှစ် မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်မှာလည်း "တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု(Providing Legal Service for Justice)" ဖြစ်ပါသည်။ ရည်မှန်းချက်များ ပြည့်မီစေရန် ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးမှုတိုးတက်ကောင်းမွန်လာစေရေးကို အထောက်အကူပြုစေမည့် မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System – MLIS) ကို ၂၀၁၈ ခုနှစ် မေလ ၂၄ ရက်နေ့မှစ၍ အောင်မြင်စွာ လွှင့်တင် နိုင်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System – MLIS) ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ ပူးပေါင်းလျက် KOICA အထောက်အပံ့နှင့် ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာန(Ministry of Legislation–MOLEG)၏ နည်းပညာအကူအညီတို့ဖြင့် www.mlis.gov.mm အား အောင်မြင်စွာလွှင့်တင်၍ ဝန်ဆောင်မှုပေးခဲ့သည်မှာ ၂၀၂၂ ခုနှစ် မေလ ၂၄ ရက်တွင် သုံးနှစ်သက်တမ်းသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ အခက်အခဲနှင့် စိန်ခေါ်မှုများကို ဖြတ်သန်းကျော်လွှားရင်း သုံးနှစ်တာခရီးသို့ ရလဒ်ကောင်းများစွာဖြင့် အောင်မြင်စွာ ပေါက်မြောက်ခဲ့ပြီးဖြစ်ပါသည်။




မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System – MLIS) ၏ ပင်မစာမျက်နှာ။

> ❖ **မြန်မာဥပဒေ သတင်းအချက်အလက်စနစ် လွှင့်တင်လျက် ဝန်ဆောင်မှုပေးခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူများက အင်တာနက်ဝက်ဘ်ဆိုက်မှ တစ်ဆင့် တစ်နေရာတည်းတွင် အလွယ်တကူ ရှာဖွေလေ့လာအသုံးပြုနိုင်စေရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေရေးတို့အတွက် ဥပဒေအသိပညာပေးနိုင်ရန် ရည်ရွယ်၍ ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ ပြည်သူများသည် ဥပဒေဆိုင်ရာ အသိပညာနှင့် ဗဟုသုတကြွယ်ဝခြင်းဖြင့် တရားဥပဒေစိုးမိုးသော၊ တည်ငြိမ်အေးချမ်းသော၊ ဖွံ့ဖြိုးစည်ပင်သောနိုင်ငံအဖြစ် တိုးတက်ပြောင်းလဲမှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်**

### တရားဝင်ဝက်ဘ်ဆိုက်တစ်ခု ဖြစ်

စတင်လွှင့်တင်ခဲ့စဉ်က ဥပဒေသတင်းအချက်အလက်စုစုပေါင်း ၇၀၆၄ ခု ထည့်သွင်းနိုင်ခဲ့ပြီး ယခုသုံးနှစ်သက်တမ်းသို့ ရောက်ရှိချိန်တွင် ဥပဒေသတင်းအချက်အလက် စုစုပေါင်း ၁၀၇၆၁ ခု ထည့်သွင်းနိုင်ခဲ့ကာ နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေသတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးက အခမဲ့ဝန်ဆောင်မှုပေးသော တရားဝင်ဝက်ဘ်ဆိုက်တစ်ခု ဖြစ်ပါသည်။

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် လွှင့်တင်လျက် ဝန်ဆောင်မှုပေးခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူများက အင်တာနက် ဝက်ဘ်ဆိုက်မှ တစ်ဆင့် တစ်နေရာတည်းတွင် အလွယ်တကူ ရှာဖွေလေ့လာအသုံးပြုနိုင်စေရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေရေးတို့အတွက် ဥပဒေ အသိပညာပေးနိုင်ရန် ရည်ရွယ်၍ ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ ပြည်သူများသည် ဥပဒေဆိုင်ရာ အသိပညာနှင့် ဗဟုသုတကြွယ်ဝခြင်းဖြင့် တရားဥပဒေစိုးမိုးသော၊ တည်ငြိမ်အေးချမ်းသော၊ ဖွံ့ဖြိုးစည်ပင်သောနိုင်ငံအဖြစ် တိုးတက်ပြောင်းလဲမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။

### အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်

မြန်မာဥပဒေ သတင်းအချက်အလက်များသည် မြန်မာနိုင်ငံပြန်တမ်းပါ ဖော်ပြချက်များနှင့် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များကို အခြေခံပြုစု၍ ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ မြန်မာဥပဒေ သတင်းအချက်အလက်စနစ်၏ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြဋ္ဌာန်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအပါအဝင် သတင်းအချက်အလက်များကို မူရင်းပြဋ္ဌာန်းချက်များအတိုင်း လေ့လာဖတ်ရှုနိုင်စေရန် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ထားပါသည်။

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System – MLIS)၏ ပင်မစာမျက်နှာ Home Page ရှိ Menu Bar တွင် ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုဥပဒေများ၊ ပြည်ထောင်စုတစ်ဆင့်ခံ ဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဆင့်ခံ ဥပဒေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ၊ စီရင်ထုံးများ၊ ဇယား သို့မဟုတ် ပုံစံများ အခြားဟူ၍ ခေါင်းစဉ်ကြီး ၁၁ ခုကို ခွဲခြား၍ ဖော်ပြထားပါသည်။ မိမိနှစ်သက်ရာအကြောင်းအရာခေါင်းစဉ်မှတစ်ဆင့် ကလစ်နှိပ်၍ ဆက်လက်ရှာဖွေနိုင်ပါသည်။ ယင်းသို့ရှာဖွေရာတွင် ဥပဒေအမျိုးအစားများကို ခွဲခြားရှာဖွေခြင်း၊ ဥပဒေ အမည်ဖြင့် ရှာဖွေခြင်း၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို ရှာဖွေခြင်း၊ စီရင်ထုံးများကို ရှာဖွေခြင်း၊ ဇယားသို့မဟုတ် ပုံစံများဖြင့် ရှာဖွေ ကြည့်ရှုရာတွင်လည်း ကွန်ပျူတာမှတစ်ဆင့် အင်တာနက် ချိတ်ဆက်သည့် Portal မှ လည်းကောင်း၊ မိမိတို့၏ Smart Phone များမှလည်းကောင်း အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ပါသည်။

ဥပဒေအမျိုးအစား ခွဲခြားရှာဖွေရာတွင် ဝန်ကြီးဌာနအလိုက်၊ ကဏ္ဍအလိုက်၊ ခေတ်အလိုက်ဟူ၍ သုံးမျိုးခွဲခြားရှာဖွေနိုင်ပါသည်။ ဝန်ကြီးဌာနအလိုက်တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက စီမံခန့်ခွဲသော ဥပဒေများကို ရှာဖွေနိုင်ပါသည်။ ကဏ္ဍအလိုက်တွင် ကဏ္ဍ ၁၂ ရပ်ခွဲခြား၍ ဥပဒေများကို စီးပွားရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက် ရှာဖွေလိုက ရှာဖွေနိုင်ပါသည်။ ခေတ်အလိုက်တွင် မြန်မာနိုင်ငံဥပဒေအတွဲ (၁) မှ (၁၃)တွင် စုစည်းဖော်ပြထားသည့် ဥပဒေများမှစ၍ ခေတ်အလိုက် ပြဋ္ဌာန်းခဲ့သော ဥပဒေများကို ခေတ်ကာလအလိုက် ဖော်ပြထားရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြဋ္ဌာန်းလျက်ရှိသော ဥပဒေများအထိ အလွယ်တကူ ရှာဖွေနိုင်ပါသည်။ ပြဋ္ဌာန်းထားသည့် ဥပဒေများတွင် အင်္ဂလိပ်ဘာသာပြန်ဆိုချက်ရှိသည့် ဥပဒေပြဋ္ဌာန်းချက်ကိုလည်း Law in English ဆိုသည့် box ကို နှိပ်၍ ရှာဖွေလေ့လာနိုင်ပါသည်။

အင်္ဂလိပ်ကိုလိုနီလက်ထက် (မြန်မာနိုင်ငံလွှတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်အထိ အိန္ဒိယပါလီမန်)က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားပြီး မြန်မာဘာသာပြန်ဆိုရခြင်းမရှိသော ဥပဒေများကို ဥပဒေဘာသာပြန်ကော်မရှင်က ဘာသာပြန်ဆိုပေးသည့် မြန်မာဘာသာပြန်ဆိုချက် ဥပဒေများကို တစုတစည်းတည်း အလွယ်တကူ လေ့လာကြည့်ရှုနိုင်ရေးအတွက် ဥပဒေဘာသာပြန်ကော်မရှင်ကဏ္ဍကို ထပ်မံထည့်သွင်း ဝန်ဆောင်မှုပေးထားပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေများ၏ မြန်မာဘာသာပြန်ဆိုချက်ကို အလွယ်တကူ ဖတ်ရှုကိုးကားနိုင်ကြမည်ဖြစ်ပါသည်။

### မူပိုင်ခွင့်နှင့် အကျိုးသက်ရောက်မှုကို ဖော်ပြ

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System– MLIS)၏ အားသာချက်တစ်ခုမှာ ဥပဒေပြဋ္ဌာန်းချက်တစ်ခု၏ စာမျက်နှာညာဘက်အပေါ်ထောင့်တွင် လိပ်စာကူးယူရန်နှင့် ဖွင့်ထားသော စာမျက်နှာတွင် ရှာဖွေခြင်းဆိုသည့် Box များမှတစ်ဆင့် လိပ်စာကူးယူပြီး အခြားသူတစ်ဦးထံ ပေးပို့၍ ရှာဖွေလိုသော ဥပဒေကို အလျင်အမြန်ရှာဖွေနိုင်ခြင်းတို့ ပြုလုပ်နိုင်သည့်ပြင် Word File ဖြင့်ဖြစ်စေ၊ PDF File ဖြင့်ဖြစ်စေ Download ရယူ၍ Print ထုတ်ယူပြီး ဖတ်ရှုနိုင်ပါသည်။ အခြားခေါင်းစဉ်အောက်တွင် အသိပေးချက် အမေးအဖြေကဏ္ဍ Q & A တို့ ပါရှိသဖြင့် မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System– MLIS) နှင့် စပ်လျဉ်း၍ သိရှိလိုသည်ကို မေးမြန်းနိုင်ပါသည်။ အသိပေးချက်အောက်၌ MLIS အသုံးပြုမှုလက်စွဲစာစောင်ကို Download ရယူ၍ ဖတ်ရှုနိုင်သကဲ့သို့ Myanmar Unicode Pyidaungsu Font ဖြင့် Download ရယူနိုင်ပါသည်။ ဥပဒေ သက်ရောက်မှုအောက်တွင် မူပိုင်ခွင့်နှင့် အကျိုးသက်ရောက်မှုကို ဖော်ပြထားပါသည်။

စီရင်ထုံးများကို ရှာဖွေလိုပါက စီရင်ထုံး Title ကို နှိပ်၍ ခုနှစ်အလိုက်သော်လည်းကောင်း၊ စီရင်ထုံးအမည်ဖြင့်သော်လည်းကောင်း ရှာဖွေနိုင်ပါသည်။ မိမိသိရှိလိုသော စီရင်ထုံးများကို အက္ခရာအလိုက် တရားရုံးစီရင်ထုံး အမျိုးအစားတို့အား select ပေး၍ ရွေးချယ်ပြီးနောက် တရားမပြင်ဆင်မှု၊ တရားမအယူခံမှု၊ တရားမ အထွေထွေလျှောက်ထားမှု၊ ရာဇဝတ်ပြင်ဆင်မှု၊ ရာဇဝတ်အယူခံမှု၊ ရာဇဝတ်အထွေထွေလျှောက်ထားမှုတို့ကိုလည်း မိမိရွေးချယ်လိုသော စီရင်ထုံးအမျိုးအစားများကို ရွေးချယ်ကြည့်ရှုနိုင်ပြီး ယင်းစီရင်ထုံးနှင့်စပ်ဆိုင်သည့် ပြဋ္ဌာန်းဥပဒေကိုလည်း တစ်ပါတည်း ဖတ်ရှုလေ့လာနိုင်ရန် Link ချိတ်ပေးထားပါသည်။

### တရားဥပဒေစိုးမိုးမှုကို များစွာ အထောက်အကူပြု

MLIS Website ကို ဝင်ရောက်၍ လိုရာဥပဒေသတင်းအချက်အလက်များကို အလွယ်တကူ ရှာဖွေအသုံးပြုနိုင်သောကြောင့် စာအုပ်ထူထူကြီးများကို ရှာဖွေရသည့်ဒုက္ခ၊ လိုအပ်သည့် စာအုပ်မရှိသည့်အခက်အခဲ၊ အဆင်မပြေမှုများကို ကျော်လွှားနိုင်ပါသည်။ ကွန်ပျူတာတစ်လုံး၊ Smart Phone တစ်လုံးရှိလျှင် ဥပဒေစာကြည့်တိုက်တစ်ခု မိမိနှင့်အတူအမြဲရှိနေပြီး ရှာဖွေကြည့်ရှုနိုင်ခြင်းပင် ဖြစ်ပါသည်။ ပြည်သူများသည် ဥပဒေသတင်းအချက်အလက်များကို အလွယ်တကူ လေ့လာကြည့်ရှုနိုင်သဖြင့် ဥပဒေနှင့် ပိုမိုနီးကပ်လာပြီး ဥပဒေဆိုင်ရာ

*စာမျက်နှာ ၂၅ သို့*

# ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ပဲခူး မေ ၂၇

ပဲခူးမြို့ ဟသ်ာလမ်းရှိ ဟံသာဝတီယူနိုက်တက် ဘောလုံးအားကစားကွင်း၌ မေ ၂၆ ရက်က ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား လေးခရိုင် အသက် ၂၁နှစ်အောက်အမျိုးသားဘောလုံး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ တရားသူကြီးချုပ် ဦးမောင်မောင်အေးနှင့် ကောင်စီဝင်များ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ယခုပြုလုပ်သည့် လေးခရိုင် အသက်၂၁နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသည် သာမန်အားကစားပြိုင်ပွဲတစ်ရပ် မဟုတ်ဘဲ တိုင်းဒေသကြီး ကိုယ်စားပြုမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင်များ ပေါ်ထွက်စေရေး ပြိုင်ပွဲတစ်ရပ်အဖြစ် မှတ်ယူပြီး ပြိုင်ပွဲဝင်အားကစားသမားများအားလုံး အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ယှဉ်ပြိုင်ကစားကြရန် ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ဒိုင်လူကြီးများကလည်း ဘက်လိုက်မှုကင်းရှင်းပြီး တရားမျှတ မှန်ကန်စွာ ဆုံးဖြတ်ကြရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပြိုင်ပွဲဝင် ဘောလုံးအသင်းများအား အားကစားပစ္စည်းများပေးအပ်ပြီး ပဲခူးခရိုင်အသင်းနှင့် တောင်ငူခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

၂၀၂၁ ခုနှစ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဖလား လေးခရိုင် အသက်၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီစသည့် ခရိုင် လေးခရိုင်မှ ခရိုင်ကိုယ်စားပြု ဘောလုံးအသင်း လေးသင်းပါဝင်ပြီး မေ ၂၆ရက်မှ ၃၁ ရက် အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် အများပြည်သူ အပန်းဖြေနိုင်သည့် ပဲခူးမြို့ ဟံသာဝတီမြို့ရိုး တူးဖော်ပြီးစီးနေမှုနှင့် ဆေးရုံလမ်းဘေး ညဈေး ဖွင့်လှစ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မိတ္ထီလာမြို့နယ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း မလိုက်နာသူများအား အရေးယူဆောင်ရွက်

မိတ္ထီလာ မေ ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်လမ်းစည်းကမ်း မလိုက်နာသူများအား အရေးယူမှုကို မေ ၂၇ ရက်က မိတ္ထီလာ- ကျောက်ပန်းတောင်း သွားကားလမ်း မိတ္ထီလာကန်ကူးတံတားပေါ်၌ ဆောင်ရွက်သည်။

အမှတ် (၉၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မိတ္ထီလာ)မှ ရဲအုပ်သန်းနိုင်စိုးနှင့် တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း ဒေသခံပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရန် အတွက် ဆိုင်ကယ်မောင်းနှင်သူများ ဆိုင်ကယ် မောင်းနှင်လျှင် ဆိုင်ကယ်ရှေ့မီး အနိမ့်ဖွင့် နေ့/ည မောင်းနှင်စေရေး၊ သတ်မှတ်လိုင်စင်အလိုက် မော်တော်ယာဉ်ကို မောင်းနှင်စေရေး၊ ဆိုင်ကယ်စီးဦးထုပ် ဆောင်းမေးသိုင်းကြိုးတပ်ပြီးလူနှစ်ဦးထက် ပိုမစီးစေရေး၊ လမ်းညွှန်အမှတ်အသားများကို လိုက်နာစေရေး စသည်များကို မေ ၅ ရက်မှ ၁၀ရက် အထိဆောင်ရွက်ပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်း မလိုက်နာသူများအား အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ အရေးယူဆောင်ရွက်ရာတွင် မေ ၁၃ ရက်မှ ယနေ့အထိ မော်တော်ဆိုင်ကယ်မောင်းနှင်ရာတွင် ဦးထုပ်မဆောင်းအရေးယူမှု ၁၇၅မှု နှင့် လိုင်စင်မဲ့ယာဉ် နှစ်စီးတို့ကို အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

*စာမျက်နှာ ၂၄ မှ*

အသိပညာ၊ ဗဟုသုတများ တိုးပွားလာခြင်းဖြင့် ဆောင်ရန်၊ ရှောင်ရန်များကိုသိရှိပြီး ဥပဒေနှင့်အညီ ကျင့်ကြံလိုက်နာနေထိုင်ဆောင်ရွက်တတ်သည့် ဝန်းကျင်ကောင်းတစ်ရပ် ပေါ်ပေါက်လာစေပြီး တရားဥပဒေ စိုးမိုးမှုလည်း ရှိလာမည်ဖြစ်ပါသည်။ ယင်းကဲ့သို့သော အခြေအနေ ဖြစ်ပေါ်လာစေရန် ပြည်ထောင်စု ရှေ့နေချုပ်ရုံးက လွှင့်တင်ဝန်ဆောင်မှု ပေးထားသော မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System–MLIS)၏ ဥပဒေ သတင်းအချက်အလက်များ ဝန်ဆောင်မှုပေးခြင်းဖြင့် တရားဥပဒေစိုးမိုးမှုကို များစွာအထောက်အကူပြုလျက် ရှိပါသည်။

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System – MLIS) အောင်မြင်ပြီး ရေရှည်တည်တံ့နိုင်စေရန် ကျွန်ုပ်တို့ ဆက်လက်ကြိုးစားရမည်ဖြစ်ပါသည်။ ဥပဒေ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အတတ်နိုင်ဆုံး ထည့်သွင်းပြီး ဝန်ဆောင်မှုပေးထားသောကြောင့် ဆိုက်ဘာလုံခြုံရေးအတွက် အမြဲစောင့်ကြည့်နေရသကဲ့သို့ ဥပဒေသတင်းအချက်အလက်များကို နေ့စဉ်စိစစ်တည်းဖြတ်ဖြည့်စွက်ရသော လုပ်ငန်းများကိုလည်း ကြိုးစားဆောင်ရွက်နေကြပါသည်။ ပြုပြင်ထိန်းသိမ်းမှုများအတွက် ရန်ပုံငွေနှင့် လေ့ကျင့်ပျိုးထောင်ပေးရမည့် လူ့စွမ်းအားအရင်းအမြစ်များလည်း လိုအပ်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System – MLIS)စနစ်ကို ပထမဆုံးတည်ထောင်နိုင်သည့် နိုင်ငံဖြစ်ခြင်းမှာ ဂုဏ်ယူရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ အစိုးရဌာနအဖွဲ့အစည်းအနေဖြင့် မိမိတို့ဌာန အဖွဲ့အစည်းများက စီမံခန့်ခွဲရန် ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များစသည့် တစ်ဆင့်ခံ ဥပဒေများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့ခြင်းဖြင့် MLIS အခွန့်ရှည် တည်တံ့စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။

# လက်တွေ့ကျသည့် စီမံကိန်းများဖြစ်ပေါ်လာစေရန် ပူးပေါင်းပါဝင်ရန်လို

မြစ်ကြီးနား မေ ၂၇

ကချင်ပြည်နယ်အတွင်း အရည်အသွေးပြည့်ဝ မှန်ကန်သော စာရင်းအချက်အလက်ကောက်ယူရရှိရေးနှင့် ၂၀၂၁ – ၂၀၂၂ ဒေသန္တရ စီမံကိန်း လုပ်ငန်းများဆိုင်ရာ အဆိုပြု လျာထားရေးဆွဲမှု ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၂၇ ရက်က ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ပြည်နယ်စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးကော်မတီ အစည်းအဝေးကျင်းပရာ ပြည်နယ်စာရင်း အချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေး ကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်လင်းအောင်က တိကျမှန်ကန်သည့် စာရင်းအင်း အချက်အလက်များ၊ ကိန်းဂဏန်းများ အပေါ် အခြေခံ၍ ပြည်နယ်၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေမည့် လက်တွေ့ကျသည့် စီမံကိန်းများဖြစ်ပေါ်လာစေရန် ဌာနဆိုင်ရာများအနေဖြင့် မိမိဌာန၏ မြေပြင်စာရင်းများနှင့် အမှန်တကယ်ကိုက်ညီပြီး မှန်ကန်၍ အရည်အသွေးပြည့်ဝသော စာရင်းများဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန်နှင့် လက်တွေ့ကျကျ ပူးပေါင်းပါဝင်ရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ ပြည်နယ်တာဝန်ခံ ဦးမြင့်မောင်မောင်က ဗဟိုစာရင်းအင်းအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် စာရင်းအင်းအချက်အလက် ကောက်ယူထုတ်ပြန်နိုင်မှု အခြေအနေများ၊ စာရင်းအင်း မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးတို့အတွက် ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူးက မှန်ကန်၍ အရည်အသွေးပြည့်ဝသော စာရင်းများဖြစ်စေရေး၊ မြေပြင်အခြေအနေနှင့် စာရင်းလွဲမှားမှုများ ဖြစ်ပေါ်နိုင်သည့် အခြေအနေများ သုံးသပ်ဆွေးနွေးပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများက စာရင်းအင်းများ ပေးပို့နိုင်ရေးနှင့် ပတ်သက်၍ သိလိုသည်များ ဆွေးနွေးကြသည်။

၂၀၂၁ -၂၀၂၂ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းလုပ်ငန်းများ အဆိုပြု လျာထားရေးဆွဲထားရှိမှုများနှင့် ပတ်သက်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းဦးစီးရုံးမှ တာဝန် ခံများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်နယ်စီမံကိန်း ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဒေါ်ဟန်အေး ဦးဆောင်၍ ခရိုင် စီမံကိန်းဦးစီးမှူး များက ခရိုင်၊ မြို့နယ်များအလိုက် ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီ၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာ နှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစီမံကိန်း များအတွက် အဆိုပြု လျာထားရေးဆွဲထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မြို့နယ်များ၏ မြေပြင်တွင် အမှန်တကယ် ပြည်သူ့အတွက် လိုအပ်မည့် အဓိက စီမံကိန်းလုပ်ငန်းများကိုသာ ဦးစားပေးရေးဆွဲတင်ပြရေး၊ စီမံကိန်းလုပ်ငန်းများ ရေးဆွဲရာတွင်လည်း နယ်မြေအခြေအနေ အပေါ်မူတည်၍ မြေပြင်တွင် အမှန်တကယ် ဆောင်ရွက်နိုင်ပြီး အကျိုးရှိသည့် စီမံကိန်းလုပ်ငန်းများ ဖြစ်ပေါ်လာစေရေးအတွက် စဉ်းစားသုံးသပ်၍ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်စီမံ အုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ညှိနှိုင်းပေါင်းစပ်၍ ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**

## လှိုင်းဘွဲမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

လှိုင်းဘွဲ မေ ၂၇


ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် မွေးလာသောကလေးများကို ကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကင်းဝေးစေရန်အတွက် ကာကွယ်ဆေးထိုးနှံခြင်းနှင့် မွေးစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား အသည်းရောင် အသားဝါဘီရောဂါ၊ ပိုလီယို အကြောသေ ရောဂါ၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးရောဂါနှင့် ဝက်သက်ရောဂါတို့မှ ကာကွယ်ရန်အတွက် အသက်အပိုင်းအခြားအလိုက် ကာကွယ်ဆေး များ ထိုးပေးခြင်း၊ တိုက်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိ သည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၀.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သော်ရာဇာထွန်း ၉/ခမစ(နိုင်)၁၅၆၈၄၁ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၆၃၃၁၂၀

## ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်အုပ်စု၊ မြသီတာရပ်ကွက်၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲအမှတ်(၁၂) Grade-2 တွင် ပညာသင်ကြားနေသော မောင်သွင်ထူးစျာန်၏ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ၇/ဇကန(နိုင်)၀၃၅၄၆၂ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ဝက်လက်မြို့နယ်၊ မင်ဇင်းကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်း Grade-2 မှ မောင်လင်းလက်ဇော်၏ မိဘအမည်မှန်မှာ ဦးမောင်ထွန်း ၅/ဝလန(နိုင်)၀၀၃၉၉၄နှင့် ဒေါ်အေးအေးခက် ၅/ဝလန(နိုင်)၀၂၉၀၂၅ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/8685 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/6772 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၃၃-က)၊ မြေဧရိယာ ၀ ဒသမ ၂၂ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဆောဆိုင် ၁/မညန(နိုင်)၀၆၇၈၇၀ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၄၅/မြမာလာရပ်)၊ ဦးပိုင်အမှတ်(၁၂၀-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်မင်ဆိုင်လင့်(ခ) ကြွေဦးခင် ၁၃/သပန(နိုင်)၀၄၃၀၂၈ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### သရေစည်သူ ဦးအောင်တိုး
### နိုင်ငံတော်တရားသူကြီးချုပ်(ငြိမ်း)
### အသက်(၉၆)နှစ်

နိုင်ငံတော်တရားသူကြီးချုပ်(ငြိမ်း)၊ သရေစည်သူ ဦးအောင်တိုးသည် ၂၄-၅-၂၀၂၁ရက် (တနင်္လာနေ့) ညနေ ၆:၄၀နာရီ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကချင်ပြည်နယ်တရားလွှတ်တော်
တရားသူကြီးချုပ်နှင့်တရားသူကြီးများ
တရားရေးအရာရှိများ

## ဦးတင်ဖေ(ဦးတရုပ်ကြီး)
### စာရင်းကိုင်(ငြိမ်း)(RA)၊
### မီးရထားပို့ဆောင်ရေးကော်ပိုရေးရှင်း
### အသက်(၉၀)

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးခင်မောင်-ဒေါ်ပုလေး)တို့၏သား၊ (ဒေါ်စိန်စိန်-ဦးဘီသိန်း)၊ (ဦးထွေး)-ဒေါ်တင် တင်၊(ဦးတင်ညွန့်-ဒေါ်စန်းမြင့်)တို့၏မောင်၊ (ဦးမြင့်သန်း)၏အစ်ကို၊ ဗဟန်းမြို့နယ်၊ နဝဒေးအိမ်ရာ၊ တိုက်(၅)၊ အခန်း(၃)၊ ခြောက်ထပ်ကြီးနေ ဦးတင်ဖေ(ဦးတရုပ်ကြီး)သည် ၂၆-၅-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့) ည ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၂၁ရက်(ကြာသပတေးနေ့) တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးဟံခင်
### ဆံတော်ရှင်ကျိုက်ထီးရိုးတောင်တန်းသာသနာပြု ဝါဆိုမိသားစု၊ သာကေတမြို့နယ်၏ နာယက
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ချိုချို(စက်မှု-၁၊ အထည်-ငြိမ်း) ၏ချစ်လှစွာသောခင်ပွန်း၊ မမြတ်မွန်မွန်၊ ဒေါက်တာထူးအောင်-မအေးမြတ်သူတို့၏ ဖခင်၊ မောင်လင်းညာဏအောင်၏ ချစ်လှစွာသောအဘိုးသည် ၂၆-၅-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးတောင်တန်းသာသနာပြု
ဝါဆို မိသားစု သာကေတမြို့နယ်၊ ရန်ကုန်မြို့

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၁ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇
### ကွယ်လွန်သူဦးကျော်ဒင်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်ဒင်ကျန်ရစ်သည့် အမရပူရမြို့နယ်၊ ကင်းဘတ်အုပ်စု၊ ကွင်းအမှတ်(၅၇၃-က)၊ ဦးပိုင်အမှတ်(၁၆/၂)၊ ကိုင်းမြေအမျိုးအစား၊ ဧရိယာ ၂ ဒသမ ၂၈ဧကရှိ ယာမြေပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်လုနွဲ့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၁ ခုနှစ် ဇွန် ၂၅ရက်(၁၃၈၃ခုနှစ်၊ နယုန်လပြည့်ကျော် ၁ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဦးကျော်ဒင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၁ခုနှစ် ဇွန် ၂၅ရက်(၁၃၈၃ခုနှစ် နယုန်လပြည့်ကျော် ၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်လုနွဲ့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၁ခုနှစ် မေ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းကိုကို)
တွဲဖက်ခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6P/7257 ယာဉ်လက်ဝယ်ရှိသူ ဦးတိုးဝင်းအောင် ၉/မမန(နိုင်)၀၁၅၇၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၉ )၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၁၀၀၇/ခ)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဒေါ်လှသူဇာ ( ၁၂ / ပဘတ (နိုင်) ၀၁၁၅၇၉) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ငွေးငွေးဝင်း ( ၁၂/ပဘတ(နိုင်) ၀၀၂၀၀၆) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမောင်မောင်ဇော်လင်း ( ၁၂/လမန(နိုင်) ၁၀၉၈၈၇ ) က ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက် အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ပြည့်ပြည့်ဖြိုး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.P.L, | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) |

**Hein Htet San Law Firm** ဖုန်း - ၀၉၄၂၈၀၂၀၃၆၉ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၀၇၁၃၆

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### မြင်သာမြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ
### ဦးစီးပဓာနနာယက (ကျောင်းအုပ်) ဆရာတော်
### ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးသင်ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး
### မြို့နယ်သံဃနာယကအဖွဲ့ အဖွဲ့ဝင်
# ဘဒ္ဒန္တပညာစာရ
# (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
### သက်တော် (၅၃)နှစ်၊ ဝါတော် (၃၃)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ ရပ်ကွက်၊ သစ္စာလမ်းနှင့် ဖိုးခေါင်လမ်းထောင့်ရှိ မြင်သာမြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ (တတိယအဆင့်) ဦးစီးပဓာနနာယက(ကျောင်းအုပ်) ဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးသင်ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်သံဃနာယကအဖွဲ့ အဖွဲ့ဝင် ဘဒ္ဒန္တပညာစာရသည် (၁၃၈၃ ခုနှစ် ကဆုန်လပြည့်နေ့) ၂၅-၅-၂၀၂၁ (အင်္ဂါနေ့) ည ၁၀ နာရီ ၁၀ မိနစ် အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၈၃ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်) ၂၉-၅-၂၀၂၁(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ဈာပနအခမ်းအနားကျင်းပ၍ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ ဒါယိကာမ ဆွေတော်မျိုးတော်အပေါင်းတို့အား အသိပေးဖိတ်ကြားအပ်ပါသည်။)

တပည့် ဒါယကာ ဒါယိကာမများနှင့်
ဈာပနဖြစ်မြောက်ရေးကော်မတီ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဟံခင်
### ကျိုက်ထီးရိုးတောင်တန်းသာသနာပြု ဝါဆိုမိသားစု
### အသက် (၇၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ(ဦးဟုတ်စိန်-ဒေါ်ကျင်အောင်)တို့၏သား၊ (ဦးဘိုးသာ-ဒေါ်စိန်နွဲ့)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇောတိက (၁)လမ်းနေ ဦးသိန်းဝင်း၏ညီ၊ ဒေါ်အေးအေးမြင့်၊ ဦးထွန်းအောင်ကျော်တို့၏အစ်ကို၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/အပိုင်း ၄) ရပ်ကွက်၊ ဇောတိက (၁)လမ်း၊ အမှတ် (၁၁၄၉)နေ ဒေါ်ချိုချို (စက်မှု-၁၊ ထည်-ငြိမ်း)၏ ချစ်လှစွာ သောခင်ပွန်း၊ မမြတ်မွန်မွန်၊ ဒေါက်တာထူးအောင်-မအေးမြတ်သူတို့၏ဖခင်ကြီး၊ မောင်လင်းညာဏအောင်၏ ချစ်လှစွာသော အဘိုးသည် ၂၆-၅-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၂၁ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## တပ်ကြပ်ကြီးစာရေးတင်ဝင်း(ငြိမ်း)
### လေ/၁၄၁၂၈
### အသက် (၇၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိနန္ဒာ (၂၈) လမ်း၊ အမှတ် (၂၈၉)နေ (ဦးဘအေး-ဒေါ်မှုံ)တို့၏သား၊ (ဦးတင်ထွဋ်-ဒေါ်ညိုညို)တို့၏သားသမက်၊ ဒေါ်စန်းစန်း၏ခင်ပွန်း၊ ဦးသန့်ဇင်ဝင်း-ဒေါ်နိုင်နိုင်မော်၊ ဦးဝင်းမြင့်အောင်-ဒေါ်တင်မိုးမိုးဝင်း၊ ဗိုလ်မှူး သက်လွင်အောင်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်သီတာဝင်းစော၊ ဦးရဲကျော်သူ-(ဒေါ်ခိုင်ပြည့်စုံဝင်း)တို့၏ဖခင်၊ မြေးခုနစ် ယောက်တို့၏ အဘိုးသည် ၂၅-၅-၂၀၂၁ရက် နံနက် ၄:၀၇ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

အထက (သုဝဏ္ဏ)ကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း (နာယက) ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးမြင့်စိုး အသက် (၆၅)နှစ် (မြန်မာကီတိုဖိနပ်လုပ်ငန်း)သည် ၂၆-၅-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထက (သုဝဏ္ဏ)ကျောင်းသား
ကျောင်းသူဟောင်းများအသင်း

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်တော်ဦးခိုင်သန်းတိုးနှင့် ဒေါ်မြင့်သိင်္ဂီဆွေတို့သည် ၂၄-၄-၂၀၁၅ ရက်တွင် ဇမ္ဗူသီရိမြို့နယ်တရားရုံး၌ တရားဝင်ကွာရှင်းပြီးစီးခြင်းဖြစ်ပါကြောင်းနှင့် ၎င်း ၂၄-၄-၂၀၁၅ရက်မှစ၍ ကျွန်တော်နှင့် ဒေါ်မြင့်သိင်္ဂီဆွေ(ဘ)ဦးရဲမြင့် ၅/ရဥန(နိုင်)၀၆၀၀၀၇ တို့သည် ပတ်သက်မှုမရှိပါကြောင်း၊ နောက်နောင်၎င်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်း မပြုပါရန်နှင့် ကျွန်ုပ်၏အကျိုးပျက်ပြားအောင်ပြုလုပ်ပါက ဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးခိုင်သန်းတိုး
၅/ရဥန(နိုင်)၀၅၅၅၅၃

## ဒေါ်အေးအေးသိန်း
### ဗိုလ်မှူး(ငြိမ်း)၊ ကြည်း(၇၄၉၈)
### ဌာနမှူး၊ စစ်မှုထမ်းဆဲဌာန၊ တပ်မတော်မှတ်တမ်းရုံး
### အသက်(၉၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၇/D)၊ မေခလမ်းနေ (ဦးငွေသိန်း-ဒေါ်သိန်း)တို့၏သမီး၊ ဦးခင်မောင်အုံး၏ဇနီး၊ (ဒေါက်တာတင်မောင်အေး)-ဒေါက်တာဒေါ်ခင်မေသိန်းတို့၏ညီမ၊ (ဗိုလ်ကြီး မျိုးသိန်း)-ဒေါ်ခင်စုစုမျိုးတို့၏အစ်မ၊ ဦးဝေလင်းထွဋ်- ဒေါ်ယမင်း၊ ဦးဗညားနိုင်-ဒေါ်သော်တာအေး၊ ဦးသက်နိုင်ဝင်း-ဒေါ်ရူပါ၊ (ဦးသတိုး)တို့၏ ချစ်လှစွာသောမိခင်၊ သက်ဝေလင်းထွဋ်၊ သော်ထွန်းနိုင်၊ စည်သူနိုင်၊ မင်းသန့်နိုင်တို့၏အဘွားသည် ၂၆-၅-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇:၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးမြင့်စိုး(မြန်မာကီတိုဖိနပ်လုပ်ငန်း)
### အထက (သုဝဏ္ဏ)ကျောင်းသား၊
### ကျောင်းသူဟောင်းများအသင်း(နာယက)
### အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စုပေါင်းရပ်ကွက်၊ သစ်ယာပင်လမ်း၊ အမှတ်-၂၂ နေ (ဦးစံငြိမ်း)-ဒေါ်ခင်လှတို့၏သား၊ (ဦးတင်မောင်ဝင်း)-ဒေါ်ငွေးရီတို့၏သားသမက်၊ ဒေါ်စန်းစန်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ မလွင်လွင်ခိုင်၊ မနှင်းနှင်းအောင်၊ ကိုအောင်ကိုကို-မရွှေရည်ဝင်း၊ မောင်ညီညီနိုင်တို့၏ဖခင်ကြီးသည် ၂၆-၅-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၈-၅-၂၀၂၁ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၂၁ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ရေချမ်းစင် ဒါယကာကြီး
## ဦးအေးသန်း(ပြန်/ဆက်-ငြိမ်း)
### စာရေးဆရာ ကြည်ပြာအေး
### (၂၈-၅-၂၀၂၀)(၂၈-၅-၂၀၂၁)

ကျေးဇူးရှင် ဖခင်ကြီး မိသားစုနှင့် ခွဲခွာသွားတာ(၂၈-၅-၂၀၂၁)ရက်ဆို (၁)နှစ်ပြည့်ပြီဖြစ်သော်လည်း နေ့စဉ်သတိရဆဲပါ။ လစဉ်(၂၈)ရက်တိုင်း ဖခင်ကြီးအားရည်စူး၍ ပြုလုပ်ခဲ့သော ကောင်းမှု အစုစုကို အမျှပေးဝေငှပါသည်။ ဖခင်ကြီး ဦးအေးသန်းမြင့်မြတ်သော ဘုံဘဝမှ သာဓု - သာဓု - သာဓု ခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး
ဒေါ်သန်းရွှေ(မိသားစု)

# အကြမ်းဖက်ဆူပူသောင်းကျန်းသည့်အဖွဲ့များက စာသင်ကျောင်းများအားဖုံးဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့်လုပ်ဆောင်မှုများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် မေ ၂၇**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝမြှင့်တင်နိုင်ရန် အခြေခံလိုအပ်ချက်သည် ပညာရေးကဏ္ဍမြှင့်မားရေးဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေး ကမ္ဘာ့နိုင်ငံတိုင်းက ပညာရေးကို အလေးပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် Covid- 19 ကမ္ဘာ့ကပ် ရောဂါကြောင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အား ကျောင်းများပိတ်၍ ရပ်နားခဲ့ရသဖြင့် နိုင်ငံတော်၊ ကျောင်းသားမိဘနှင့် ကျောင်းသားကျောင်းသူများအတွက် ပညာသင်နှစ် တစ်နှစ်တာ နစ်နာဆုံးရှုံးခဲ့ရပြီး

စာမျက်နှာ ၁၈ ကော်လံ ၁ ❍



ဖလမ်းမြို့နယ် တလန်လိုရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။



## ခရီးသွားမိဘပြည်သူများ လိုက်ပါစီးနင်းလာသည့် မန္တလေး-ရန်ကုန် အစုန်မီးရထားအား မိုင်းထောင်ဖောက်ခွဲခဲ့ခြင်း နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

စာမျက်နှာ-၈


အကြမ်းမဖက် ဆက်ဆံကာ လူ့ဘောင်သစ်ဆီ ချီတက်ပါစို့ စာ-၉

ကလေးအရွယ်ကတည်းကပင် လက်ထပ်ပေးခြင်းခံနေရသည့် ယီမင်မိန်းကလေးငယ်များ စာ-၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၈၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ စာ-၂၃


# ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား လက်ကျန်ပွဲများ ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်း လူစာရင်းထုတ်ပြန်

**ရန်ကုန် မေ ၂၇**

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများယှဉ်ပြိုင်ကစားရန် မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်လူစာရင်းကို မေ ၂၇ ရက်က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း လူစာရင်းကို ဂျပန်နှင့်ပွဲမတိုင်မီ တစ်ရက်အလိုမှ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ကစားသမား ၂၄ ဦး ရွေးချယ်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အမာခံကစားသမားအများစု ပါဝင်လာခြင်းမရှိဘဲ ကစားသမားသစ်အချို့ လက်ရွေးစင်အသင်းတွင် ပထမဆုံး ရွေးချယ်ခံခဲ့ရသည်။ ပြည်ပကလပ်များတွင်

*စာမျက်နှာ ၉ ကော်လံ ၁* ▼

# ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု (F) လက်ကျန်ပွဲအဖြစ် ဂျပန်နှင့် မြန်မာအသင်း ယနေ့ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂၇**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ဒုတိယအဆင့်လက်ကျန်ပွဲများကို မေ ၂၈ ရက်မှစတင်ကာ ပြန်လည်ကျင်းပမည်ဖြစ်ပြီး အုပ်စု (F) ပွဲစဉ်အဖြစ် ဂျပန်လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပွဲကို မေ ၂၈ ရက် (ယနေ့) မြန်မာစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ဂျပန်နိုင်ငံ ချီဘာမြို့ရှိ ဖူကူဒါဒန်ရှိကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဂျပန်လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ပွဲမှာ နှစ်သင်းစလုံးအတွက် အရေးပါနေပြီး မြန်မာအသင်းအနေဖြင့် ရမှတ်ရယူနိုင်ရန် မလွယ်ကူသဖြင့် ပေးဂိုးနည်းရန် သာ ကြိုးပမ်းရမည်ဖြစ်သည်။ အမာခံ ကစားသမားအများစု ပါဝင်လာခြင်းမရှိသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဂျပန်အသင်းကို ခက်ခက်ခဲခဲ ရင်ဆိုင်ရဖွယ်ရှိနေသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ◆

# ဒီဂီယာ၏ ပယ်နယ်တီလွဲချော်မှုကြောင့် မန်ယူအသင်း ဗီလာရီးရဲကို ရှုံးနိမ့်ပြီး ယူရိုပါလိဂ်ဖလားနှင့် ဝေးကွာခဲ့ရ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ဗိုလ်လုပွဲအဖြစ် ဗီလာရီးရဲအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို မေ ၂၇ ရက် နံနက်ပိုင်းက ပိုလန်နိုင်ငံ Gdansk အားကစားကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ သာမန်ပွဲချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပြီး ပယ်နယ်တီတွင် ဗီလာ ရီးရဲအသင်းက ၁၁ ဂိုး-၁၀ ဂိုးဖြင့် မန်ယူအသင်းကို အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်တွင် ဗီလာရီးရဲအသင်းသည် ရူလ်လီ၊ ဖိုသ်၊ တောရက်စ်၊ ပီဒရာဇာ၊ ကာပိုအူ၊ ပါရီဂျို၊ မိုရီနို၊ ဘက္ကာစသည့် အဓိက ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ မန်ယူအသင်းက ဒီဂီယာ၊ ရှော၊ လင်ဒီလော့ဖ်၊ ဘိုင်လီ၊ ပေါ့ဂ်ဘာ၊ တွန်မီနေး၊ ဖာနန်ဒက်ဇ်၊ ဂရင်းဝုဒ်၊ ကာဗာနီစသည့် အားထားရသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

မှတ်တမ်းသစ်ရေးထိုးရန် အကောင်းဆုံးပြင်ဆင်လာသည့်အတွက် ပွဲစသည်နှင့်တစ်ပြိုင်နက် ပြိုင်ဆိုင်မှုပြင်းထန်လာခဲ့သည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ✻



ဗီလာရီးရဲ အသင်းသားများ ယူရိုပါလိဂ်ဖလားရယူပြီးနောက် အောင်ပွဲခံနေစဉ်။